
www.burmeseclassic.com

# ကုသ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၁၂၉၃/၂၀၀၄(၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀ ၂၉၀၅၀၃

မျက်နှာဖုံးဒီဇိုင်း - ဝေလမင်းဝေ

ထုတ်ဝေသူ

ဦးလှိုင်ဝင်းမိုး (မြ-၀၁၉၀၀)

၃၃/ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးထွန်းလင်း (စိုးဝပုံနှိပ်တိုက်)

အမှတ်-၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

အတွင်းဖလင်

ကိုဦးနှင့်ညီများ

စာအုပ်ချုပ်

ကြက်တူရွေး

ဖြန့်ချိရေး

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ မေလ

အုပ်ရေ - (၅၀၀)

တန်ဖိုး - ၅၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဒေါက်ခဲ | - ၅ |
| ၂။ | နိုင်ငံပန်းလှ၏အမှာ | - ၁၄ |
| ၃။ | ဘုန်းကြီးကျောင်းသား | - ၂၀ |
| ၄။ | မွူဝံကြွယ် | - ၂၉ |
| ၅။ | ခွေးချေးမုန့် | - ၃၅ |
| ၆။ | ဖွတ်သားဟင်း | - ၃၈ |
| ၇။ | ရှာန်ပျံကိုယ်တော် | - ၄၄ |
| ၈။ | မြင်းချေးတုံး | - ၄၈ |
| ၉။ | ကလေးကိုကောင်းကောင်းကြည့် | - ၅၀ |
| ၁၀။ | ဘုရင့်ထံပါး | - ၅၆ |
| ၁၁။ | ကြက်ငယ်ပြဿနာ | - ၅၈ |
| ၁၂။ | ကျွဲသားငယ် | - ၆၂ |
| ၁၃။ | ဟန်ကိုယ့်ဖို့ | - ၆၇ |
| ၁၄။ | သီဟိုဠ်အမတ်ပုဏ္ဏာ | - ၇၀ |
| ၁၅။ | သတ္တဝါဆယ်ကောင် | - ၇၄ |
| ၁၆။ | ကလေးကြီး | - ၇၇ |
| ၁၇။ | ကြာခိုသူမောင်းမငယ် ၅-ယောက် | - ၈၃ |
| ၁၈။ | တိုးတိုးလျှောက် | - ၈၆ |
| ၁၉။ | ဝက်လိုစားသောဘုရင် | - ၈၉ |
| ၂၀။ | ကျင်ငယ်တွေယို ကျင်ကြီးတွေစွန့် | - ၉၆ |
| ၂၁။ | လန္ဒစ်လ | - ၁၀၁ |
| ၂၂။ | ကြက်ထီးရှိမှ ကြက်မဥနိုင်မည် | - ၁၀၄ |
| ၂၃။ | ဥတည်ဘွား | - ၁၀၈ |
| ၂၄။ | သေခြင်းနောက်ဆုံး | - ၁၁၆ |


www.burmeseclassic.com

www.burmeseclassic.com

# ဝေါဿီဝဲ

ပြည်ထောင်စုမြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူးစီစဉ်သည့် ပြည်ထောင်စု မွန်ယဉ်ကျေးမှုပြပွဲပြိုင်ပွဲကြီးကို ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃-ရက် မှ ၁၉-ရက် အထိ၊ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁-ရက် မှ ၇-ရက်အထိ၊ မော်လမြိုင်၊ အာဇာနည်ကျောက်တိုင်ကြီး၏ ပတ်ဝန်းကျင် မိုင်ဒါကွင်းကြီးပေါ်၌ ကျယ်ဝန်းခမ်းနားသိုက်မြိုက်ဝေဆာစွာ ဆင်ယင် ကျင်းပခဲ့ပေသည်။

BURMESE CLASSIC

မွန်အမျိုးသားများ၏ ယဉ်ကျေးမှုအနုပညာလက်ရာများနှင့် မွန်တို့၏ ဘာသာစာပေ၊ လက်မှုပညာရပ် စသည်တို့ကို အားပေးချီးမြှင့် မြှောက်စားလိုသောကြောင့် အထက်ပါ မွန်ယဉ်ကျေးမှု ပြပွဲပြိုင်ပွဲများကို ၁၂-ရပ် ပိုင်းခြားကာ ကျင်းပယှဉ်ပြိုင်စေခဲ့သည်။

ကျွန်ုပ်တော်မှာ မွန်ရှေးဟောင်းပစ္စည်းများ ပြပွဲပြိုင်ပွဲများအပြင် မွန်ယဉ်ကျေးမှုနှင့် ပတ်သက်သော စာအုပ်၊ စာစီစာကုံး၊ ပန်းချီနှင့် ဓာတ်ပုံများ ပြပွဲပြိုင်ပွဲ ၂-ရပ်တို့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံရ သည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုစဉ်က မော်လမြိုင်မြို့၊ မော်တင်လိမ်း ဖုပ်ဆင်ကျောင်းတွင် ယာယီဖွင့်လှစ်ထားရှိသည့် ဥပစာကောလိပ်ကျောင်း အုပ်ကြီးအဖြစ် ထမ်းဆောင်နေရင်း မောင်လမြိုင်လေဆိပ်အနီးတွင် ယခု လက်ရှိ ၃၃-သိန်းတန် ထာဝရကောလိပ်ကျောင်းအဆောက်အအုံကြီး ရုပ်လုံးပေါ်လာရန် သုညမှ အခြေတည်ကာ 'စားမဦးချ' ကြိုးပမ်းနေဆဲ အခါလည်း ဖြစ်ပေသည်။

အထက်ပါ ယဉ်ကျေးမှုပြပွဲကြီးရက်မတိုင်မီ သတ်မှတ်ထားသော အချိန်ကာလအတွင်း၌ ကျွန်တော့်ထံသို့ ပြပွဲဝင်ပွဲဝင်ရန် ပစ္စည်းအမျိုး မျိုး၊ စာပေအစောင်စောင်နှင့် ဓာတ်ပုံပန်းချီကားများကို လာရောက်ပေး အပ်ကြရာ အတော်ပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ တစ်နေ့တွင် မော်လမြိုင်ခရိုင်၊ ဘားအံမြို့အနီးရှိ ထုံးအိုင်ရွာမှ မွန်ပေစာတစ်ထုပ်ကို လာရောက်ပေးအပ်ရာ ကျွန်တော်ငယ်စဉ်ကတည်းကပင် ဖတ်ချင်လွန်း လှ၍ လိုချင်တောင့်တခဲ့သော စာပေထူးတစ်စောင်ဖြစ်နေသည်ကို အံ့ဩ ဝမ်းမြောက်စွာ တွေ့သိရတော့သည်။

ထိုစာပေများမှာ အခြားမဟုတ်၊ မွန်ဘာသာဖြင့် ရေးသားထား သည့် မွန်လောကတွင် ယနေ့တိုင်ပြောစမှတ်ပြုနေရသော 'မွန်လူရည် ချွန်' (ဒေါက်ခဲ)ဆိုသူ၏ ဘဝဖြစ်စဉ်တို့ကို အသေးစိတ် ဖော်ပြထားသည့် ပေစာထူးတစ်စောင် ပေပင်တကား။

ကျွန်တော်သည် ငယ်စဉ်အခါက မော်လမြိုင်မြို့၊ ပန်းပဲတန်း ရပ်ရှိ ကျွန်တော်၏အဘိုးဖြစ်သူ (အငြိမ်းစားတိုက်သူကြီး) ဦးရွှေချို၏ နေအိမ်တွင် နေထိုင်လျက် ရှင်မဟာဗုဒ္ဓဃောသကျောင်းသို့ တက်ရောက် ကာ စာပေသင်ကြားခဲ့ရစဉ် ကျွန်တော်၏အဘိုးသည် အထူးသဖြင့် ညချမ်းအချိန်များ၌ ကျွန်တော်တို့ စာကျက်နေရာသို့ မကြာမကြာ လာရောက်ပြီးလျှင် စားပွဲကြီးဘေးတွင် ဝိုင်းဖွဲ့၍ စာကျက်နေကြသော မိမိသားနှင့် မြေးများအား 'မွန်လူရည်ချွန်' (ဒေါက်ခဲ)၏ အတ္ထုပ္ပတ္တိဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ်တို့ကို ပြောဆိုလင်းပြကာ အပြုံးဆေး တိုက်ကျွေးလေ့ရှိတတ်သည်များကို ကျွန်တော်သည် ယနေ့တိုင် မမေ့နိုင်သေးပါ။ သို့ပါသော်လည်း ထိုစဉ်က ကျွန်တော်၏အဘိုး ဖောက်သည်ချခဲ့သော (ဒေါက်ခဲ)နှင့် ပတ်သက်သမျှ အကြောင်းသနစ်စုံတို့မှာ ယခုသော်မူ မေ့ပျောက်လုမတတ်ပင် ရှိနေချေပြီဖြစ်ရာ (ဒေါက်ခဲ)အကြောင်းများကို အစမှအဆုံးသေချာစွာ ရေးသားဖော်ပြထားသည့် အထက်ပါပေစာကို ရရှိလိုက်သည်တွင် ဝမ်းအမြောက်ကြီး မြောက်မိပါတော့သည်။

သို့ဖြစ်ပါသောကြောင့် ယင်းပေမူ မွန်ဘာသာဖြင့် ရေးသားထားသည့် 'ဒေါက်ခဲ'၏ ဘဝဖြစ်စဉ်များကို မြန်မာဘာသာဖြင့် မှီး၍ ဆီလျော်အောင် ပြန်ဆိုရေးသား ဖော်ပြပါတော့မည်။ စာရှုပရိသတ်အပေါင်းတို့ သည် ပျော်ရွှင်ကြည်မွေ့ ဘဝင်ခွေ့ပြီးလျှင် ရှေးမွန်လောက မွန်ပတ်ဝန်း ကျင်၊ မွန်အတွေးအခေါ် ဓလေ့၊ သဘောစရိုက်များနှင့် မိတ်ကျွမ်းဝင်ကြ သည်သာ ဖြစ်ပါစေသတည်း။

* မွန်ဘာသာတွင် 'အဒက်ခေဝ်' ဟုရေးသည်။ 'ဒေါက်ခဲ' ဟုအသံထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤဒေါက်ခဲ၏ အမည်ကို မွန်လောကတွင် မသိသူ၊ မကြားဖူးသူ အလွန်ရှားပေသည်။ 'ဒေါက်ခဲ'အကြောင်းကို ပြောလျှင် မွန်လူမျိုးတိုင်း ပြုံးကြ၊ ရယ်ကြမည်သာတည်း။ သူတို့သည် 'ဒေါက်ခဲ'ကို ချစ်လည်းချစ်၏။ မုန်းလည်း မုန်း၏။ ရွံလည်းရွံ၏။ အမြင်လည်းကတ်၏။ သနားလည်း သနား၏။ ချီးလည်း ချီးကျူး၏။ အထင်လည်းကြီး၏။ အဘယ်ကြောင့် ဆိုသော် ဒေါက်ခဲသည် ပညာရှိ၏။ အလွန်မာယာကြွယ်၏။ ကလိမ်ကျ၏။ မည်သူ့မျက်နှာကိုမျှ မထောက်ထားတတ်။ တခ်နုပ္ပတ္တိဉာဏ်ဖြင့်လည်း ပြည့်စုံ၏။ သူတစ်ပါးကို ချောက်တွန်းတတ်၏။ ကလဲ့စားချေတတ်၏။ အခက်အခဲများနှင့် တွေ့ကြုံလျှင်လည်း ကောင်းမြတ်သောအကြံဉာဏ်များကို သူမတူအောင် ပေးနိုင်စွမ်း၏။ မိမိမှန်သည်ထင်လျှင် မည်သူ့ကိုမျှ အားမနာဘဲ ဇွတ်တရွတ် ထင်ရာလုပ်တတ်၏။ အရွဲ့တိုက်တတ်၏။

သို့နှင့်အမျှ မွန်လူထုသည် 'ဒေါက်ခဲ'ဘဝဖြစ်စဉ်၌ ကောင်းကိုးဆိုးပြစ်များကို လွှမ်းခြုံ၍ မကြာခဏ ဝေဖန်လေ့ရှိ၏။ 'ဒေါက်ခဲ'၏ ဆိုးပြစ်များကို မြင်သူများက 'ဒေါက်ခဲ'သည် ယနေ့တိုင် အဝီစိငရဲတွင် အရပ်အနားမရှိဘဲ မဟာဒုက္ခအသွယ်သွယ်တို့ကို ခံစားနေရပြီဖြစ်၍ ယင်း

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ငရဲမှ ဘယ်သောအခါတွင်မျှ လွတ်မြောက်ခွင့် ရနိုင်တော့မည် မဟုတ်ဟု တညီတညွတ်တည်း ထင်မြင်ချက်ပေးနေကြသည်။ အချို့ကမူ ဒေါက်ခဲသည် အဝီစိငရဲတွင် ဒုက္ခမျိုးစုံတို့ကို ခံစားနေရပြီဖြစ်ရာ သူ၏ ရှုပ်ပွေခဲ့ပုံအကြောင်းများကို တစ်နေ့မှမပြောဘဲ အောင့်အည်းသည်းခံပြီး နေနိုင်ကြလျှင် သူသည် မုချငရဲမှ လွတ်မြောက်နိုင်ခွင့် ရလိမ့်မည်ဟူ၍ပင် ထင်မြင်ချက်ပေးလေ့ ရှိကြတော့သည်။ ထို့ကြောင့် 'ဒေါက်ခဲ'ကို မုန်းသူများသည် ၎င်းအကြောင်း ပြောပြရန် ဝန်မလေးဘဲ၊ ချစ်သနားသူတို့မှာကား ၎င်းအကြောင်းကို စုံးစဉ်းမျှ မပြောလိုကြတော့ဘဲ တတ်နိုင်သမျှ နှုတ်စောင့်စည်းကြ၏။ မည်သို့ပင် ရှိစေကာမူ ဒေါက်ခဲသည် မွန်လူရည်ချွန်တစ်ယောက်ဖြစ်ကြောင်းကိုကား မွန်လူမျိုးတိုင်းကပင် ဝန်ခံချီးကျူးကြပေတော့သည်။

ထူးဆန်းချက်တစ်ရပ်မှာ 'ဒေါက်ခဲ'၏ အကြောင်းဖြစ်ရပ်များမှာ မွန်တို့နယ်ပယ်တွင်သာမက ယိုးဒယားပြည်တွင်လည်း အထူးကျော်ကြား လူကြိုက်များလျက်ရှိကြောင်း အသေအချာ ကြားသိရတော့သည်။ သို့ရာတွင် 'ဒေါက်ခဲ'မှာ ယိုးဒယားပြည်တွင် မူလ 'ဒေါက်ခဲ'အမည်ဖြင့် မထင်ပေါ်ဘဲ 'စီတန္ဒွန်းချိုင်'ဟူသော ယိုးဒယားအမည်ဖြင့်သာ လူသိများ နေတော့သည်။ ယိုးဒယားများကမူ 'စီတန္ဒွန်းချိုင်' (ဝါ) 'ဒေါက်ခဲ'သည် မွန်လူမျိုးမဟုတ်ဘဲ ယိုးဒယားလူမျိုးအစစ်သာ ဖြစ်ကြောင်းနှင့် တစ်ယူသန်ပြောဆိုဂုဏ်ယူနေကြ၏။ မွန်လူမျိုးများကမူ 'ဒေါက်ခဲ'သည် မွန်လူမျိုးအစစ်သာဖြစ်ကြောင်းနှင့် တစ်ထစ်ချ ယုံမှတ်မော်ကြွား ဂုဏ်ယူလျက်ရှိနေကြတော့သည်သာ။

အကယ်စင်စစ်၌ကား 'ဒေါက်ခဲ'မှာ မွန်လူမျိုးအစစ်သာ ဖြစ်ရပေမည်။ မြန်မာရာဇဝင်တစ်လျှောက်တွင် မွန်နှင့်မြန်မာမင်းများ မကြာခဏစစ်ခင်းခဲ့ကြရာ နောက်ဆုံး အလောင်းမင်းတရားကြီးနှင့် စစ်ခင်းသည့် တွင် မွန်မင်းသည် စစ်ရေးရှုံးနိမ့်သွားသည်နှင့်အမျှ များလှစွာသော မွန်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးတို့သည် ယိုးဒယားပြည်တွင်းသို့ ဝင်ရောက်ကူးပြောင်း ခိုလှုံနေထိုင်ရန် သွားကြစဉ်က မွန်စာပေပုရပိုက်များနှင့်တကွ မွန်ယဉ်ကျေးမှု လက်ရာအများအပြားကိုလည်း သူတို့နှင့်တပါတည်း ယူဆောင်သွားကြတော့သည်။

ရှေးဟိန္ဒူဘာသာဝင်များသည် အိန္ဒိယပြည်မှ ထွက်ခွာ၍ နယ်သစ်များ ရှာကြစဉ်က ၎င်းတို့သည် အထူးထင်ပေါ်ကျော်ကြားလှသော မဟာဘာရထဇာတ်တော်လာ ရာမဝတ္ထုတော်ကြီးကို ကျွားဝါး၊ ပသျှူး၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် မြန်မာစသည့် တိုင်းပြည်များအတွင်းသို့ ယူဆောင်လာခဲ့ကြလေသည်။ ထို့အတူ မြန်မာပြည်အောက်ပိုင်းရှိ ရှေးမွန်လူမျိုးများသည်လည်း အလောင်းမင်းတရားကြီး၏ လက်အောက်တွင် ဆက်လက်နေထိုင်ရန် မပျော်မွေ့ကြသောကြောင့် ယိုးဒယားပြည်တွင်းသို့ ဝင်ရောက်နေထိုင်ကြစဉ် ၎င်းတို့သည် ထိုစဉ်က မွန်လောကတွင် ထင်ပေါ်ကျော်ကြား လူကြိုက်များလှသော ဤဒေါက်ခဲပုံပြင်ကို ယူဆောင်သွားကြရာမှ ယင်းပုံပြင်သည် ယိုးဒယားပြည်တွင်း၌ အထူးပျံ့နှံ့ကျော်ကြားသွားလေတော့သည်။

* ကမ္ဘောဒီးယားနှင့် လောပြည် ၂-ပြည်တို့တွင်လည်း 'ဒေါက်ခဲ' မွန်ပုံပြင်နှင့် တစ်သဝေမတိမ်းတူသော ပုံပြင်အသီးသီး ရှိကြကြောင်းသိရသည်။

*



www.burmeseclassic.com

www.burmeseclassic.com



—

လူကြိုက်များလှသော ရာမဇာတ်တော် ရောက်ပေါက်သွားရာ ဂါးဝါး၊ ပသျှူး၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် မြန်မာပြည်များရှိ လူများသည် ယင်းဇာတ်တော်လာ ဇာတ်လိုက်များကို မိမိတို့လူမျိုးများဟူ၍ တစ်ယူသန် ထင်မှတ်ယုံကြည် ဂုဏ်ယူမော်ကြွားခဲ့ကြသည့် နည်းတူ ဤမွန် 'ဒေါက်ခဲ' ပုံပြင်သည် ယိုးဒယားတွင်းသို့ ရောက်ပေါက်ပျံ့နှံ့ကျော်ကြား အထူးလူကြိုက်များလာရသည်နှင့်အမျှ ယင်းပုံပြင်ပါ ဇာတ်လိုက်များကို ယိုးဒယားလူမျိုးများက မိမိတို့လူမျိုးအဖြစ် တဖြည်းဖြည်း တစ်စစ ထင်မှတ်ယုံကြည် ဂုဏ်ယူဝင့်ကြွားလာကြပေတော့သည်။ သို့နှင့်အမျှ ဤမွန်'ဒေါက်ခဲ'သည် ယိုးဒယားပြည်တွင်းသို့ ရောက်ပေါက်သွားပြီးနောက် ယိုးဒယား (စီကန္တန်းချိုင်) ဖြစ်သွားတော့သတည်း။

ရန်ကုန်မြို့ ကုလားစာအုပ်ကုမ္ပဏီတစ်ခုမှ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့သော (စကားတောင်စား) ဝတ္ထုကို ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် ဖတ်ရှုဖူးရာ ထိုဝတ္ထုရေးဆရာ၏ ပင်ကိုဉာဏ်ကို ချီးကျူးမိ၏။ သို့ငြားလည်း 'ဒေါက်ခဲ'ပုံပြင်ကို အစမှအဆုံး ဖတ်မိတော့မှ ယင်းမွန်ပုံပြင်ထဲမှ အချို့သော အခန်းများကို ထိုစကားတောင်စား ဝတ္ထုရေးဆရာသည် ခိုးယူထားကြောင်း ထင်ရှားစွာ တွေ့ရှိရတော့သည်။ ယခုဖော်ပြလတ္တံ့သော ဒေါက်ခဲပုံပြင်ထဲမှ (မြင်းချေးတုံး)၊ (ကလေးကောင်းကောင်းကြည့်)၊ (တိုးတိုးလျှောက်)နှင့် (လ ၂-လ) အခန်းများပါ အကြောင်းများကို စကားတောင်စား ဝတ္ထုထဲတွင် ကူးယူထည့်သွင်းထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရကား ဤမွန် 'ဒေါက်ခဲ'ပုံပြင်မှာ (စကားတောင်စား)



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ၀တ္ထု၏ အမှီတံကဲကြီးပင် ဖြစ်ပေတော့သည်။

မြန်မာ့ပတ်ဝန်းကျင်၊ မြန်မာ့အတွေးအခေါ်များနှင့် လျောက်ပတ်ညီညွတ်အောင် မွန်ဘာသာမှ မြန်မာဘာသာသို့ မှီး၍ ကျွန်တော် ပြန်ဆိုရေးသားသည့် ဤ'ဒေါက်ခဲ'ပုံပြင်ကို အစကနဦး မည်သည့် နှစ်၊ လ၊ သက္ကရာဇ်တွင် မည်သည့် ပုဂ္ဂိုလ်က ရေးသားခဲ့ကြောင်း၊ ယနေ့အထိ ခိုင်လုံသော သက်သေသာဓက အထောက်အထားများ မတွေ့ရှိရသေးပါ။

သို့သော်လည်း ဤမွန် 'ဒေါက်ခဲ'ပုံပြင်ပေမူ၏အဆုံးတွင်ကား "ကျွန်ုပ် ဉာဏရံသီ ဘွဲ့အမည်ရှိသော ရဟန်းတော်သည် ရှေးလူဟောင်း အဆက်ဆက်တို့ထံမှ တစ်ဆင့်စကား တစ်ဆင့်နား ကြားသိခဲ့ရသော ဤဒေါက်ခဲပုံပြင်ကို စီစဉ်ရေးသားရာ သက္ကရာဇ် ၁၀၀၁ ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်နေ့တွင် ပြီးဆုံးအောင်မြင်ပါသတည်း။" ဟူ၍ ဝန်ခံ ရေးသားဖော်ပြထားသည်ကို ထောက်ဆသော်၊ ဤ'ဒေါက်ခဲ' ပုံပြင်ကို ရေးစီခဲ့သူမှာ 'ဉာဏရံသီ' ဘွဲ့ခံမွန်ရဟန်းတော်တစ်ပါးဖြစ်၍ 'ဒေါက်ခဲ' ပုံပြင် ပေါ်ပေါက်လာခဲ့သည်မှာလည်း နှစ်ပေါင်း ၃၀၀-ပင် ကျော်သွားပြီး ဖြစ်ကြောင်း ထင်ရှားလျက် ရှိတော့သည်။

ဤ အထက်ပါ မွန်ရဟန်းတော် (ရှင်ဉာဏရံသီ)က "ရှေးလူဟောင်း အဆက်ဆက်တို့ထံမှ တစ်ဆင့်စကား တစ်ဆင့်နား ကြားသိချက်အရ ဤဒေါက်ခဲပုံပြင်ကို ရေးသားရခြင်းဖြစ်သည်။" ဟူသော ဝန်ခံချက်ကို ထောက်ဆသော် 'ဒေါက်ခဲ'မှာ မွန်ရဟန်းတော် 'ရှင်ဉာဏရံသီ' ခေတ်မတိုင်မီ နှစ်ပေါင်းများစွာသော ကာလကတည်းကပင် ပေါ်ပေါက်လျက်ရှိနှင့် နေပြီဖြစ်ကြောင်းသိရ၏။ သို့ ပေါ်ပေါက်လျက်ရှိရာ မူရင်းစာပေမှာ အကြောင်းအမျိုးမျိုးကြောင့် တိမ်မြုပ်ပျောက်ကွယ်သွားရာမှ မွန်ရဟန်းတော် (ရှင်ဉာဏရံသီ)က မိမိ တစ်ဆင့်ကြားမှတ်ရသမျှတို့ကို ပြန်လည်အသက်သွင်းကာ စီစဉ်ရေးသားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ ထို့ပြင်လည်း ယင်းမွန်ရဟန်းတော် ရှင်ဉာဏရံသီမှာ မည်သည့်မြို့ရွာဒေသတွင်



www.burmeseclassic.com

www.burmeseclassic.com



မွန်မင်းလက်ထက်တော်၌ ဤ'ဒေါက်ခဲ'ပုံပြင်ကို ပြန်လည်ရေးသားအသက်သွင်းတော်မူခဲ့ကြောင်း စိုးစဉ်းမျှ မသိလိုက်ရသောကြောင့် ဝမ်းနည်းဖွယ်ရာ ကောင်းတော့သည်။

မည်သို့ပင်ရှိစေကာမူ ဤမျှဟောင်းနွမ်းလှသော ရှေးမွန်ပုံပြင် တစ်ပုဒ်သည် ပျောက်ကွယ်၍မသွားဘဲ ပြန်လည်ပေါ်ထွန်းလာပြီး စာပေလောကတွင် ထင်ရှားစွာ တည်နေသင့်သည်ဟု လေးနက်စွာ ထင်မြင်မိပါတော့သည်။

သို့နှင့်အမျှ မွန်လူရည်ချွန် 'ဒေါက်ခဲ'သည် မွန်လူမျိုးအချို့တို့ ထင်မှတ်ယုံကြည်နေကြသလို အဂီစိငရဲတွင် ကျရောက်ခံစားနေရသေး သည်ဖြစ်ပါက ယင်းငရဲကြီးမှ အမြန်လွတ်မြောက်ပါစေသတည်း။ သို့ လွတ်မြောက်လာပြီးနောက် ကောင်းရာသုဂတိသို့ မုချမသွေ လားရပါစေ သတည်း။

မူရင်းမွန်ဘာသာမှ မြန်မာဘာသာသို့ စကားပြေ ပြန်ဆိုရေးသားအပ်သော ဤ'ဒေါက်ခဲ' မွန်ဟာသပုံပြင်စာမူကို အထူးအပင်အပန်းခံကာ မနေမနား တည်းဖြတ်၍ လိုအပ်သော အကြံဉာဏ်နှင့် အကူအညီများကို ပေးခဲ့ပေသော ရန်ကုန်မြို့ ရွှေဟောင်းမွန်စာပေနှင့် ယဉ်ကျေးမှု ဌာန၊ မွန်ယဉ်ကျေးမှု အထက်တန်းအရာရှိ နိုင်ပန်းလှအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း. . .။

တုသ (ဦးတိုးအောင်)
(အငြိမ်းစား) မော်လမြိုင်ကောလိပ်ကျောင်းအုပ်ကြီး
အမှတ်(၂)၊ အင်းယားမြိုင်လမ်း၊
ရန်ကုန်မြို့၊



www.burmeseclassic.com

www.burmeseclassic.com

## နိုင်ပန်းလှ၏ အမှာ

'ကုသ'ဟူသော ကလောင်အမည်ဖြင့် မြန်မာနိုင်ငံ စာပေလောကတွင် ယနေ့တိုင် ထင်ပေါ်ကျော်ကြားလျက်ရှိသော (အငြိမ်းစား) မော်လမြိုင်ကောလိပ် ကျောင်းအုပ်ကြီးဖြစ်သူ (ဗိုလ်မှူးဟောင်း) ဦးတိုးအောင် M.A. (HONS.) F.R.G.S, F.R.H.S သည် မွန်အမျိုးသားတစ်ဦး ဖြစ်သည်။

ဆရာကြီး 'ကုသ'သည် ဒုတိယကမ္ဘာစစ်ကြိုခေတ်အတွင်း တက္ကသိုလ်ခေတ်စမ်း စာပေပျိုးထောင်စဉ်အခါကတည်းကပင် ကိုယ်တိုင်ပါဝင်ကာ ဟာသနှင့် သရော်စာများကို ရေးသားလာခဲ့ရင်း နာမည်ကျော်ကြား လူကြိုက်များခဲ့ပေသည်။

ဆရာကြီးသည် ငယ်စဉ်အခါကပင် မွန်ပုံပြင်များကို မိမိအဘိုးဖြစ်သူထံမှ အခါအားလျော်စွာ ကြားနာခဲ့ရတိုင်း လွန်စွာမှပင် ကြည်ရွှင်အားရ နှစ်လိုခြင်း ဖြစ်မိကြောင်း သိရှိရသည်။ သို့နှင့်အမျှလည်း ဆရာကြီးသည် တိမ်မြုပ်နေသော ကျယ်ပြန့်လှသည့် မွန်စာပေနယ်ပယ်များထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုးရာရာပုံပြင်နှင့် စာပေဗဟုသုတများကို ထုတ်နုတ်ဖော်ပြရန် ငယ်စဉ်အခါကပင် လွန်ကဲသော အာသီသဆန္ဒများ ဖြစ်ပေါ်နေခဲ့ကြောင်း သိရသည်။

ဆရာကြီးသည် ယင်းအာသီသအတိုင်း မွန်တစ်လောကလုံးတွင် ယနေ့တိုင် မမေ့ပျောက်နိုင်သေးဘဲ တဝေါဝေါ ဝါးလုံးကွဲရယ်မောနေကြရသည့် (အဒက်ခေစ်)ဟာသပုံပြင်ဝတ္ထုသွားကို မော်လမြိုင်ခရိုင်၊ ထုံးအိုင်ရွာမှ ရရှိခဲ့သော ပေမူပါ မွန်ဘာသာဖြင့် ဖွဲ့ဆိုထားသည့် (လေးလုံးစပ်)ပို့ကဗျာ စာစောင်ကို မှီ၍ မြန်မာဘာသာသို့(ဒေါက်ခဲ)ဟူသော အမည်ဖြင့် စကားပြေ ပြန်ဆိုရေးသားခဲ့ခြင်း ဖြစ်ပေသည်။

ယင်းဒေါက်ခဲ မွန်ပုံပြင်၏ ထူးခြားချက်မှာ သီးခြားသော ပုံပြင်တိုများကို စုပေါင်းဖော်ပြထားခြင်း မဟုတ်ဘဲ၊ မွန်လူရည်ချွန် ဒေါက်ခဲ၏ ဘဝဖြစ်စဉ်များကို မွေးဖွားသည်မှ သေဆုံးသည်အထိ တစ်ဆက်တည်း အလျဉ်မပြတ်စေဘဲ ဖော်ပြထားသည်ဖြစ်ရကား စာရှုပရိသတ်များသည် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး၏ အတ္ထုပ္ပတ္တိ တစ်စောင်တစ်ဖွဲ့ကို အစမှ အဆုံးတိုင် ဖတ်ရှုရသည်နှင့် မခြားလှတော့ပေ။

ဆရာကြီးကုသသည် ဤဒေါက်ခဲ မွန်ဟာသပုံပြင်ကို ၁၉၂၀-ခုထုတ်၊ ရန်ကုန်ယူနီဗာစီတီကောလိပ် မဂ္ဂဇင်းတွင်လည်းကောင်း၊ လွန်ခဲ့သော ၁၀-နှစ်ကျော်ခန့်တွင် ရန်ကုန်မြို့ ယဉ်ကျေးမှုဌာနမှ ထုတ်ဝေခဲ့သော ယဉ်ကျေးမှုစာစောင်များတွင် လည်းကောင်း၊ မော်လမြိုင်မြို့မှ ၁၉၆၁-ခုနှစ်တွင် ထုတ်ဝေခဲ့သော 'တိုင်း'မဂ္ဂဇင်းစာစောင်များတွင်လည်းကောင်း တစ်ပိုင်းတစ်စ ရေးသားဖော်ပြခဲ့သည်များကို ကျွန်တော်ဖတ်ခဲ့ရသည်။

ဆရာကြီးသည် ဤဒေါက်ခဲ ဟာသပုံပြင်ကို စာစောင်တစ်ဖွဲ့အဖြစ် ထုတ်ဝေဖြန့်ချိရန် ရည်ရွယ်လျက်ရှိသည့် အားလျော်စွာ ယင်းပုံပြင်စာမူကို ကျွန်တော့်ထံတွင် ရှိနေသော 'ဘားနတ်'စာကြည့်တိုက် စာမူနှင့် တိုက်ဆိုင်ညှိနှိုင်း တည်းဖြတ်ပေးရန် ကျွန်တော့်အား မေတ္တာရပ်ခံခဲ့သည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သို့အားလျော်စွာ ကျွန်တော်သည် ဆရာကြီး၏ ဘာသာပြန်ဆိုချက်များကို ဘားနတ်စာကြည့်တိုက်မှ ကူးယူထားသော မွန်ဘာသာ (လေးလုံးစပ်)ပျို့ကဗျာစာမူနှင့် တိုက်ဆိုင်ညှိနှိုင်းကြည့်ရာ အမှားအယွင်းမရှိသလောက်ပင် ကိုက်ညီသည်ကို ဝမ်းမြောက်စွာ တွေ့ရှိရသည်။

သို့ရာတွင် မပြောပလောက်သော ကွဲလွဲချက်အချို့တို့ကိုကား အောက်ခြေမှတ်ချက်အဖြစ် ဖော်ပြထားသည်။

ဘားနတ်စာကြည့်တိုက်မှ စာမူတွင် ဣ (အဒက်ခေဝ်) ဝါ (ဒေါက်ခဲ)ပျို့ကဗျာကို မွန်ရဟန်းတော် 'အရှင်ဉာဏရံသီ'က ရေးခဲ့သည်ဟု ဖော်ပြထားသော်လည်း ပြီးဆုံးသည့် သက္ကရာဇ်ကိုကား ဖော်ပြထားခြင်း မရှိပေ။

ဆရာကြီး 'ကုသ' မှီး၍ ပြန်ဆိုရေးသားထားသော ထုံးအိုင်ရွာမှ ပေမူတွင်ကား "ရှေးသူဟောင်း အဆက်ဆက်တို့ထံမှ တစ်ဆင့်စကား တစ်ဆင့်နား ကြားသိချက်အရ "သက္ကရာဇ် ၁၀၀၁-ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်နေ့တွင် ပြီးဆုံးအောင်မြင်စွာ စီကုံးရေးသားခဲ့သည်" ဟု ဖော်ပြထားကြောင်း ဝမ်းမြောက်စွာ သိရှိရတော့သည်။

သို့ဖြစ်ရကား ဣ 'အဒက်ခေဝ်' မွန်ဟာသပျို့ကို မွန်ရဟန်းတော် အရှင်ဉာဏရံသီ ရေးစီခဲ့သည်မှာ နှစ်ပေါင်း သုံးရာပင် ကျော်သွားပြီဖြစ်ရာ လွန်စွာရှေးကျလှသော မွန်ဟာသပျို့တစ်စောင်ကို တိမ်မြုပ်ပျောက်ကွယ်မသွားစေဘဲ မြန်မာဘာသာသို့ စကားပြေဖြင့် ပြန်လည်ရေးသားအသက်သွင်းပေးနိုင်ခဲ့သော ဆရာကြီး 'ကုသ'အား အထူးတလည် ကျေးဇူးတင်အပ်လှပေသည်။

မူလတွင် (၄-လုံးစပ်) မွန်ဘာသာဖြင့် ဖွဲ့ဆိုထားသော ဣ (အဒက်ခေဝ်) ဟာသပျို့ကိုမှီး၍ မြန်မာစကားပြေ ပြန်ဆိုရေးသား ထားသော ဆရာကြီးကုသ၏ 'ဒေါက်ခဲ' မွန်ဟာသပုံပြင်ကို ဖတ်လိုက်ရသောအခါ ကျွန်တော်သည် ရွှေတောင်နန္ဒသူ၏ မွေ့နွှန်းရာဇာန်ကို ပြေး၍



www.burmeseclassic.com

www.burmeseclassic.com



သတိရမိတော့သည်။

ရွှေတောင်နန္ဒသူသည် သက္ကရာဇ် ၁၁၂၅-လောက်တွင် ရှေးမွန်စာဆိုတစ်ဦး လေးလုံးစပ်လင်္ကာဖြင့် ရေးစီထားခဲ့သော သန်လျင်မင်းသမီး (မိမ္ဘောက်နန်) ဝါ (ရှင်မွေ့နွန်း)နှင့် ဒဂုန်မင်းသား (မင်းသီနလ္လာ) ဝါ (မင်းနန္ဒာ) ပျို့ကဗျာကို မှီး၍ မြန်မာရကန်ကဗျာဖြင့် စီကုံးရေးသားခဲ့သည့် မွေ့နွန်းရကန်မှာ မြန်မာစာပေလောကတွင် ယနေ့တိုင် မရိုးနိုင်သေးဘဲ ထင်ပေါ်ကျော်ကြားလျက်ပင် ရှိနေပေတော့သည်။

ထိုနည်းတူစွာ စိန္တကျော်သူ ဦးဩကလည်း ရှင်မွေ့နွန်း၊ မင်းနန္ဒာ အမေးအဖြေ ပိုဒ်စုံရတုများကို စပ်ဆိုခဲ့ပေသေးသည်။

ဤ 'ဒေါက်ခဲ'ဟာသပုံပြင် မှီငြမ်းပြုရာပျို့မှာ မူလတွင် လေးလုံးစပ်ပျို့တစ်စောင်အဖြစ် တည်ရှိခဲ့ပြီး ဖတ်၍မငြီးနိုင်လောက်အောင်ပင် ကောင်းပေသည်။

သို့ဖြစ်ဘိရာ ဆရာကြီးကုသသည် ဤ 'အဒ်ကဲခေဝ်'ပျို့ကို မွန်ဘာသာမှ မြန်မာဘာသာသို့ စကားပြေဖြင့်သာလျှင် ပြန်ဆိုခဲ့သည်ကို မကျေနပ်သေးမူ၍ ပျို့တစ်စောင်အဖြစ်သို့လည်း ပြောင်းလဲစပ်ဆိုနိုင်ပါစေဟု ဆုတောင်းနေတော့သည်။

မွန်ဘာသာဖြင့် စီကုံးရေးသားခဲ့သော ပျို့ကဗျာလင်္ကာပေါင်း မြောက်မြားစွာရှိခဲ့သည်။

သို့ပါ၍ မြန်မာမှုသို့ မရောက်ရှိလာသေးသော မွန်ကဗျာလင်္ကာများကို စာရေးဆရာကြီးကုသကဲ့သို့သော အခြားစာဆိုများကလည်း လေ့လာမှီငြမ်းပြု၍ မြန်မာဘာသာသို့ ပြန်ဆိုရေးသားကာ မွန်မှုကို မြန်မာမှုပြုသင့်ကြပေသည်။

သို့ မွန်မှုကို မြန်မာမှုသို့ ပြောင်းလဲရန်အတွက် မွန်ဘာသာခြင်းကြားတတ်မြောက်ပြီးမှ ဆောင်ရွက်လျှင် ပိုမိုခရီးရောက်နိုင်ပေမည်။

ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



လက်ထက် သက္ကရာဇ် ၉၀၀-ကျော်လောက်တွင် မွန်-မြန်မာ နှစ်ဘာသာလုံး၌ (မုန်သောက်မာတင် စွယ်စုံရှင်)ဖြစ်ပေသော မွန်ဝန်ကြီး ဗညားဒလသည် ရှေးမွန်ပညာရှိများ ပြုစုရေးသားခဲ့သော မွန်ရာဇဝင်ကျမ်းများမှ ထုတ်နုတ်၍ ရာဇာဓိရာဇ် အရေးတော်ပုံကျမ်းကို မြန်မာစကားပြေဖြင့် တခမ်းတနား ပြန်ဆိုရေးသား ပြုစုခဲ့ပေသည်။

မွန်ဝန်ကြီး ဗညားဒလ၏ မြန်မာရာဇာဓိရာဇ် အရေးတော်ပုံကျမ်းသည် မြန်မာစာပေနယ်ပယ်တွင် ယနေ့တိုင် စကားပြေအရာ၌ လွန်စွာပြောင်မြောက် ထင်ရှားလျက်ရှိနေပေတော့သည်။

မွန်စာပေသမိုင်းကို ပြန်လည်သုံးသပ်ရာတွင် ရှေးပုဂံခေတ်ကို ဦးစွာသတိရမိပေတော့သည်။ မွန်စာပေသည် ပုဂံခေတ် ကျန်စစ်မင်းကြီး လက်ထက်တော်တွင် အဆင့်အတန်း အမြင့်မားဆုံးဖြစ်ခဲ့ကြောင်းကို ထိုခေတ်ထိုး ကျောက်စာအရေးအသားများက ထင်ရှားစေခဲ့တော့သည်။

ထိုပုဂံခေတ်တွင် မွန်လူမျိုးများသာမက မြန်မာဘုရင်များ၊ မြန်မာအမတ်ကြီးများ၊ မြို့စားရွာစား၊ ကလန်သံပျင်နှင့် မြန်မာအရပ်သားများသည် မွန်ဘာသာနှင့် စာပေများကို ပြောဆိုရေးသားသုံးနှုန်းခဲ့ကြပေသည်။

မြန်မာဘုရင် ကျန်စစ်မင်း၏ အတ္ထုပ္ပတ္တိဖြစ်သော ရွှေစည်းခုံကျောက်စာနှင့် ၎င်း၏ နန်းတည်စာတမ်းတွင် မွန်ကျောက်စာများသည် လွန်စွာအဆင့်အတန်းမြင့်ခဲ့ကြပေသည်။ ရေးထိုးခဲ့သော စာများမှာ စကားပြေပင် ဖြစ်လင့်ကစား ကဗျာလင်္ကာများကို ဖတ်လိုက်သည့်အလား ယဉ်ကျေးနွဲ့ပျောင်းလှပေသည်။

ခရစ်နှစ် ၆-ရာစုလောက်က မွန်စာပေအရေးအသားများ ၎င်းမွန်နိုင်ငံဖြစ်ခဲ့သော ဒွာရဝတီ (ယခုယိုးဒယားပြည်)ရှိ(ပရပထုံ)ဘုရား နှင့် လော့ဘူရီဒေသတို့တွင် တွေ့ရှိခဲ့ရသည်။

ထိုခေတ်နောက်ပိုင်း သုဝဏ္ဏဘူမိ (သထုံ)ခေတ်တွင် ရေးထိုးခဲ့သော မွန်ကျောက်စာပါ အရေးအသားများသည် ပုဂံခေတ် ကျန်စစ် မင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရေးထိုးတော်မူခဲ့သော မွန်ကျောက်စာအရေးအသားများလောက် အရည်အဆင့်မြင့်မားခြင်း မရှိကြောင်း တွေ့ရှိရသည်။

ခရစ်နှစ် ၁၁၀၀-၁၃၀၀ အတွင်း ရေးထိုးခဲ့ကြသော မွန် နိုင်ငံ လင်ဖွန်း(ဟာရိဘုဉ္စ) ယခု ဇင်းမယ်ဒေသတွင် တွေ့ရှိရသည့် မွန် ကျောက်စာပါ အကြောင်းအရာများမှာကား အလှူအတန်းပြုရာတွင် မှတ်တမ်းတင် ချက်များသာဖြစ်ပြီး စာပေအရေးအသား အရည်အဆင့်မမြင့် လှသည်ကို တွေ့ရှိရသည်။

မဂဒူး (ခေါ်) ဝါရီရူမင်းသတ်ကျမ်း၊ ဇာတ်နိပါတ်ဆော်များ၊ ဆေး ကျမ်းဓာတ်ကျမ်းနှင့် ဗေဒင်ကျမ်းများ၊ အဘိဓာန်ကျမ်း၊ ကိန်းခန်းနိမိတ် ကျမ်း၊ ဗုဒ္ဓဝင်မဟာဝင်၊ ရာဇဝင်ကျမ်းများ၊ ပုံပြင်သမိုင်း၊ ပို့ကဗျာလင်္ကာ များနှင့် သီချင်း၊ ဆုံးမစာ စသည်များကို မွန်ပညာရှိများ ပြုစုရေးသား ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလအတွင်းက ဘားနတ်စာ ကြည့်တိုက်တွင် မွန်စာမူ အမျိုးတစ်ထောင်ကျော်မျှကို ရေးကူးထားရှိဖူး ကြောင်း အသေအချာသိရသည်။

ဤ 'အဒ်ဂက်ခေဝ်' (ဝါ) 'ဒေါက်ခဲ' မွန်ဟာသပုံပြင်တွင် ဒေါက်ခဲ သည် ဥယျာဉ်မှုဆိုးမတစ်ယောက်၏ တစ်ဦးတည်းသော သားဖြစ်သည်။ ဒေါက်ခဲသည် ဘုန်းကြီးကျောင်းသားဘဝတွင် ဘုန်းကြီးအား မည်မျှဒုက္ခ ပေးခဲ့ကြောင်း၊ ရှုပ်ပွေနောက်ပြောင်ခဲ့ကြောင်း၊ ၎င်းနောက် မွန်ဝန်ကြီးနှင့် မွန်ဘုရင်ထံ ခစားစဉ် အခါများ၌လည်း မည်ကဲ့သို့ ဘရုတ်ကျခဲ့ကြောင်းများ ကို ရယ်စရာအခန်းပေါင်းများစွာနှင့် ဖော်ပြထားခြင်းများဖြင့် ရှေးသက်ဦးဆံ ပိုင်မင်းများ၏ ခေတ်ကိုပြောင်လှောင်သရော်ထားကြောင်း ထင်ရှားစေ တော့သည်။

မွန်စာပေတတ်ကျွမ်း နားလည်သူတို့မှာ ဤ (အဒ်ဂက်ခေဝ်)ပို့ တွင် သုံးနှုန်းဖွဲ့ဆိုထားသော ထူးကဲလှသည့် စာပေအရသာများကို တင်း ပြည့်ကျပ်ပြည့် ခံစားနိုင်ကြမည်ဖြစ်ကြသော်လည်း မွန်စာပေမတတ်ကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာကား မိမိတို့ ခံစားရချက်များကို ပြည့်ပြည့်ဝဝ ဖော်ပြနိုင်ကြမည်မထင်။

သို့နှင့်အမျှ မွေ့နန်းရကန် ဆရာရွှေတောင်နန္ဒသူက. . .

"ရတနာညောင်စောင်း၊ ရွှေတစ်သောင်းတန်တန်၊ မြအလျှံမှာ၊ နန္ဒာနှင့်မယ်လွှန်း၊ ရောပြွမ်းသည့်အခင်းကို၊ ရွှေလင်းဆရာ၊ ဟုတ်တိုင်းချ၍မပြသာဘူး" ဟူ၍ စပ်ဆိုခြင်းမှာ သဘာဝကျသည်ဟုဆိုလိုသည်။

ဤ (အဒ်ကဲခေဝ်)ပို့လာ မွန်ပုံပြင်ကို မှီး၍ မြန်မာစကား ပြေဖြင့် ပြန်ဆိုရေးသားခဲ့သော ဆရာကြီးကုသမှာလည်း "မဟာဝိဇ္ဇာ" မြန်မာစာ(ဂုဏ်ထူး)ဘွဲ့ကို ဆွတ်ခူးရရှိထားသော မြန်မာစာဆိုကျော် ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့်အတိုင်း ဆရာကြီး၏ ရေးသားချက်များမှာ မူရင်းမွန်ဘာသာ စာပေကို ဖတ်ရသည့်အလား စိုးစဉ်းမျှ မူရင်းအရသာမပျက်ဘဲ (ဒေါက်ခဲ)၏ ဘဝဖြစ်ရပ်ဇာတ်ကြောင်းများကို ကွက်ကွက်ကွင်းကွင်း ထင်လင်းစေတော့သည်။

သို့နှင့်အမျှ ဤဒေါက်ခဲ ရှေးဟောင်းမွန်ပုံပြင်ကို ဖတ်ရှုသော ပရိသတ်များသည် ပျော်ရွှင်ကြည်မွေ့ နှလုံးတွေ့ကြပါစေသတည်း။

ရက်စွဲ ။ ၂၆-၁၂-၆၇။

(ပုံ) နိုင်ပန်းလှ

မွန်ယဉ်ကျေးမှု အဲထက်တန်းအရာရှိ

ရှေးဟောင်းမွန်စာပေနှင့် ယဉ်ကျေးမှုဌာန

ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

## ဓနုမိုးကြိုးမျောချီးသား

ရှေးလွန်လေပြီးသောအခါက ယိုးဒယားပြည်(ဘားနတ်မူတွင်- ယိုးဒယားပြည်နှင့် စပ်လျက်ရှိသည်ဟုမပါ) နှင့် စပ်လျက်ရှိသော ဂန္ဓာဝါသအမည်ရှိသည့် မွန်မင်းနေပြည်တော်တွင် သီရိဂန္ဓာ အမည်ရှိသော မွန်ဘုရင်သည် အုပ်စိုးစံပယ်တော်မူလေသည်။ ထိုမင်းတွင် မိဖုရားကြီးတစ်ပါးသာရှိရာ အမည်မှာ လောကဒေဝီဖြစ်၍ ထိုမိဖုရားကြီးတွင် လွန်စွာမှပင် အခြွေအရံများပါပေသည်။

ဂန္ဓာဝါသမင်းနေပြည်တော်ကြီးသည် ကြက်ပျံမကျ စည်ကားခမ်းနားလှပေသည်။ ထိုနေပြည်တော်၏ တံတိုင်း ၄-ဖက်တွင် တံခါးကြီး ၁၂-ပေါက်ရှိ၍ (ဘားနတ်မူတွင်- တံခါးကြီး ၉-ပေါက်ဟု ပါရှိပါသည်။) တံတိုင်းများပေါ်တွင် လှပဆန်းကြယ်သော အရုပ်များကို ဖော်လုပ်စီခြယ်ထားသည်။ လမ်းကျယ် ၁၂-လမ်းနှင့် ဈေးဆိုင်ကြီးများ၊ ဥယျာဉ်ကြီးများသည် မြို့၏သရေကို အမြဲဆောင်နေလျက် ရှိကြတော့သည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ထို သီရိဂန္ဓာအမည်ရှိသော မင်း၏ နန်းတော်ကြီးမှာ ရတနာ ၉-ပါးတို့ဖြင့် စီခြယ်ထားပေရာ, လွန်စွာမှပင် လှပဆန်းကြယ်ရကား တာဝတိံသာ နတ်ပြည်နှင့်သာလျှင် ယှဉ်မှားနှိုင်းခိုင်း နိုင်လောက်ပါပေ သည်။

လွန်စွာပညာရှိသော အမတ်ကြီး ၄-ယောက်တို့သည် ထိုမင်းအားအမြဲခစားကာ ကောင်းမြတ်သော အကြံဉာဏ်များကို ပေးကြတော့သည်။

မြို့ ၄-ထောင့်တွင် များလှစွာသော စစ်အင်္ဂါလေးပါးကို အမြဲခင်းကျင်းထားရှိပေရာ လွန်စွာမှပင် သူရသတ္တိနှင့် ပြည့်စုံသော အောင်ပွဲရ စစ်ဗိုလ်မှူးကြီးများက အုပ်ချုပ်ကွပ်ကဲကြပေသည်။

လွှတ်တော်ထဲတွင် အထူးလိမ္မာတတ်ကျွမ်းသော တရားသူကြီးများနှင့် စာရေးစာချီများသည် မိမိတို့တာဝန်များကို တအင်မပျက် ထမ်းဆောင်လျက် ရှိကြတော့သည်။

ထိုမင်းနေပြည်တော်ကြီးတွင် ရတနာ ၉-ပါး၊ ဆင်မြင်းကျွဲနွားနှင့် ဆန်ရေစပါးတို့သည် လွန်စွာမှပင် ပေါများပေရာ တိုင်းသူပြည်သားတို့မှာ ရေချမ်းအိုးတွင် စိုက်ထိုးပန်းသွင် လန်းလန်းရွှင်ကာ နေနိုင်ကြတော့သည်။

ဤဂန္ဓာဝါသမြို့တွင် 'ထောနိ' (ဘားနတ်မူတွင်- သူကြွယ်မျိုးနွယ်ဖြစ်သော၊ ပန်းဥယျာဉ်ရှိသော 'မထဲဏီ'နှင့် 'စန္ဒိုင်းဝိ'ဟု တွေ့ရသည်။ 'နန္ဒိဒေဝီ'ဟူ၍လည်း ရေးသည်။) အမည်ရှိသော သူကြွယ်နှင့် 'နန္ဒိဒေဝီ' အမည်ရှိသော သူကြွယ်မယားတို့သည် နေထိုင်ကြကုန်သည်။ ထိုသူကြွယ်လင်မယားတို့ ဥယျာဉ်တွင်းရှိ သစ်ပင်ပန်းပင်တို့မှာ ရာသီမပြတ် သီးပွင့်ကြကုန်ရကား၊ ထိုဥယျာဉ်တွင်းသို့ ရောက်လျှင် လွန်စွာမှပင် စိတ်ပျော်မွေ့ဖွယ် ကောင်းလှပေတော့သည်။

ထိုမျှမကသေး အပျို၊ လူပျိုနှင့် မုဆိုးဖို၊ မုဆိုးမများသည် ထိုဥယျာဉ်တွင်းသို့ ရောက်လာ၍ ပန်းများကို ခူးဆွတ်ပန်ဆင်မိပါက စိတ်ပျိုလာကြကုန်သည်ချည်း။ မုဆိုးမက ပန်းပန်မိလျှင် မုဆိုးဖိုကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ချင်စိတ် ဖြစ်ပေါ်လာရသည်။ ထို့အတူ အပျိုက ပန်းပန်မိလျှင် လူပျိုကို ခေါ်ချင်စိတ် ပေါ်လာလေတော့သည်။ သို့ပင် ထူးခြားသောဥယျာဉ် ဖြစ်ပါပေသည်။

တစ်နေ့သော် သူကြွယ်ကတော် နန္ဒိဒေဝီသည် မိမိအခြွေအရံများနှင့် ထိုဥယျာဉ်တွင်းသို့ ဝင်ရောက်လည်ပတ်လေသည်။ ဥယျာဉ်မှ အိမ်သို့ပြန်ရောက်၍ ခေတ္တမျှလဲလျောင်းငိုက်မျဉ်းနေစဉ် သူကြွယ်ကတော်သည် ဤသို့ အိပ်မက် မက်လေတော့သည်။

ဖိုးသူဒေဟာတစ်ဦးသည် ဆင်စီးပြီးလျှင် ပန်းဥယျာဉ်အတွင်းသို့ ဝင်ရောက်လာသည်ကို မြင်သော် နန္ဒိဒေဝီသည် ရှင်ဘုရင်ထင်မှတ်၍ မိမိယောကျ်ားအားခေါ်ကာ အိမ်အောက်သို့ဆင်းသွားလေတော့သည်။

ဖိုးသူတော်သည် နန္ဒိဒေဝီကို မြင်လိုက်သော် အရောင် ၁၂-မျိုးထွက်နေသောပတ္တမြားတစ်လုံးကို ကမ်းပေးလိုက်ပြီးလျှင် ပျောက်ကွယ်သွားတော့သည်။ တစ်မုဟုတ်ချင်းပင် ထိုပတ္တမြားသည် နန္ဒိဒေဝီ၏ လက်ပေါ်မှ ခုန်ပျံပြီးလျှင် ၎င်းဝမ်းထဲသို့ ထိုးဖောက်ဝင်ရောက်သွားတော့သည်။

(ဘားနတ်မူတွင် - နန္ဒိဒေဝီသည် မိမိတို့ဥယျာဉ်အတွင်းသို့ ဆင်တစ်ကောင်ဝင်ပြီး စားနေသည်ကို မြင်တွေ့သောကြောင့် မိမိယောကျ်ား အားခေါ်ပြီး အိမ်ပေါ်မှ ဆင်းသွားကြသည်။ ဆင်ရှင်လည်း ကြောက်ရွံ့ ပြီး နန္ဒိဒေဝီအား အရောင် ၁၂-မျိုးထွက်သော ပတ္တမြားတစ်လုံးကို ပေးကမ်းလိုက်သည်။ နန္ဒိဒေဝီလည်း ပတ္တမြားလုံးကို ငုံထားလိုက်ရာမှ ဝမ်းအတွင်းသို့ ဝင်ရောက်သွားသဖြင့် လွန်စွာနှမြောခြင်းဖြစ်မိနေစဉ်တွင် အိပ်နေရာမှ လန့်နိုးလာတော့သည်ဟု ပါရှိသည်။)

ဤသို့သော အိပ်မက်ကို မြင်မက်ပြီးနောက် နန္ဒိဒေဝီသည် လန့်နိုးလာပြီးလျှင် မိမိမြင်မက်သည့် အိပ်မက်အကြောင်းကို လင်ယောကျ်ား သူကြွယ်အား ပြောပြရာ သူကြွယ်က ကောင်းလှပါပေသည်ဟု နိမိတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

နန္ဒိဒေဝီသည် မကြာမီ ပဋိသန္ဓေတည်ရကား မြို့တွင်းရှိ မင်းဆရာပုဏ္ဏားမက နန္ဒိဒေဝီအား . .

"သင်သည် ၁၁-လကြာလျှင် သားယောကျ်ားလေး မွေးမည်၊ ထိုသားငယ်သည် လွန်စွာပညာရှိမည်၊ စကားသွက်လက်မည်၊ သူတစ်ပါး အား ပေးကမ်းကူညီမစတတ်မည်၊ သို့သော်လည်း ရိုက်နှက်တတ်မည်၊ ကုန်းတိုက်တတ်မည်၊ မောအောင်ခိုင်းတတ်မည်၊ လိမ်လည်လှည့်ဖြား ပြောဆိုတတ်မည်၊ အသင်းခွဲတတ်မည်၊ ဘုရင့်သုခမိန်ဖြစ်မည်"

စသည်ဖြင့် အကြမ်းဟောပြီးလျှင် မိမိနေအိမ်သို့ပြန်လာခဲ့ သည်။ အိမ်သို့အရောက်တွင် မိမိယောကျ်ားအား အကျိုးအကြောင်းကို ပြောပြသောအခါ ပုဏ္ဏားသည် ပုဏ္ဏေးမ၏ ဆံပင်များကို ဓားဖြင့် ချက်ချင်း ဖြတ်ပြီးလျှင် အိမ်ပြင်သို့ ပစ်လွှင့်လိုက်သည်တွင် ဆံပင်ကို မိုးကြိုးပစ်လေ တော့သည်။

၁၀-လကြာသော် သူကြွယ်မ နန္ဒိဒေဝီသည် လွန်စွာရုပ်ရည် ချောမွေ့သော သားယောကျ်ားကလေးတစ်ယောက်ကို မွေးဖွားလေတော့ သည်တွင် မင်းဆရာပုဏ္ဏားဆီသို့ သွားရောက်ကာ ထိုသားငယ်အတွက် ဇာတာဖွဲ့စေသည်။ ပုဏ္ဏားလည်း သားငယ်အား"ဒေါက်ခဲ"ဟူ၍ အမည် မှည့်ပေးပြီးလျှင် ထိုသားငယ်နောင်ရေးနှင့် စပ်လျဉ်း၍ ယခင်ပုဏ္ဏေးမ ဟောပြောခဲ့သည့်အတိုင်းပင် ပြန်လည်ဟောပြောလိုက်လေသည်။

မင်းဆရာပုဏ္ဏား၏ ဟောပြောချက်ကို ကြားရသော သူကြွယ် "ထောန်" သည် လွန်စွာမှပင် ဝမ်းမြောက်ရကား ထိုင်ရာမှထပြီး ခုန်လေ တော့သည်။

သို့ရာတွင် ဒေါက်ခဲအသက် ခုနစ်နှစ်အရွယ်သို့ ရောက်ရှိလာ သောအခါ သူကြွယ် 'ထောန်'သည် ကံမခိုင်သဖြင့် ဘဝတစ်ပါးသို့ ကူး ပြောင်းသွားရရှာတော့သည်။ ဒေါက်ခဲမှာ မချိတင်ကဲ ဝမ်းနည်းလှိုက်ဖိုကာ



www.burmeseclassic.com

www.burmeseclassic.com



အလွန်တမင်း ငိုကြွေးလေတော့သည်။

(ဘားနတ်မူတွင် - ၁၂ နှစ်အရွယ်ဟု ပါရှိသည်။)

ဒေါက်ခဲသည် ၁၀-နှစ်ရောက်သောအခါ ပညာရှင်ဖြစ်ရမည့် အခံပါရမီကြောင့် မိမိအား ဘုန်းကြီးကျောင်းသို့ သွားရောက်အပ်နှံပေး ပါမည့်အကြောင်း မိခင်ဖြစ်သူအား ပူဆာပြောကြားလေသည်။ တစ်ဦး တည်းသောသားနှင့် မခွဲခွာလိုသော နန္ဒီဒေဝီသည် ဒေါက်ခဲအား ဘုန်းကြီး ကျောင်းတွင် မနေရန် ဖျောင်းဖျပြောဆိုငြားလည်း အတင်းအကျပ်သာ လျှင် ပူဆာလွန်းသဖြင့် မနေသာတော့ရကား သားငယ်အား ဘုန်းကြီး ကျောင်းသို့ ကိုယ်တိုင်သွားရောက်အပ်နှံပေးရတော့သည်။

ဘုန်းကြီးသည် ဒေါက်ခဲအားမြင်လျှင်မြင်ချင်း လွန်စွာသနား ချစ်ခင်ပြီးလျှင် 'နမောဗုဒ္ဓယ'နှင့် သင်ပုန်းကြီးအစတို့ကို ပထမသင်ကြား ပေးရုံသာမက မိမိ၏ အယုံကြည်ရဆုံး တပည့်ကြီးအဖြစ် အမှတ်ထားကာ အလိုလိုက်လေတော့သည်။

သို့ရာတွင် အလိုလိုက်ခံရလွန်းသဖြင့် ဒေါက်ခဲသည် ဘုန်းကြီး အပေါ်တွင် မကြာခဏ ကြည်ညိုရိုသေမှု လျော့ပါးကာ မိမိနှင့် သဘော ချင်း မတိုက်ဆိုင်တိုင်း အရွဲ့တိုက်လေတော့သည်။ သို့ဖြစ်ရကား ဘုန်းကြီး သည် ဒေါက်ခဲ အသက် ၁၅-နှစ်အရောက်တွင် အထူးစိတ်မရှည်နိုင်တော့ သဖြင့် စာကိုဆက်လက်ပြီး မသင်ပေးတော့ရာ ဒေါက်ခဲမှာ အထူးမကျေ နပ်တော့ချေ။

မိမိ၏ဘခင် အနိစ္စရောက်ကတည်းက ပစ္စည်းဥစ္စာ နွမ်းပါးလာ သော မိမိ၏မိခင်အတွက် ဒေါက်ခဲသည် ပစ္စည်းဥစ္စာရမှုကို ညဏ်နီညဏ် နက် ထုတ်လျက်နေတော့သည်။ ဘုန်းကြီးပစ္စည်းများကိုပင် ရသောနည်း ဖြင့် အပိုင်စီးခွင့်ရရန် အမြဲချောင်းနေတော့သည်။ ဒေါက်ခဲပရိသခန္ဓ တည်စဉ်ကနှင့် မွေးဖွားလာစဉ်က ပုဏ္ဏေးမနှင့် ပုဏ္ဏားတို့ ဟောပြောချက် များက အထူးသက်သေခံနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော် ဂန္ဓာဝါသမြို့အနီးရှိ ရွာတစ်ရွာမှ ဒကာများသည် မိမိရပ်ရွာတွင် အလှူလုပ်သဖြင့် ဘုန်းကြီးအား လာရောက်ပင့်ဖိတ်ကြ သည်။

ဘုန်းကြီးသည် ထိုရွာသို့ မိမိလှေဖြင့် ကြွသွားရာ ဒေါက်ခဲအား ပဲ့ကိုင်စေသည်။ ဘုန်းကြီး၏ လွန်စွာလှပသစ်လွင်သော လှေကိုမြင်ရသော် ဒေါက်ခဲသည် လွန်စွာနှစ်ခြိုက် သဘောကျရကား ထိုလှေကို မည်သည့် နည်းဖြင့် အပိုင်ရယူနိုင်မည်ကို အကြံထုတ်နေတော့၏။ နောက်ဆုံး အကြံ ရလာသည်နှင့် လှေကိုဖြောင့်ဖြောင့်မသွားစေဘဲ ဟိုကွေ့သည်ကောက် မြွေကဲ့သို့ သွားရန်သာ တမင်တကာ ပဲ့ကိုင်ပေးလေတော့သည်။

ဘုန်းကြီးလည်း လှေကို တည်တည်ငြိမ်ငြိမ် စီးခွင့်မရသဖြင့် ဒေါသထွက်လာပြီးလျှင် . .

"ဟဲ့ . . ဒေါက်ခဲ၊ မင်း လှေပဲ့ကိုင်တာ နေရာမကျဘူး၊ ဘာကြောင့် ဟိုကွေ့ဒီကောက် သွားစေရသလဲ . . ၊ မင်း ပဲ့ကိုင်တာ အင်မတန်ညံ့တယ်"

"အရှင်ဘုရားလှေဟာ မကောင်းဘူး၊ အပြစ်မလွတ်ဘူး၊ ဒါကြောင့် ဖြောင့်ဖြောင့်မသွားဘဲ ကွေ့ကွေ့ကောက်ကောက် သွားတာပါ ဘုရား . . ၊ တပည့်တော် ပဲ့ကိုင်ကျွမ်းကျင်ပါတယ်၊ အရှင်ဘုရားလှေက အပြစ်မလွတ်လို့ ဖြစ်ရတာပါဘုရား"

"ဒီလှေမှာ အပြစ်မလွတ်မှန်း ဘယ့်နှယ်သိသလဲ၊ ဘာကြောင့် အပြစ်မလွတ်တာလဲ"

"တပည့်တော် လှေအကြောင်းကို ကောင်းကောင်းနားလည် ပါတယ် . . ၊ ဒီလှေဟာ မူချအပြစ်မလွတ်ပါဘူး၊ ဘာကြောင့်လဲဆိုရင် လှေရဲ့ ဝမ်းပေါ်မှာ သစ်ဗွေတွေ များလွန်းလို့ဖြစ်တယ် ဘုရား"

"ဩော် . . ဒါကြောင့်လား၊ အမှန်ပဲလား"

"မှန်လှပါဘုရား . . ၊ ဒါတွင်မကသေး ဒီလှေပေါ် ကိုခြေလေး ချောင်းတက်မိရင် လှေဟာ မုချပျက်စီးနစ်မြုပ်သွားမှာ အမှန်ပဲ . . ၊ အင်မတန် ကြောက်စရာကောင်းပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒီလိုဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ အပြစ်ရှိတဲ့လှေကို ကြာကြာထားလို့ မကောင်းဘူးကွယ့်"

"ဒါတော့ လွယ်ပါတယ်. . .၊ အရှင်ဘုရားသဘောတူမယ်ဆိုရင် တပည့်တော် ကြံဆောင်ပေးပါမယ် ဘုရား"

"အေး. . . ကြံပေးစမ်းပါကွာ၊ ဘယ်လိုလုပ်မလဲ"

"တပည့်တော်ရဲ့ အမေဆီမှာရှိတဲ့ လှေဟာ အင်မတန်ကောင်းတယ်၊ အပြစ်လွတ်ကင်းတယ်၊ အရှင်ဘုရား စမ်းပြီးစီးကြည့်ချင်ရင် နောက်တစ်ကြိမ် ဒကာများ အလှူလုပ်လို့ အရှင်ဘုရားကို လာဖိတ်တဲ့အခါ တပည့်တော်ရဲ့ အမေလှေကိုခဏတောင်းယူလာမယ် ဘုရား. . .၊ အရှင် ဘုရား စမ်းပြီးစီးကြည့်ပါ"

"အေး. . . ကောင်းတယ်. . . ကောင်းတယ်၊ နောက်တစ်ကြိမ် ယူဖြစ်အောင် ယူလာပေတော့၊ စီးကြည့်ရအောင်"

နောက်တစ်ကြိမ် ဒကာများ အလှူလုပ်၍ ဘုန်းကြီးကို လာရောက်ပင့်ဖိတ်ကြသောအခါ အကြံသမား ဒေါက်ခဲသည် မိမိအမေ ထံမှ လှေအိုလှေဟောင်းလှေဆွေးကြီးကို ခေတ္တတောင်းယူလာပြီးလျှင် ထိုလှေပေါ်တွင် ဘုန်းကြီးအားတင်၍ အလှူလုပ်သည့်ရွာသို့ လှော်ခတ် သွားလေတော့သည်။

အကြံသမား ဒေါက်ခဲသည် သည်တစ်ကြိမ်တွင် လှေကိုစိုးစဉ်းမျှ မကွေ့မကောက်စေဘဲ အထူးအသွားဖြောင့် ညင်သာအောင် ပဲ့ကိုင်လေ တော့သည်။

ချောင်းအလယ်သို့ရောက်သော် ဒေါက်ခဲက. . .

"အရှင်ဘုရား. . . ဒီလှေဟာ အသွားဘယ့်နှယ်နေသလဲ"

"အေး. . . အရင် ငါ့လှေနဲ့ မတူဘူး၊ မင်းအမေလှေကဖောင်း ပေမယ်လို့ တယ်အသွားဖြောင့်ပါလား၊ ကောင်းလှပါကလား"

"တပည့်တော်ရဲ့ အမေလှေက ဟောင်းပေမယ်လို့သစ်ဖွေတွေ



www.burmeseclassic.com

www.burmeseclassic.com



လွတ်ကင်းတဲ့အတွက် အသွားဖြောင့်တာပေါ့ ဘုရား"

"အေး. . . ဟုတ်တယ်ဟေ့၊ မင်းအမေလှေက ငါ့လှေထက် ပိုပြီးကောင်းတယ်၊ ငါ အားကြီးကြိုက်တယ်ဟေ့"

"အရှင်ဘုရားကြိုက်ရင်ဖြင့် အရှင်ဘုရားလှေနဲ့ လဲချင်ရင် လဲနိုင်ပါတယ်၊ တပည့်တော်အမေကို ပြောပေးပါမယ်"

"ကောင်းပြီ. . . စိမ်လိုက်၊ လဲလိုက်ပေတော့"

ဤနည်းဖြင့် ဒေါက်ခဲသည် လွန်စွာဟောင်းနွမ်းနေသော မိမိ အမေ၏လှေကို ဘုန်းကြီးအားပေးအပ် တစ်ပတ်ရိုက်ပြီးလျှင် လှပသစ်လွင် သော ဘုန်းကြီး၏လှေကို ကလိမ်ဉာဏ်ဆင်၍ အပိုင်စီးလိုက်တော့သည်။

ဒေါက်ခဲနှင့် သူ၏အမေတို့ကား ဘုန်းကြီး၏ လှေသစ်ကို ရလိုက် သဖြင့် ဝမ်းသာ၍မဆုံးနိုင်ကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

## မှုံကြွယ်

နောက်တစ်လခန့်ကြာသော် ဒကာတစ်ယောက်သည် မိမိအလှူသို့ ဘုန်းကြီးအား လာရောက်ပင့်ဖိတ်လေတော့သည်။

"ဟော့ ဒေါက်ခဲ. . . ငါအလှူကို သွားစရာရှိတယ်၊ အခုနံနက်အရုဏ်တက် မှုံကြွယ်ထွက်လာတဲ့အခါ ငါ့ကိုနှိုးဖို့မမေ့နဲ့ဟေ့"

"မှန်လှပါ. . . နှိုးပါမယ်ဘုရား၊ စိတ်ချပါ"

"အေး. . . ကောင်းတယ်၊ ဒီလိုမှပေါ့၊ ဒါထက် ငါမရှိတုန်း အခါမှာ ငါ့ကျောင်းကို စိတ်မချဘူးကွယ်၊ ဘယ်သူ့ကိုမျှ မတက်လာစေနဲ့"

"မှန်လှပါဘုရား. . . ဘယ်သူ့ကိုမှ မတက်စေရပါဘူး၊ ဒါထက် အတင်းတက်လာရင် ဘယ့်နှယ်လုပ်ရမလဲ"

"ဟေ့. . . အခွင့်မတောင်းဘဲ အတင်းတက်လာရင် တူ့ဆီနဲ့သာ ရိုက်ချပေတော့၊ ဘယ်သူ့ကိုမျှ မတက်စေနဲ့၊ ငါ့တောင် မင်းအခွင့်မရဘဲ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပေါ်တက်လာရင် ရိုက်သာချပေတော့"

"ဒါဖြင့် အရှင်ဘုရား စိတ်ချပါ၊ အခွင့်မရဘဲ တက်လာရင် တခြားလူကိုမပြောနဲ့ အရှင်ဘုရားကိုပင် တပည့်တော် ချမ်းသာမပေးဘူး ရိုက်ချမှာပဲ"

"အေး. . . ကြိုက်ပြီ၊ ဒီလိုမှပေါ့ကွယ့်၊ ရိုက်ချဖို့ တုတ်တစ်ချောင်း လုပ်ထားပေ့"

"မှန်လှပါဘုရား. . .၊ ဝါးတုတ်ကောင်းကောင်း တစ်ချောင်း အခုချက်ချင်းလုပ်ပါ့မယ်"

မိမိအား ပညာဆက်လက်မသင်ပေးတော့သည်ကို အခဲမကျေနိုင်သော ဒေါက်ခဲသည် ဘုန်းကြီးအား ကလဲ့စားချေရန် အမြဲချောင်းနေတော့သည် မဟုတ်ပါလော။

ထိုည ဘုန်းတော်ကြီး ကျိန်းစက်နေစဉ် အကြံသမား ဒေါက်ခဲသည် ကျောင်းအနီးရှိ ထန်းပင်ပေါ်တက်၍ မီးတစ်ခွက်ကို ထွန်းညှိကာ အကိုင်းနှင့် ချည်နှောင်လိုက်ပြီးလျှင် အောက်သို့ အမြန်ပြန်ဆင်းလာတော့သည်။

"အရှင်ဘုရား. . . အရဟံတက်ပြီ၊ မုဝံကြွယ်ထွက်လာပြီ၊ အလျှူသွားဖို့ ထပါတော့၊ ပြင်ဆင်ပါတော့ ဘုရား၊ နောက်ကျနေမယ်"

"ဟာ. . . စောပါသေးတယ်၊ ငါကောင်းကောင်း အိပ်မပျော်ဘူး၊ ကြက်တွန်သံ တစ်ခါတည်း ကြားမိသေးတယ်"

ဒေါက်ခဲသည် မီးထွန်းညှိထားသော ထန်းပင်ပေါ်သို့ ညွှန်ပြပြီး လျှင်. .

"ဟာ. . . အရဟံတက်ပါပြီဘုရား၊ ဟို မိုးပေါ်မှာ ကြည့်ပါလား၊ လင်းမနေဘူးလား၊ အဲဒါ မုဝံကြွယ်အစစ်ပေါ့ ဘုရား"

ဘုန်းကြီးသည် အိပ်မှုန်စုံမွှားနှင့် ထန်းပင်ပေါ်ရှိ မီးခွက်မှ မီးတောက်ကိုမြင်မိသော် မုဝံကြွယ်ထင်မှတ်မှားပြီး သက်န်းကို အမြန်ရုံကာ



www.burmeseclassic.com

www.burmeseclassic.com



အလှူအိမ်သို့ ထွက်ခွာသွားတော့၏။ ကျောင်းမှထွက်ခွာစတွင် အခွင့် မရဘဲ ကျောင်းပေါ်တက်လာသူတိုင်းကို ရိုက်ချရန် မှာသွားသေးသည်။

အကယ်စင်စစ်၌ ဘုန်းကြီး ကျောင်းမှ ထွက်ခွာသွားသော အချိန်မှာ ညဥ့်သန်းခေါင်အချိန်ပင် မရောက်သေးချေရာ လွန်စွာစော နေချေသေးတော့သည်။

ဘုန်းကြီးသည် မကြာမီ အလှူအိမ်သို့ ရောက်ရှိလာတော့သည်။ အလှူအိမ်တံခါးမှာ ဖွင့်မထားဘဲ တစ်အိမ်လုံး အိပ်ပျော်နေကြသည့်ပြင် အခြားဘုန်းကြီး တစ်ပါးကိုမျှ မတွေ့ရသောကြောင့် မိမိအလာ စောသွားကြောင်း ထင်ရှားစွာ သိရှိရတော့သည်။

သို့နှင့်အမျှ ဘုန်းကြီးမှာ အထူးရှက်လာရကား ကျောင်းသို့ပြန် ကလည်း မထူးတော့ပြီဖြစ်၍ အလှူအိမ်အနီးရှိ ဘူးစင်အောက်သို့ ဝင် ရောက်ပုန်းအောင်းနေတော့သည်။ ထိုစဉ် များလှစွာသော ခြင်နှင့် ပုရွက် ဆိတ်များသည် ဘုန်းကြီးအား ဝိုင်း၍ ကိုက်ခဲကြကုန်တော့ရာ ဘုန်းကြီးမှာ မဟာဒုက္ခကို ခံစားနေရရှာတော့သည်။ မကြာမီ သန်းခေါင်ကြက်များ တွန်ကုန်ကြပြီးလျှင် အလှူအိမ်နောက်ဖေး မီးဖိုမှ တံခါးပွင့်လာတော့ သည်။ အလှူရှင်၏ သမီးပျိုနှစ်ယောက်တို့သည် ဘူးစင်အောက်သို့ ဘူးသီး ခူးရန် မီးခွက်မပါဘဲ ဝင်လာကြတော့သည်။ သူတို့သည် မှောင်မည်းမည်း တွင် ဟိုစမ်းသည်စမ်းနှင့် မကြာမီ ဘုန်းကြီးခေါင်းတုံးကို စမ်းမိကြတော့ သည်။

တစ်ယောက်သော မိန်းမပျိုသည် ဘုန်းကြီး၏ခေါင်းကို တို့ထိလိုက်ပြီးလျှင် . . .

"ဟော့ . . . ဒီဘူးသီးဟာ အရှည်မျိုးမဟုတ်ဘူး၊ အပုမျိုးပါလား၊ မနေ့က တို့ခူးတုန်းက အရှည်မျိုးမဟုတ်လား"

"အေးပေါ့ . . . ဒါပေမဲ့ ညကျရင် အရှည်က အပုဖြစ်သွားတာနဲ့ တူပါတယ်"

"အေး . . . ဟုတ်ချင်ဟုတ်မယ်၊ မှန်းစမ်း . . . ငါခေါ်ကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



'တောက်.. တောက်.. တောက်'

ဘုန်းကြီးကား နာကျင်ပြားလည်း မလှုပ်မရှက် ငြိမ်သက်၍ နေရရှာသည်။

"ဟော့... ဒါထက် ဒီဘူးသီးဟာ တယ်အမွေးများပါကလား၊ အမွေးများလွန်းတယ်ဟော့၊ ငါလက်သည်းနဲ့ ဆိတ်ကြည့်မယ်"

ထိုစဉ် မိန်းမပျိုနှစ်ယောက်တို့သည် ဘုန်းကြီး၏ခေါင်းကို လက်သည်းဖြင့် အကြိမ်ပေါင်းများစွာ ဆိတ်ကြတော့သည်။

လွန်စွာနာကျင်လှသဖြင့် ဘုန်းကြီးသည် သည်းမခံနိုင်တော့ဘဲ ကြောင်လိုအော်ပြီးလျှင် ဘူးစင်အောက်မှ အတင်းထွက်လာကာ မိမိကျောင်းသို့ သုတ်ခြေတင်လေတော့သည်။

မိန်းမပျိုနှစ်ယောက်တို့မှာလည်း အထူးထိတ်လန့်ပြီး လဲကျမေ့မြောကုန်ကြတော့သည်။

ပြေးရသဖြင့် အထူးမောပန်းရကား ဘုန်းကြီးသည် နာရီဝက်ခန့်အကြာတွင်မှ မိမိကျောင်းသို့ ရောက်လာလေတော့သည်။ ကျောင်းတံခါးကို လက်သီးဖြင့် အကြိမ်ပေါင်းများစွာ ထုပြီးလျှင်...

"ဟော့... ဒေါက်ခဲ... ဒေါက်ခဲ မြန်မြန်တံခါးဖွင့်စမ်းပါ...၊ ငါပြန်လာပြီလေ၊ မြန်မြန်ဖွင့်ပါဟ"

ဒေါက်ခဲသည် ဘုန်းကြီးအပေါ်တွင် အနိုင်ရတော့မည်ကို တွေးသိနေရကား မအိပ်ဘဲ စောင့်ဆိုင်းနေရာ မိမိမျှော်မှန်းထားသည့်အတိုင်းပင် ဘုန်းကြီးပြန်လာပြီဖြစ်၍ အထူးပြုံးမိတော့သည်။

"ဟော့... ဘယ်သူလဲ၊ တံခါးဖွင့်ခိုင်းတာ၊ အချိန်မတော်ညအခါကြီးမှာ"

"ဟော့... ဒေါက်ခဲ၊ ငါလေ... မင်းဆရာဘုန်းကြီးလေ တံခါးမြန်မြန်ဖွင့်ပါဟ"

"ဟော့... ဘယ်ကလူလိမ် သူခိုးဓားပြလဲ၊ ငါ့ဆရာဘုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



အလှူအိမ်ကို ထွက်ကြွသွားပြီ၊ လာမလိမ်နဲ့. . . မရဘူး၊ တံခါးကို ဘယ်သူ့ကိုမှ ဖွင့်မပေးရဘူးလို့ ဘုန်းကြီးအမိန့်ပေးသွားတယ်. . . မဖွင့်နိုင်ဘူး"

"အေး. . . မင်းကိုအမိန့်ပေးသွားတဲ့ဘုန်းကြီးဟာ ငါပါကွ၊ ငါပါ. . . တံခါးမြန်မြန်ဖွင့်ပေးစမ်းပါ"

"မဝင်ရဘူး. . . မလာရဘူး၊ ဘယ်ကသူခိုးလဲ၊ ဝင်ရင် ဟောဒီ ဝါးရင်းတုတ်နဲ့ ရိုက်ချမှာပဲ"

ဘုန်းကြီးလည်း မနေနိုင်တော့သဖြင့် ကျောင်းတံခါးကို လေးလံသော ကိုယ်ကြီးဖြင့် အတင်းတိုက်ဖို့တော့ရာ တံခါးပြုတ်ထွက်သွားတော့သည်။

ဘုန်းကြီးလည်း ကျောင်းခန်းတွင်းသို့ တရှိန်ထိုး ဝင်ရောက်လာလေတော့သည်။

သည်တွင် အသင့်စောင့်နေသော ဒေါက်ခဲသည် ဝါးရင်းတုတ်ကြီးဖြင့် ဘုန်းကြီးအား အတွင်သာ ဆီးရိုက်တော့ရာ ဘုန်းကြီးမှာ ကြမ်းပေါ်သို့ ပစ်လဲရှာတော့သတည်း။

သည်တော့မှ ဒေါက်ခဲလည်း ထုံးနှင့် နနွင်းကို ရေဖြင့်ဖျော်ပြီး ဘုန်းကြီး၏ တစ်ကိုယ်လုံးကို လိမ်းပေးမှ ဘုန်းကြီး ပြန်လည်သတိရလေတော့သည်။

ဒေါက်ခဲလည်း ပျာပျာသလဲနှင့်

"အရှင်ဘုရား. . . တပည့်တော်ကို ခွင့်လွှတ်ပါ၊ မှားပြီးရိုက်မိပါတယ်၊ အရှင်ဘုရားက ဘယ်သူ့ကိုမဆို အတင်းဝင်လာရင် ရိုက်ဖို့မှာသွားတာကိုး၊ တပည့်တော်က သူခိုးစားပြထင်ပြီး ရိုက်မှားမိတာကို အခွင့်လွှတ်ပါဘုရား၊ တော်တော်နာသွားသလား ဘုရား"

ဘုန်းကြီးလည်း မျက်နှာရှုံ့မဲ့ပြီး. . .

"အေး. . . အတော်နာသွားတယ်၊ ဒါပေမဲ့ မင်းအပြစ်မဟုတ် ဘူး၊ ဒီလိုဖြစ်ရတာ ငါ့အပြစ်ပါကွယ်. . . ငါမှာတာပဲ၊ မင်းကို အခွင့်လွှတ်ပါတယ်၊

www.burmeseclassic.com



တောက်. . . ငါ့အတွက်နဲ့ ငါ့ဒီလိုအရိုက်ခံရတာပဲကွယ်၊ မင်း အပြစ်မဟုတ်ဘူး၊ ငါ့အပြစ်ပဲ. . . မင်းကို ငါခွင့်လွှတ်ပါတယ်"

*



www.burmeseclassic.com

www.burmeseclassic.com

## ခွေးချေးမုန့်

တစ်နေ့သော် ဘုန်းကြီးသည် ဒကာတစ်ယောက်လာပင့်သော ကြောင့် ကျောင်းမှအထွက်တွင် ဒေါက်ခဲအား . .

"ဟေ့ . . ဒေါက်ခဲ ကျောင်းဝင်းထဲမှာ အမှိုက်တွေရှင်းထား ဟေ့ . ."

"မှန်ပါဘုရား . . ရှင်းထားပါမယ်၊ စိတ်ချပါဘုရား"

ဒေါက်ခဲသည် အမှိုက်များကို အလျင်စလိုနှင့် ရှင်းပစ်လိုက်ပြီး လျှင် ပေါက်ပေါက်များကို ထန်းလျက်နှင့်ရောကာ ခွေးချေးတုံးသဏ္ဌာန် အတုံးငယ်များ လုံး၍ထား၏။

ဘုန်းကြီးပြန်ကြွလာသောအခါ ဒေါက်ခဲသည် ဘုန်းကြီးအား ပေါက်ပေါက်နှင့် ထန်းလျက်ရောထားသည့် အတုံးငယ်များကို ကပ်လေ သည်။

"ဟေ့ . . ဒေါက်ခဲ၊ ဒါဘာတွေလဲကွ"

"ခွေးချေးတုံးတွေပါဘုရား"

"အောင်မာ . . ခွေးမသား၊ လူပါးဝလို့ . . ငါ့ကို နင်က ခွေးချေးကိုမှ တပ်ရသလား၊ ထွီ . . ငါ့ကို နင့်အမေလင် အောက်မေ့ သလား . . ထွီ"



www.burmeseclassic.com

www.burmeseclassic.com



"အထင်မလွဲပါနဲ့ဘုရား. . . ၊ ဒီခွေးချေးတုံးတွေဟာ သာမည မဟုတ်ပါဘူး၊ ခွေးချေးသာဆိုတယ်. . . အင်မတန်မှ အရသာထူးပါပေ တယ်၊ တပည့်တော်က အရှင်ဘုရားကို ဘုဉ်းပေးစေချင်လွန်းတဲ့အတွက် တကယ့် စေတနာနဲ့ ကပ်တာပါဘုရား"

"အောင်မာ. . . ဒါဖြင့် ဒီခွေးချေးတွေဟာ အရသာထူးမှန်း မင်း ဘယ့်နှယ်သိသလဲ"

"တပည့်တော်က အနံ့ကောင်းလွန်းလို့ စားကြည့်ပါတယ်ဘုရား၊ တကယ့်အရသာထူးတဲ့ ခွေးချေးတုံးတွေပါပဲ၊ အရှင်ဘုရားကို စေတနာ သုံးတန်ပြတ်သားစွာနဲ့ လှူဒါန်းလိုပါတယ်ဘုရား"

"ဩော်. . . ဒီလိုလား၊ တကယ်ပဲ အရသာထူးသလားဟေ့"

"မှန်လှပါ. . . တကယ့်ကို အရသာထူးပါတယ်၊ အရှင်ဘုရား နည်းနည်းမြည်းကြည့်ပါလား ဘုရား"

"အေး. . . ကောင်းသားပဲ၊ ကပ်စမ်း. . . ငါ့ကိုနည်းနည်း၊ ဒါပေမဲ့ ခွေးချေးနံ့ရရင်တော့ မင်းသေပေတော့"

ဘုန်းကြီးလည်း ဒေါက်ခဲကပ်သော ပေါက်ပေါက်မုန့်တစ်လုံးကို မရဲတရဲနှင့် မြည်းကြည့်ပြီးနောက် အထူးအရသာတွေ့သဖြင့်. . .

"ဟာ. . . မင်းခွေးချေးကဖြင့် သိပ်အရသာထူးလှပါကလားဟေ့၊ ကောင်းသကွာ. . . နောက်ထပ်ကပ်ပါဦးဟဲ့"

"နောက်ထပ်မရှိတော့ဘူးဘုရား. . . ကုန်သွားပြီ၊ ဒါပေမဲ့ အရှင် ဘုရား ဘုဉ်းပေးချင်ရင်ဖြင့် တပည့်တော် လုပ်ပေးပါ့မယ်"

"ဘာ. . . မင်း လုပ်ပေးနိုင်သလား၊ ခွေးမသား"

"လုပ်ပေးနိုင်ပါတယ် ဘုရား၊ ဒီမှာကြည့်ပါ အခုရပါစေ့မယ်"

သို့ပြောပြီးနောက် ဒေါက်ခဲသည် အနီးရှိ ခွေးတစ်ကောင်ကို ကြိုးဖြင့် ချည်၍ တုတ်ဖြင့် ၁၀-ချက်ခန့်ရိုက်သည်တွင် ခွေးသည် အထူး ကြောက်လန့်နာကျင်အော်ဟစ်ပြီး ချေးထွက်လေတော့သည်။ ဒေါက်ခဲ လည်း



www.burmeseclassic.com

www.burmeseclassic.com



ခွေးချေးတစ်တုံးကို ဘုန်းကြီးအား အမြန်ဆက်လိုက်လေတော့ သည်။

ဘုန်းကြီးသည် စားလိုဇောနှင့် ခွေးချေးတုံးကို မိမိပါးစပ်ထဲသို့ အမြန်ပစ်သွင်းလိုက်တော့သည်။

ဎင်းနောက် ခွေးချေးတုံးကို တစ်ချက်နှစ်ချက် ဝါးပြီး နှာခေါင်း ရှုံ့ကာ "ထွီ"ဟူသော အသံကြီးပြုလျက် အမြန်ထွေးထုတ်လိုက်တော့သည်။

"ဟေ့. . . ခွေးမသား၊ မင်း ငါ့ကို တမင်ရယ်လိမ်တာပဲ၊ ဒီ ခွေးချေးကတော့ဖြင့် အရင်ဟာနဲ့ မတူဘဲ နံလှချေကလား၊ ထွီ. . . ပုပ် လှချေကလား၊ ထွီ. . . သေပေတော့"

သို့ပြောရင်း ဘုန်းကြီးသည် တောင်ဝှေးဖြင့် ဒေါက်ခဲအား ဆော်ရန်ဟန်ပြင်ရာ ဒေါက်ခဲသည် ဘုန်းကြီးအား ဝပ်တွားဦးချရင်း. . .

"အထင်မလွဲပါနဲ့ ဘုရား၊ ဒါ တပည့်တော်ရဲ့ အပြစ်မဟုတ် ပါဘူး၊ ခွေးရဲ့ အပြစ်ပါ၊ ပထမ အရှင်ဘုရားအား ဆက်ကပ်တဲ့ ခွေးချေး တုံးက နဂိုသဘာဝအလျောက်ဖြစ်လာတဲ့ ခွေးချေးတုံးပါ၊ ခု ဒုတိယ အကြိမ် ဆက်ကပ်လိုက်တဲ့ ခွေးချေးတုံးတွေကတော့ဖြင့် အရိုက်ခံရတဲ့ ဒဏ်ကြောင့် ဖြစ်လာတဲ့ ခွေးချေးတွေပါ၊ ဘယ်တူနိုင်မတုံး အရှင်ဘုရား၊ ခွေးစိတ်မကောင်းဘဲ ဖြစ်လာရတဲ့ ခွေးချေးဆိုတော့ ပုပ်မှာနံမှာပေါ့ဘုရား"

"ဪ. . . ဒီလိုလား၊ အေး. . . ဟုတ်သားပဲ ဒါကြောင့် နံ တာကိုး၊ ဒါဖြင့်ရင် မင်းအပြစ်မဟုတ်နိုင်ဘူး၊ ခွေးရဲ့အပြစ်ပါပဲ၊ နောက် တစ်ခါ ခွေးကိုမရိုက်နဲ့တော့ဟေ့၊ ငါ မစားချင်တော့ဘူး၊ ဒါထက်. . . ကျောင်းပေါ် တက်ပြီး ရေတစ်ခွက်နဲ့ ကွမ်းတစ်ယာ ယူခဲ့ဟေ့၊ ငါ့ ပါးစပ် နံလွန်းသကွာ၊ ရေဆေးမှ ကောင်းတော့မယ်. . . ထွီ"

*



www.burmeseclassic.com

www.burmeseclassic.com

## ဖွတ်သားဟင်း

တစ်နေ့သ၌ ဘုန်းကြီးသည် အလွန်အမင်း ဆာလောင်မွတ်သိပ် ရကား သစ်တိုသီး စားလိုသောကြောင့် ကျောင်းဘေးရှိ သစ်တိုပင်ရှိရာသို့ သွားလေရာ သစ်ပင်ထိပ်ဖျားရှိ အကိုင်းတစ်ကိုင်းတွင် ဖွတ်တစ်ကောင် ခိုကပ်နေသည်ကို ဝမ်းမြောက်စွာ တွေ့ရလေသည်။ ဖွတ်သားဟင်းကို အလွန်ဘုဉ်းပေးလိုသော်လည်း မိမိကိုယ်တိုင် သတ်ရပါက ပါရာဇိကံကျ မည်ကို ကြောက်သောကြောင့် ဒေါက်ခဲအား အမြန်ခေါ်ပြီးလျှင် ပရိယာယ် သုံးကာ . .

"ဟေ့ . . ဒေါက်ခဲ ဒီသစ်တိုပင်ပေါ်မှာ အကိုင်းဘယ်နှကိုင်း ရှိသလဲ ရေတွက်ကြည့်စမ်း'

ဒေါက်ခဲလည်း ဘုန်းကြီးခိုင်းသည့်အတိုင်း သစ်တိုကိုင်းများကို အလျဉ်စလို ရေတွက်ပြီးလျှင် . .

"အားလုံး ၁၂-ကိုင်း ရှိပါတယ်ဘုရား"

ဘုန်းကြီးလည်း မိမိမှန်းခြေမကိုက်သဖြင့် ဒေါသထွက်လာ ကာ . .

တော်ဝင်မြို့မှစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . . ခွေးမသား၊ သေသေချာချာ ရေပါဦးကွ၊ ဘယ် ၁၂-ကိုင်းတည်း နေရမှာလဲကွ"

ဒေါက်ခဲလည်း ထပ်မံ၍ သေချာစွာ ကြည့်ရှုရေတွက်ပြန်ရာ မထူးခြားသည်နှင့်. . .

"တပည့်တော် သေသေချာချာ ရေပါတယ်၊ အားလုံး ၁၂-ကိုင်းပဲ ရှိပါတယ် ဘုရား"

သည်တွင် ဘုန်းကြီးလည်း အားမလိုအားမရဖြစ်ကာ. . .

"ဟော့. . ဒေါက်ခဲ ငါ့အနားကို မြန်မြန်လာစမ်း၊ မင်း ရေတွက်တာ မဟုတ်သေးပါဘူး၊ ဟောဟို တောင်ဘက်အကိုင်းကို သေသေချာချာကြည့်နော်၊ အားလုံး ၁၂-ကိုင်းမဟုတ်ဘူး ၁၃-ကိုင်းကွ"ဟု ပြောရင်း ဖွတ်ကပ်နေသော အကိုင်းကို အားတက်သရော လက်ညှိုးထိုးပြလေတော့သည်။

သည်တော့မှ ဒေါက်ခဲသည် ဘုန်းကြီးညွှန်ပြသည့်အကိုင်းကို သေချာစွာ ကြည့်လိုက်ရာ ဖွတ်လှုပ်ရှားလာကို မြင်ရသဖြင့်. . .

"အလို. . . ဖွတ်ကြီးပါလား' ဟု အော်ဟစ်၍ တုတ်တစ်ချောင်းကို ကိုင်ကာ သစ်ပင်ပေါ်သို့ အမြန်တက်လေတော့သည်။

ဘုန်းကြီးကလည်း. . .

"ဟဲ့ဒေါက်ခဲ. . . မလုပ်ပါနဲ့၊ ဖွတ်ကိုမသတ်ပါနဲ့၊ ဆင်းလာ. . . ဆင်းလာ၊ သူတစ်ပါးအသက်ကိုသတ်တာ ကာမေသုမိစ္ဆာစာရကံထိုက်မယ်" ဟု ဟန်လုပ်ကာ အလွဲလွဲအမှားမှား အော်ဟစ်တားမြစ်လေသည်။

ဒေါက်ခဲသည် 'ဒီဘုန်းကြီးဟာ သူ့ဖွတ်သားစားချင်တာ သူ့အပေါ် အာပတ်မသင့်ရအောင် ငါ့ကို ပရိယာယ်ဉာဏ်ဆင်ပြီး သစ်ပင် ပေါ်ကို ပြတာပဲ၊ ဒါမျိုးတွေဘာရမလဲ၊ ငါလည်းသူလောက်တော့ ပါးပါတယ်' ဟု ဆင်ခြင်တွေးဆရင်း သစ်ပင်ပေါ်သို့ အမြန်တက်ရောက်ပြီးလျှင် ဖွတ်ခေါင်းကို ရိုက်သတ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဎင်းနောက် ဖွတ်သားကို ကောင်းစွာချက်ပြုတ်ပြီးလျှင် အသားကို သူချည်းဗိုက်ကားအောင် စားပစ်၍ အရိုးများကို ဒယ်အိုးထဲသို့ ပြန်ထည့်ထားလိုက်သည်။

မကြာမီ ယင်ကောင်များစွာ ဝိုင်းအုံလာသည်တွင် စလောင်းကိုယူ၍ ဒယ်အိုးကို အမြန်ဖုံးအုပ်လိုက်ပြီး ဟန်မပျက် နေလိုက်တော့သည်။

မကြာမီ ဘုန်းကြီးကြွရောက်လာပြီးလျှင် ဖွတ်သားဟင်းကို ကပ်ရန် ပြောသောအခါ ဒေါက်ခဲသည် ဒယ်အိုးကို ညွှန်ပြလိုက်တော့ သည်။

ဘုန်းကြီးလည်း ဖွတ်သားဟင်းကို လွန်စွာမှပင် ဘုဉ်းပေးလိုသော ဇောနှင့် စလောင်းကိုမ၍ ဒယ်အိုးကို အမြန်ဖွင့်လိုက်သည်တွင် ကောင်ရေ ငါးထောင်ထက်မနည်းသော ယင်ကောင်မျိုးစုံတို့သည် 'ဝုန်း' ဟူသော တစ်ခဲနက်အသံပြု၍ အိုးထဲမှ တစ်ပြိုင်နက် ပျံထွက်လာသည်နှင့် အမျှ ဘုန်းကြီးလည်း အထူးလန့်ဖျပ်ကာ မြေပေါ်သို့ လဲကျပြီးလျှင် သတိမေ့သွားတော့သည်။ ဒေါက်ခဲသည် ရေ အပုံး ၃၀-လောက် လောင်းချမှသာလျှင် ဘုန်းကြီးပြန်လည်သတိရလာတော့သည်။

ဘုန်းကြီးလည်း စိုရွှဲနေသော သင်္ကန်းကိုရုံလျက်နှင့်ပင် ဖွတ်သားဟင်းကို ဘုဉ်းပေးလိုဇောနှင့် ဒယ်အိုးကိုကြည့်ရာ အသားဟူ၍ စိုးစဉ်းမျှမတွေ့ဘဲ အရိုးများကိုသာ တွေ့ရသဖြင့် လွန်စွာအံ့ဩစိတ်ပျက်မိလေတော့သည်။ သို့နှင့်အမျှ ဒေါက်ခဲအား ရှုတင်းတင်းနှင့် စူးစိုက်ကြည့်လိုက်တော့သည်။

သည်တွင် ဒေါက်ခဲသည် ဘုန်းကြီးအား အမြန်ဦးချပြီးလျှင် ငိုမဲ့မဲ့မျက်နှာနှင့် . .

"အရှင်ဘုရား ဘုဉ်းပေးဖို့ တပည့်တော်ချက်ထားတဲ့ ဖွတ်သားဟင်းတွေဟာ ယင်ကောင်တွေစားလို့ အသားတွေမကျန်တော့ဘဲ အရိုးချည်း ကျန်ပါတော့တယ် ဘုရား၊ တပည့်တော်မှာ သစ်ပင်ပေါ်ကို တက်လည်းတက်ရ . . ၊ ဖွတ်လည်းသတ်ရ . . ၊ ချက်လည်းချက်ရ . . ၊ ဒါပေမဲ့ ဘာမျှ



www.burmeseclassic.com

www.burmeseclassic.com



မစားရပါဘူး ဘုရား"

"ဟင်. . . ဒီလိုလား၊ ခွေးမသားယင်ကောင်တွေကို သတ်ပစ်ပေတော့"

"တပည့်တော် မသတ်ရဲဘူးဘုရား၊ ကာမေသုမိစ္ဆာစာရကံ ထိုက်မှာစိုးမိတယ်"

"အို. . . မင်း ကံမထိုက်နိုင်ဘူး၊ ငါအာမခံတယ်၊ ဒီယင်ကောင်တွေဟာ သူများပစ္စည်းတွေကို ခိုးစားတဲ့အ. . .က် ပါဏာတိပါတကံ ထိုက်ကုန်ကြပြီ၊ ဒါကြောင့်သူတို့ကိုသတ်ရင် အပြစ်မရှိနိုင်ဘူးကွယ့်. . .၊ မြန်မြန်သတ်စမ်း၊ ရော့. . . ဟောဒီမှာ ပုဆိန်၊ ဒီခွေးမသား ယင်ကောင်တွေကို တစ်ကောင်မှ ချမ်းသာမပေးနဲ့ ချ. . . ချ. . . သတ်"

ဒေါက်ခဲလည်း ဘုန်းကြီးကမ်းပေးသော ထင်းခွဲပုဆိန်ကြီးကို မနိုင့်တနိုင် မကိုင်ပြီးလျှင် ဒယ်အိုးထဲရှိ ယင်အချို့အား အရှိန်ပြင်းစွာနှင့် ပေါက်ချလိုက်တော့ရာ တစ်ကောင်မျှမထိဘဲ ဒယ်အိုးကွဲပြီးလျှင် ပုဆိန်သွားသည် မြေပေါ်တွင် စူးစိုက်နေတော့သည်။

ဘုန်းကြီးလည်း အနားသို့ ဝမ်းသာအားရနှင့် ချဉ်းကပ်လာပြီးလျှင် . . .

'မှန်ကရောဟ. . . ခွေးမသားတွေ လူများဥစ္စာ ခိုးစားကြဦး၊ ဘယ်နှကောင် ကျသလဲဟ"

"အတော်များများ ကျပါတယ်ဘုရား"

"ပြစမ်း ငါ့ကိုတစ်ကောင်လောက်၊ သူ့ကို ငါနှိပ်စက်ပြချင်သေးတယ်"

ဒေါက်ခဲသည် ယင်ကောင်တစ်ကောင်မျှ ရှာမတွေ့သဖြင့် ထိုနေရာတွင် တွေ့ရှိရသော ပုရွက်ဆိတ်ကြီးတစ်ကောင်ကို ဖမ်းပြီးလျှင် ဘုန်းကြီးလက်တွင်းသို့ ထည့်လိုက်ရာ၊ ပုရွက်ဆိတ်ကြီးသည် ဘုန်းကြီးအား ကိုက်လေတော့သည်။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးလည်း ဒေါသစိတ်မွှန်နေရကား ယင်နှင့် ပုရွက်ဆိတ် မခွဲခြားနိုင်ဘဲ . . .

"အောင်မယ်. . . ခွေးမသား သူ့ဒိုးယင်ကောင်က ငါ့ဥစ္စာကို ဒိုးလည်း စားသေး၊ ငါ့ကိုလည်းပြန်ကိုက်သေး၊ သိရောပေါ့ကွာ. . .၊ မင်းကို ပုရွက် ဆိတ်စာ ကျွေးပစ်မယ်" ဟု အော်ဟစ်ကြိမ်းမောင်းပြီး ပုရွက်ဆိတ်ကြီးကို ပုရွက်ဆိတ်တွင်းသို့ ပစ်ချလိုက်သည်။

ပုရွက်ဆိတ်လည်း အတွင်းဝသို့ရောက်လျှင် ဝမ်းသာအားရနှင့် တွင်းထဲသို့ အမြန်ဆင်းပြေးလေတော့သည်။

ဘုန်းကြီးလည်း အထူးအားရသဘောတွေ့သွားကာ. . .

"အေး. . . ခွေးမသား မှတ်ကရော. . .၊ နောက်တစ်ခါ နင် ဒိုးစားနိုင်သေးသလား၊ ဟင်း. . . တစ်ခါတည်း ကျွမ်းပြန်ကျသွားတာပဲ" ဟူ၍ ဝမ်းသာအားရ အော်ဟစ်လိုက်တော့သည်။

ထိုစဉ် ယင်ကောင်တစ်ကောင်သည် ဘုန်းကြီးနှာခေါင်းဖျားတွင် ကပ်နေသော ဖွတ်သားတုံးငယ်ကို စားလိုသောကြောင့် လာနားလေတော့ ရာ ဘုန်းကြီးက. . .

"ဟော့. . . ဒေါက်ခဲ၊ ဒီမှာ. . . ဒီမှာ" ဟု တိုးတိုးပြောပြီးလျှင် လက်ညှိုးဖြင့် အသာထိုးပြလေရာ ဒေါက်ခဲလည်း ဘာမျှမပြောဘဲ ပုဆိန် ကြီးကိုမပြီး ယင်ကောင်ကို တအားတွယ်လိုက်တော့သည်တွင် ယင်ကောင် ကိုမထိဘဲ ဘုန်းကြီးမျက်နှာကို ထိလေတော့သည်။ သို့ရာတွင် အလျင်စလို ဖြစ်၍ ပုဆိန်အကိုင်မှားကာ ဘုန်းကြီး၏မျက်နှာကို ပုဆိန်အသွားနှင့် မထိဘဲ ကံအားလျော်စွာ အနောင့်နှင့်သာ ထိသွားရကား ဘုန်းကြီးမှာ သွေးမထွက် ဘဲမြေပေါ်သို့ ပစ်လဲမေ့မြောသွားလေတော့သည်။

သည်တွင် ဒေါက်ခဲက ရေ အပုံး ၃၀-ခန့် ဘုန်းကြီးခေါင်းပေါ်သို့ ထပ်လောင်းချမှ ဘုန်းကြီး ပြန်လည်သတိရလာတော့သည်။ လွန်စွာ နာကျင်ကြောင်း သိရသောကြောင့် ဒေါက်ခဲသည် ဘုန်းကြီးအား ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တွဲခေါ်ပြီးလျှင် ထုံးနှင့်နနွင်းကို ရေဖြင့်ဖျော်ပြီး လိမ်းပေးရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဈာနိုမှုကိုပသီဝေဒီ

နောက်တစ်လခန့်အကြာတွင် ဘုန်းကြီးသည် ရရှိသောဒဏ်ရာမှာ လုံးဝပျောက်ကင်းသွားလေတော့သည်။

ဒေါက်ခဲကား မိမိအား ပညာဆက်လက်ပြီး မသင်ပေးသည့်အတွက် ဘုန်းတော်ကြီးအပေါ်တွင် အခဲမကြေနိုင်သေးဘဲ အခွင့်ရတိုင်း ဘုန်းကြီးအား နှိပ်စက်ချောက်တွန်းရန် အမြဲကြံရွယ်လျက်ပင် ရှိသေး၏။ ယခင်အခါများက ကလဲ့စားချေခွင့်ရငြားလည်း အားရတင်းတိမ်ခြင်းကား မရှိသေးချေ။

တစ်နေ့သော် ဘုန်းကြီးသည် ဒေါက်ခဲအား မိမိအပါးသို့ခေါ်ပြီးလျှင် နင်းနှိပ်ခိုင်းလေသည်။ နှစ်နာရီခန့်ကြာသော်လည်း ဘုန်းကြီးမှာ အညောင်းမပြေသေးရကား ဒေါက်ခဲသည် ဘုန်းကြီးကိုယ်ပေါ်ရှိ အသားများကို ခြေဖဝါးဖြင့် နင်းပေးရာမှ ပြောင်းလဲပြီး အရိုးများပေါ်တွင် ခနောင့်ဖြင့် နင်းကြိတ်လေတော့ရာ ဘုန်းကြီးမှာ အထူးနာကျင်သောကြောင့် ဒေါက်ခဲအား အနင်းရပ်စေတော့သည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးလည်း လဲလျောင်းနေရာမှ ထလိုက်ပြီးလျှင်. . .

"ဟေ့. . ဒေါက်ခဲ"

"ဘုရား"

"ငါ ညတုန်းက အိပ်မက်မက်တယ်ကွ"

"ဘယ်လိုမက်ပါသလဲဘုရား"

"ငါ ဈာန်ပျံရတယ်လို့ အိပ်မက်မက်တယ်၊ ဖြုပ္ပာဘုံ ၂၀-ကို ရောက်ခဲ့တယ်၊ ဘုရဏီနတ်သမီးနဲ့ တွေ့ခဲ့တယ်၊ တယ်လှတာပဲကွယ်"

"ဩော်. . . ဟုတ်လား၊ အိပ်ကောင်းတာပေါ့ဘုရား"

"ဒါပေမဲ့ကွာ အိပ်မက်ထဲမှာသာ ဈာန်ပျံရတာကိုး၊ အခု အိပ်ရာ ကနိုးတော့ တကယ်မပျံကြောင်းသိရလို့ ငါဖြင့် အားမရဘူးကွယ်. . .၊ ငါ ဈာန်ပျံပြီး ဘုရဏီနတ်သမီးဆီကို သွားချင်တယ်"

"ဩော်. . . ဒီလိုလား၊ ဒီအတွက်ကြောင့် အရှင်ဘုရား စိတ် မပူပါနဲ့. . .၊ တရားမကျင့်ဘဲနဲ့ ကောင်းကင်ပျံနိုင်တဲ့နည်း တပည့်တော် ဆီမှာ ရှိပါတယ်'

"ဩော်. . . အမှန်ပဲလား၊ ဒီလိုဆိုရင် နိပ်သဟ၊ ဘယ်လိုလုပ် ရမယ်ဆိုတာ ငါ့ကိုပြောစမ်း. . . မြန်မြန်"

"အရှင်ဘုရား ခေတ္တစောင့်ပါဦး၊ တပည့်တော် ကောင်းကင်ပျံတဲ့ နည်း လက်တွေ့သင်ပြပါမယ်"

သို့ပြောရင်း ဒေါက်ခဲသည် ရွာသို့သွား၍ ကျောင်းဒကာအိမ်မှ ဆန်ကောနှစ်ချပ်ကို ခေတ္တငှားယူလာခဲ့သည်။

"ဟေ့. . . ဒေါက်ခဲ၊ မင်းပြန်လာပြီလား၊ ကောင်းကင်ပျံတဲ့နည်း ဘယ်တော့ပြမှာလဲ၊ မင်းဘာကိုင်လာတာလဲ"

"တပည့်တော် ကိုင်လာတာ ဆန်ကောနှစ်ချပ်ပါ ဘုရား၊ ဒီ ဆန်ကောနှစ်ချပ်ကို အရှင်ဘုရားရဲ့ လက်မောင်းနှစ်ဖက်မှာ ချည်ပြီး အရှင် ဘုရား ထန်းပင်ပေါ်ကခုန်ပျံရင် လေထဲမှာ နေချင်သလောက် နေနိုင်တယ်. . .၊



www.burmeseclassic.com

www.burmeseclassic.com



အထက်ဖြဟ္ဘာဘုံရောက်အောင် ပျံသန်းနိုင်တယ်"

"ခွေးမသား. . . မင်း ငါ့ကို သေအောင်သတ်မလို့လား၊ ခွေးမသား . . . ထွီ"

"အရှင်ဘုရား အထင်မလွဲပါနဲ့၊ တပည့်တော်က တကယ့်စေတနာနဲ့ လျှောက်နေတာပါ၊ ငှက်တွေကိုကြည့်ပါ ဘုရား၊ သစ်ပင်ပေါ်က အတောင်ခတ်ပြီး ဘယ်တော့မှ မပျံကြဘူးမဟုတ်လား၊ သစ်ပင်ပေါ်က အသာဝဲချပြီး ကောင်းကင်ပေါ်ကို တဖြည်းဖြည်း တက်သွားတာပဲ မဟုတ်လား ဘုရား၊ မြေကြီးပေါ်ကဆိုရင် အားစိုက်အတောင်ခတ်ပြီး ပျံရတယ် မဟုတ်လား ဘုရား၊ ဒီနည်း ဒီသဘောတွေကို လေ့လာမှသိနိုင်တယ်. . .၊ တပည့်တော်ပြောတာ ယုံပါဘုရား၊ အခု ထန်းပင်ပေါ်ကို တက်ပြီး စမ်းကြည့်နိုင်ပါတယ်"

"အေး. . . မင်းရှင်းပြတော့ ဟုတ်တုတ်တုတ်ပဲ၊ မင်းဟာ အတော်ပညာရှိတဲ့ သူငယ်တစ်ယောက်ပဲ၊ ကောင်းပြီ. . . ငါစမ်းကြည့်ချင်တယ်၊ ဒါပေမဲ့ ထန်းပင်ပေါ်တက်ရတာ တယ်ခူးစူးတယ်ကွယ့်. . .၊ ကုက္ကိုပင်ပေါ်တက်ပြီး ခုန်ပျံဝဲရင်ကော မဖြစ်ဘူးလား"

"ဖြစ်နိုင်မယ်မထင်ဘူး. . .၊ ပရိက္ခာရာရှစ်ပါးထဲမှာ ထန်းယပ်တောင်ပါတယ် မဟုတ်လား၊ ထန်းဟာ ရဟန်းနဲ့ စပ်သွယ်နေပါတယ်၊ ရဟန်းနဲ့ အပ်စပ်ပါတယ်၊ ဓာတ်လိုက်ပါတယ်၊ တခြားအပင်ပေါ်က ခုန်ပျံရင်တော့ ဖြစ်မှာမဟုတ်ဘူး၊ တပည့်တော် တာဝန်မခံနိုင်ဘူးဘုရား"

"အေး. . . မင်းရှင်းပြတာ သိပ်ဟုတ်တယ်၊ ယုတ္တိရှိတယ်၊ ကိုင်းလာဟေ့. . . ငါ့လက်မောင်းနှစ်ဖက်မှာ ဆန်ကောနှစ်ချပ်ချည်ပေတော့၊ ငါ ဘုရင့်ကိုနတ်သမီးနဲ့ တွေ့ချင်လှပြီ"

ဒေါက်ခဲသည် ဘုန်းကြီးလက်မောင်း နှစ်ဖက်ရင်းတွင် ဆန်ကော နှစ်ချပ်ကို ကြိမ်ကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပေးပြီးနောက် ကျောင်းအနီးရှိ အလွန်မြင့်မားသော ထန်းပင်ပေါ်သို့ ထန်းတက်လှေကားဖြင့် တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



တက်စေတော့ရာ ဘုန်းကြီးသည် တုန်တုန်ယင်ယင်နှင့် တက်သွားတော့သည်။

ဘုန်းကြီး ထန်းပင်ပေါ်သို့ တက်ရောက်ပြီး ခေတ္တမျှအကြာတွင်

"ဟေ့. . . ဒေါက်ခဲ ငါကြောက်တယ်ကွ. . . ပြန်ဆင်းလာ ချင်ပြီ"

"ဟာ. . . အရှင်ဘုရားကလဲ သတ္တိနည်းလှချေကလား၊ စိတ်ကိုတင်းမှပေါ့၊ ဒီလိုဆိုရင် ဘုရားဇာနီနတ်သမီးဆီ ဘယ်ရောက်နိုင်တော့မှာတုံး၊ မတ်တတ်ရပ်ပါဘုရား၊ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ရထားနာသုံးပါးကို အာရုံပြုပြီး ရပ်နေတဲ့ထန်းကိုင်းကို ဆောင့်ကန်ပြီး လေထဲကို ရဲရဲကြီး ထိုးဝဲ လိုက်ပေတော့ဘုရား၊ ပြောင်း. . . နမောဒူရေဒူရေ သွားဟုန်ဟုန်. . .၊ ရဲရဲကြီး ထိုးလိုက်ပါတော့ဘုရား"

ဘုန်းကြီးသည် ဒေါက်ခဲတိုက်တွန်းသည့်အတိုင်းပင် လက်နှစ်ဖက်ကို ဆန့်တန်း၍ မိမိရပ်နေသော ထန်းကိုင်းကို အားဖြင့်ဆောင့်ကန်ပြီး လေထဲသို့ ထိုးဝဲလိုက်တော့သည်။

ဘုန်းကြီးသည် ဒေါက်ခဲထင်မြင် မျှော်မှန်းသည့်အတိုင်းပင် လေထဲတွင် မပျံဝဲနိုင်ဘဲ ထန်းပင်ပေါ်မှ ဆယ်ပတ်ခန့် ကျွမ်းပြန်ပြီး မြေပေါ်သို့ ကျလာကာ ချက်ချင်းပျံလွန်တော်မူရရှာသတည်း။

သည်တွင် ဒေါက်ခဲမှာ မိမိလက်လွန်သွားပြီဖြစ်ကြောင်း ပြန်လည်သတိရသည်နှင့်အမျှ ဘုန်းကြီး မိမိအပေါ်တွင် ရှေးအခါက ကျေးဇူးပြုခဲ့သည်တို့ကို အပြန်ပြန်အောက်မေ့ပြီးလျှင် ချုန်းချုန်းချ အဆက်မပြတ်ငိုကြွေးလေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# မြင်းချေးတန်း

ဘုန်းကြီးပျံတော်မူပြီးနောက် ဒေါက်ခဲသည် ကျောင်းတွင် နေမပျော်တော့ချေ။ အသက် ၂၁-နှစ်ကျော်အရွယ် ရောက်လာပြီဖြစ်၍ ဒေါက်ခဲသည် ကျောင်းမှထွက်ခဲ့ပြီးလျှင် နေပြည်တော်အတွင်းရှိ ဝန်ကြီးတစ်ပါးအိမ်သို့ သွားရောက်ခစားရာ ကွမ်းအစ်တော်ကိုင်ရာထူးကို ရရှိပေတော့သည်။

တစ်နေ့သော် ဝန်ကြီးသည် နန်းတော်ကြီးသို့ မြင်းစီး၍အသွားတွင် ဒေါက်ခဲအား ကွမ်းအစ်ကို မြင်းနောက်မှ လွယ်ပိုက်လျက် သွားစေသည်။ တစ်နေ့ရာတွင် ဒေါက်ခဲသည် ခလုတ်တိုက်မိပြီး လဲသွားရာ ပိုက်ထားသည့်ကွမ်းအစ်မှာလည်း လမ်းပေါ်သို့ ကျသွားပြီးလျှင် ကွမ်းရွက်၊ ကွမ်းသီးစသည်တို့မှာ ဖိတ်စဉ်ကုန်တော့သည်။

ဝန်ကြီးလည်း အထူးဒေါသထွက်လာပြီးလျှင်. . .

"ခွေးမသား. . . အလုပ်ဖြင့်စပြီးမလုပ်ရသေးဘူး၊ အသုံးမကျတာတွေကို လုပ်ပြနေပြီလား"

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ကျွန်တော်မျိုး သတိလစ်သွားပါတယ်၊ နောက်ကို သတိရှိပါမယ် ဘုရား"

"အေး. . . နောက်ကို မင်းကောင်းကောင်းကြီး သတိထား တော့"

"မှန်လှပါ. . . ဒါထက် ကျသွားတာတွေကို ပြန်ပြီးကောက်ယူခဲ့ရမလား ဘုရား"

"အေး. . . ကျသွားတာတွေအားလုံး ပြန်ကောက်ပြီး ထည့်လာ၊ မြန်မြန်လုပ် အချိန်မရှိဘူး"

သည်တွင် ဒေါက်ခဲသည် ဖိတ်စဉ်၍ကျကုန်သော ကွမ်းသီး၊ ကွမ်းရွက်နှင့် ထုံးဘူးများအပြင် မြင်းချေးတုံးများကိုလည်း အရောရော အနှောနှော ကွမ်းအစ်ထဲသို့ ကောက်ထည့်ပြီး ယူလာတော့သည်။

နန်းတော်အနီးသို့ရောက်သော် ဝန်ကြီးသည်ကွမ်းအစ်ကို ဒေါက်ခဲလက်မှ ယူပြီးလျှင် ညီလာခံသို့ တက်ရောက်ရန် နန်းတော်တွင်းသို့ ဝင်သွားလေတော့သည်။ ဒေါက်ခဲမှာကား နန်းတော်အနီးတွင်ပင် မြင်းကို ကိုင်၍ စောင့်နေရသည်။

နန်းတွင်းညီလာခံ ခေတ္တရပ်နားဆဲတွင် ဝန်ကြီးသည် ကွမ်းစား သိုသောကြောင့် ကွမ်းအစ်ကို ဖွင့်လိုက်ရာ မြင်းချေးတုံးများကို တွေ့ရ သဖြင့် အန်စွာစိတ်ဆိုးလေတော့သည်။ ထိုမျှမကသေး အခြားမြင်သူ ဝန်ကြီးတို့၏ ပြက်ရယ်ပြုခြင်း ခံရသဖြင့်လည်း လွန်စွာအရှက်ရတော့ သည်။ သို့နှင့် မိမိအား အရှက်ရအောင်ပြုသော ဒေါက်ခဲကို အိမ်ရောက် လျှင် ပြင်းထန်စွာဒဏ်ပေးရန် ဆုံးဖြတ်လိုက်တော့သည်။

ဝန်ကြီးသည် ညီလာခံပြီး၍ မိမိအိမ်သို့ ပြန်ရောက်သောအခါ ကြိမ်ရှည်ကိုကိုင်ပြီး နီမြန်းသောမျက်နှာနှင့် ဒေါက်ခဲအား ခေါ်လိုက်တော့ သည်။

"ဟေ့. . . ခွေးမသား၊ မင်းဟာ ပရိသတ်ဗိုလ်ပုံအလယ်မှာ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အရှက်ကို ခွဲခဲ့တယ်၊ ဘာပြုလို့ ကွမ်းအစ်ထဲမှာ မြင်းချေးတုံးတွေ ကောက်ထည့်လာရသလဲ . . ၊ ထွီ . . ကိုင်း . . . ငါ့ခါးနဲ့သေပေတော့"

သည်တွင် ဒေါက်ခဲသည် ဝန်ကြီးအား ပြားပြားဝပ်တွား ရှိခိုးရင်း

"သည်းခံတော်မူပါ အရှင်ဘုရား၊ ဒီလိုဖြစ်ရတာ ကျွန်တော်မျိုး၏ အပြစ်မဟုတ်ပါဘူး၊ ကျွန်တော်မျိုးဟာ အရှင်ဘုရား စေခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့ပါတယ်"

"ခွေးမသား. . . မင်းဘာပြုလို့ ကွမ်းအစ်ထဲ မြင်းချေးတွေထဲ ကောက်ပြီးထည့်လာရတာတုံး၊ ငါ့ကို အရှက်ခွဲရတာတုံး"

"မှန်လှပါ. . . အရှင်ဘုရားက ကျသွားတာတွေကို အားလုံး ပြန်ကောက်ပြီး ထည့်ယူလာလို့ အမိန့်ရှိတဲ့အတိုင်း ကျွန်တော်မျိုး တစ်သဝေမတိမ်း လိုက်နာခဲ့ပါတယ်၊ ကွမ်းသီး၊ ကွမ်းရွက်သာမက မြင်းချေးတွေလည်း ကျသွားတဲ့အတွက် ကျွန်တော်မျိုး ကောက်ထည့်ခဲ့ခြင်း ဖြစ်ပါတယ်ဘုရား၊ ချမ်းသာပေးတော်မူပါ"

သည်တော့မှ ဝန်ကြီးလည်း မိမိအပြောမှားမိသည်များကို မြင် လည်းဆင်ခြင်ကာ ဒေါသကိုထိန်းအုပ်ပြီးလျှင် အမျက်ပြေသွားရလေ တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

၀

## ဓာဝေးခရီးဓောဝင်းဓောင်းဝြည်

နောက်တစ်နေ့တွင် ဝန်ကြီးနှင့် ဝန်ကြီးကတော်တို့သည် တိုင်ပင်ဆွေးနွေးကြသည်။ ဝန်ကြီးကတော်က. . .

"ဒီကောင်မိုက်ကို နောက်ဘယ်တော့မှ နန်းတော်ထဲကို ခေါ်မသွားနဲ့တော့၊ အရှက်ကွဲရမှာပဲ၊ သူ့ကို အိမ်မှာပဲ ကလေးထိန်းခိုင်းမယ်၊ တွမ်းအစ်ကိုင်ဖို့ လူတစ်ယောက်ငှားပါ" ဟု အကြံပေးရာ ဝန်ကြီးက သဘောတူလေသည်။

နောက်တစ်နေ့တွင် ဝန်ကတော်သည် ဒေါက်ခဲအား. . .

"ဟေ့ကောင်. . . ငါဈေးသွားဦးမယ်၊ မင်း ငါ့ကလေးကို ငါမရှိတုန်းမှာ ကောင်းကောင်းကြည့်နေရမယ်" ဟု မှာထားပြီး ဈေးသို့သွားလေတော့သည်။

ဝန်ကြီးကတော် ဈေးသို့ထွက်သွားစဉ် အိမ်တွင်ကျန်ရစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်သည် ပုခက်တွင်းမှ ဆင်းလာပြီးလျှင် အိမ်ပြင်သို့ ထွက်သွားသည်။ ထို့နောက် ကျင်ကြီးတွေပါ၏။ ရွှံ့ပုပ်တွေကို ကိုင်၍ကစား၏။

ဒေါက်ခဲမှာ ဝန်ကတော်မှာသွားသည့်အတိုင်း ဘာမျှမလုပ်ဘဲ ကလေးလုပ်သမျှကို ကောင်းကောင်းကြည့်ကာ နေတော့သည်။

မကြာမီ ဝန်ကတော်ဈေးမှ ပြန်ရောက်လာပြီးလျှင် သားကို ချီလိုသောကြောင့် အနားသို့ကပ်ပြီး ချီလိုက်ရာ ကျင်ကြီးတွေ၊ ရွှံ့ပုပ်တွေ ပေကျံနေသောကြောင့် လွန်စွာစိတ်ဆိုးလေတော့သည်။

"ခွေးမသား မင်းကို ဘာမှယုံလို့မရပါလား၊ ကြည့်စမ်း. . . ကလေးဟာ ကျင်ကြီးတွေ ရွှံ့ပုပ်တွေပေလို့ တစ်ကိုယ်လုံး နံစော်နေတော့ တာပဲ၊ မင်းကို တာဝန်ပေးတဲ့အတွက် ဝန်ကြီးပြန်လာရင် ဓားနဲ့သတ်ခိုင်း မယ်၊ သေဖို့သာ ပြင်ပေတော့. . . ခွေးမသား"

"စိတ်မဆိုးပါနဲ့၊ အထင်မလွဲပါနဲ့ အရှင်မဘုရား၊ ကျွန်တော်မျိုး ဟာ ကလေးကို ကောင်းကောင်းကြည့်နေရမယ်လို့ အရှင်မ မှာသွားတဲ့ အတိုင်း ကောင်းကောင်းကြည့်နေခဲ့ပါတယ်၊ ကလေးဟာ ပုခက်ပေါ်က ဆင်းပြီး အိမ်ပြင်ထွက်သွားပါတယ်၊ ကျင်ကြီးတွေပါတယ်၊ ရွှံ့ပုပ်ကိုင် ကစားတယ်၊ ကျွန်တော်မျိုး ကောင်းကောင်းကြည့်နေလို့ ကောင်းကောင်း မြင်ခဲ့ရပါတယ်၊ ကျွန်တော်မျိုးမှာ အပြစ်မရှိပါ၊ အရှင်မက ကောင်းကောင်း ကြည့်နေလို့ မှာခဲ့တဲ့အတိုင်း ကောင်းကောင်းကြည့်နေခဲ့တာပဲ"

သို့ကြားရသော် ဝန်ကတော်သည် ပြန်လည်တွေးဆပြီး ထွက်ကြွ လာသော ဒေါသစိတ်ကို ပြန်လည်ထိန်းအုပ်ကာ အမျက်ပြေသွားရတော့ သည်။

"ဒေါ်ကွယ်. . . ငါ အပြောမှားသွားတယ်၊ ဖြစ်ပြီးတာတွေလည်း ဘယ်တတ်နိုင်တော့မှာလဲ၊ နောက်ကို ကြပ်ကြပ်သတိထားပေတော့. . . ကလေးကို ကောင်းကောင်းကြည့်၊ ကျင်ကြီးတွေပါရင် ချေးကောင်းကောင်း သုတ်လိုက်၊ မနံအောင်လုပ်ထား၊ စင်ကြယ်အောင်လုပ်ထား၊ နန္ဒင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လူးထား"

"မှန်လှပါ. . . ကျွန်တော်မျိုး လိုက်နာပါ့မယ်"

နောက်တစ်နေ့တွင် ဝန်ကတော်သည် ဈေးထဲသို့ ထွက်သွားပြန်သည်။ ထိုစဉ်ဝယ် ကလေးသည် ပုခက်တွင်းမှ ဆင်းလာပြီး ကျင်ကြီးတွေ ပါလေတော့သည်။

ဒေါက်ခဲသည် ကလေး၏ကျင်ကြီးကို အဝတ်ဖြင့် သုတ်ပေးသည်။ သို့ရာတွင် ချေးတစ်ခါသုတ်လျှင် ကလေး၏ကျင်ကြီးများ နောက်တစ်ခါ ထွက်လာပြန်တော့သည်။ ဒေါက်ခဲသည် ဆယ်ခါမျှ သုတ်ပေးပြီးလျှင် ကလေး၏ဖင်ကို နမ်းကြည့်ရာ ကျင်ကြီးနံ့ နံနေသည်ကို တွေ့ရပြန်သည်။ ထို့ကြောင့် ဒေါက်ခဲသည် ကလေး၏ဖင်ကို ဓားမြှောင်ဖြင့် ထိုးဖောက်လိုက်သည်။ ထို့နောက် နမ်းကြည့်ရာ နံနေသေးသဖြင့် အူအသည်းများကို လှီးထုတ်ပြီး စင်ကြယ်၍မနံအောင် ရေဖြင့်ဆေးလိုက်သည်။ ထို့နောက် ကလေး၏ တစ်ကိုယ်လုံးကို နန္ဒင်းဖြင့် လိမ်းကျံပြီးလျှင် ပုခက်တွင်ပြန်၍ သိပ်ထားလိုက်သည်။ ကလေးကား အသက်မရှိတော့ချေ။

ထို့နောက် ဒေါက်ခဲသည် အောက်ပါ ကလေးချော့သီချင်းကို သီဆိုရင်း ပုခက်လွှဲ၍ ကလေးကို သိပ်နေတော့သည်။

"အိပ်ပါကွယ့် လူကလေးရယ်. . . အိပ်ပါတော့လေး"

"မင်းအမေဈေးထဲက ကောက်ညှင်းထုပ်ဝယ်လာမယ်ကွယ့်"

"မင်းအမေရောက်လာရင် ကောက်ညှင်းထုပ်စားဖို့သာ အသင့်ပြင်"

"မငိုပါနဲ့ တိတ်ပါလူကလေး. . . အိပ်ပါကွယ့်လေး"

"အိပ်ရာကထရင် ချိုချိုစိုစို့ဖို့သာပြင်"

မကြာမီ ဝန်ကြီးသည် နန်းတော်မှ ပြန်ရောက်လာတော့သည်။

"ဟော့. . . ဒေါက်ခဲ၊ ကလေးဘယ်မှာလဲ"

"ကလေးအတွက် မပူပါနဲ့၊ ကလေးကျင်ကြီးတွေပါလို့ ကျွန်တော်မျိုး ရေဆေးပြီး စင်ကြယ်အောင် မန်စော်ရအောင် နန္ဒင်းလိမ်းပေးပြီး အခု



www.burmeseclassic.com

www.burmeseclassic.com



ပုခက်ပေါ် မှာသိပ်ထားလို့ အိပ်ပျော်နေပြီ"

"အေး အေး . . . ဒီလိုဆိုတော့ မင်း အလိမ္မာကြီးပဲ . . . တော်သကွယ်"

သို့ပြောရင်း ဝန်ကြီးသည် ပုခက်ထဲမှကလေးကို သွားပွေ့ချီလိုက်ရာ အသက်မရှူတော့ဘဲ တစ်ကိုယ်လုံး အေးစက်စက်နေသည်ကို တွေ့ရှိမှ ကလေးအသက်မရှိတော့ကြောင်း သိရတော့သည်။ ကလေး၏ ဝမ်းဗိုက်ကို ဓားဖြင့်ခွဲထားသည်ကို တွေ့ရှိသောကြောင့် ဝန်ကြီးသည် အထူးဒေါပွကာ ဓားရှည်ကို ဆွဲကိုင်ပြီးလျှင် . . .

"ဟေ့ . . . ဒေါက်ခဲ၊ ခွေးမသား၊ မင်းတော့ သေပေတော့၊ ငါ့ကို မှန်မှန်ပြောစမ်း၊ ကလေးကို မင်းသတ်တာပေါ့ . . . ဟုတ်လား၊ မင်း သေဖို့ ပြင်ပေတော့"

ဒေါက်ခဲသည် ဝန်ကြီးရှေ့တွင် ရှိသေစွာ လာရောက်ဦးချပြီးလျှင်

"ကျွန်တော်မျိုး ကလေးကို မသတ်ရပါဘုရား၊ ဝန်ကတော်က ကလေးကျင်ကြီးတွေပါရင် သုတ်ပေးရမယ်၊ ကျင်ကြီးနံ့မရတဲ့အထိ ကျင်ကြီးအစအနမကျန်စေဘဲ စင်ကြယ်အောင် ရေဆေးပြီး နန္ဒင်းလိမ်းပေးရမယ်လို့ မှာသွားပါတယ်၊ မှာသွားတဲ့အတိုင်း ကလေးကျင်ကြီးတွေပါတော့ ကျွန်တော်မျိုး ရေဆေးပြီး ဖင်ကိုနမ်းကြည့်ပါတယ်၊ ဒါပေမဲ့ ချေးနံ့ မပျောက်နိုင်ပါဘူး၊ ဒါကြောင့် ဝမ်းထဲမှာကျန်နေတဲ့ ပင်ရင်းအခြေခံဖြစ်တဲ့ ကျင်ကြီးတွေကို ကျွန်တော်မျိုး ဓားနဲ့ခွဲပြီး အူတွေအသည်းတွေပါ ထုတ်ပစ်လိုက်ပါတယ်၊ ဒီတော့မှ ကျင်ကြီးနံ့တွေ လုံးလုံးပျောက်ကုန်ပါတယ်၊ အရှင်ဘုရား အထင်မလွဲပါနဲ့ ကျွန်တော်မျိုး ကလေးကို မသတ်ရပါ . . .၊ ကျင်ကြီးနံ့ပျောက်ပြီး စင်ကြယ်အောင် ဝန်ကတော်မှာသွားတဲ့အတိုင်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ခြင်းမျှသာ ဖြစ်ပါတယ်"

ထိုစဉ် ဝန်ကတော် အိမ်ပြန်ရောက်လာသည်နှင့် ဝန်ကြီးသည် ဝန်ကတော်အား ဒေါက်ခဲအား မည်သို့မှာသွားကြောင်းကို မေးမြန်းလေရာ ဝန်ကတော်က မိမိမှာသွားချက်များကို တစ်လုံးမကျန် ပြန်လည်ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

သည်တော့မှ ဝန်ကြီးသည် " ဪ. . . ဝန်ကတော်က ကလေးကျင်ကြီးပါရင် သုတ်ပစ်ရမယ်၊ စင်ကြယ်အောင်. . . အနံ့ပျောက်အောင် လုပ်ရမယ်၊ ကျင်ကြီး အစအနမကျန်အောင် သုတ်ရမယ်၊ လုပ်ရမယ်၊ ဆေးပစ်ရမယ်လို့ မှာသွားတာကို. . .၊ မှာသွားတဲ့အတိုင်း ဒေါက်ခဲက ကျင်ကြီးတစ်စက်မှမကျန်အောင်. . . မနံအောင် ဗိုက်ခွဲပြီး ကျင်ကြီးတွေ ထုတ်လိုက်ခြင်းပဲ. . .၊ သူ့ဆီမှာ အပြစ်မရှိပါဘူး၊ မှာသွားတဲ့ အတိုင်း သူလုပ်ခြင်းပဲ" ဟု ညည်းတွားပြီးလျှင် ဒေါက်ခဲအား ခါးဖြင့် မခုတ်သတ်ရက်ဘဲ ချမ်းသာပေးလိုက်တော့သည်။

သို့နှင့်အမျှ ဝန်ကြီးနှင့်ဝန်ကတော်တို့မှာ ဘာမျှမတတ်နိုင်ကြဘဲ မိမိတို့အကုသိုလ်ကံကိုသာလျှင် ယိုးမယ်ဖွဲ့ပြီးလျှင် တစ်နေ့နှင့် တစ်ညလုံးလုံး "အို. . . သားလေးရဲ့၊ မင်း ခဏခဏကျင်ကြီးပါတာကိုကွယ့်၊ မင်းခဏခဏကျင်ကြီးပါတော့ မင်းသေရတာပေါ့ကွယ့်၊ ကျင်ကြီးပါတဲ့ သားရဲ့၊ ကျင်ကြီးပါပြပါဦးလေ. . .၊ ကျင်ကြီးပါပြပါဦးလေ. . .၊ ကျင်ကြီးပါပါဦး" စသည်ဖြင့် အော်ကာ အဆက်မပြတ် ငိုကြွေးကြတော့ သည်။

နောက်တစ်နေ့တွင် ဝန်ကြီးသည် ဒေါက်ခဲအားခေါ်ပြီးလျှင်. . .

"ဟေ့. . . ဒေါက်ခဲ၊ မင်းကို ကွမ်းအစ်တော်ကိုင် ခန့်ခဲ့တယ်၊ ကလေးထိန်းအဖြစ်နဲ့လည်း တာဝန်ပေးခဲ့တယ်၊ ဒါပေမဲ့ ကွမ်းအစ်လည်း မကိုင်တတ်ဘူး၊ ကလေးလည်း မထိန်းတတ်ဘူး၊ ကလေးလည်း သေခဲ့ရပြီ၊ ဒါကြောင့် မင်းကို ဒီနေ့ကစပြီး ဒီအိမ်မှာ နေခွင့်မပေးနိုင်တော့ဘူး၊ မင်းသွားချင်ရာသွားပေတော့" ဟု ပြောကာ အိမ်မှနှင်ထုတ်လိုက်လေသည်။

*

*



www.burmeseclassic.com

www.burmeseclassic.com



ပွားနိုင်ပါဘူး"

"ငါ့သား. . . မင်း မှားလိမ့်မယ်၊ နန်းတော်ထဲကို မသွားပါနဲ့၊ အမေနဲ့အတူတူနေပြီး အမေ့ကို လုပ်ကျွေးပါလား၊ ထမင်းမငတ်နိုင်ပါဘူးကွယ်၊ မင်းကို အမေ ဈေးရောင်းကျွေးပါ့မယ်"

"အမေ. . . ကျွန်တော့်ကို မတားပါနဲ့ ရှင်ဘုရင့်ဆီမှာသာ ခစားရရင် ကျွန်တော် မုချကြီးပွားနိုင်မှာပဲ၊ ဒါကြောင့် ကျွန်တော့်ကို သွားခွင့်ပေးပါတော့၊ အမေ အခွင့်မပေးရင်လည်း ကျွန်တော် အတင်းပဲ သွား ရလိမ့်မယ်"

သို့နှင့် မိခင်ဖြစ်သူမှာ မတားနိုင်၊ မတတ်နိုင်တော့သဖြင့် သားဖြစ်သူအား အခွင့်ပေးလိုက်ရပြီးလျှင် ဘုရင့်ထံသို့ သွားရောက်အပ်နှံပေးလိုက်တော့သည်။

ဘုရင်လည်း ဒေါက်ခဲကို မြင်လျှင်မြင်ချင်း ချစ်ကျွမ်းဝင်လာပြီးလျှင် ဖိနပ်တော်ရာထူးကို ပေးသနားကာ အပါးတော်တွင် အမြဲခစားစေသည်။

သို့နှင့် သုံးနှစ်ခန့်ကြာသောအခါ ဒေါက်ခဲမှာ ထီးမူနန်းဓလေ့ထုံးစံများနှင့် မိတ်ကျွမ်းဝင်လာပြီးလျှင် ပညာဗဟုသုတလည်း တိုးပွားလာသည်နှင့်အမျှ ဘုရင်မင်းမြတ်သည် ၎င်းအား ပညာရှိသုခမိန်အဖြစ် ခန့်ထားလေတော့သည်။

ဒေါက်ခဲ၏ ဉာဏ်ပညာ အမြော်အမြင်ကြီးပုံနှင့် ပညာဗဟုသုတ ပြည့်ဝပုံတို့မှာ မွန်တိုင်းပြည်တွင်သာမက တိုင်းခြားများသို့ပင် ပျံ့နှံ့သွားတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com



ပွားနိုင်ပါဘူး"

"ငါ့သား. . . မင်း မှားလိမ့်မယ်၊ နန်းတော်ထဲကို မသွားပါနဲ့၊ အမေနဲ့အတူတူနေပြီး အမေ့ကို လုပ်ကျွေးပါလား၊ ထမင်းမငတ်နိုင်ပါဘူး ကွယ်၊ မင်းကို အမေ ဈေးရောင်းကျွေးပါ့မယ်"

"အမေ. . . ကျွန်တော့်ကို မတားပါနဲ့ ရှင်ဘုရင့်ဆီမှာသာ ခစားရရင် ကျွန်တော် မုချကြီးပွားနိုင်မှာပဲ၊ ဒါကြောင့် ကျွန်တော့်ကို သွားခွင့်ပေးပါတော့၊ အမေ အခွင့်မပေးရင်လည်း ကျွန်တော် အတင်းပဲ သွား ရလိမ့်မယ်"

သို့နှင့် မိခင်ဖြစ်သူမှာ မတားနိုင်၊ မတတ်နိုင်တော့သဖြင့် သား ဖြစ်သူအား အခွင့်ပေးလိုက်ရပြီးလျှင် ဘုရင့်ထံသို့ သွားရောက်အပ်နှံပေး လိုက်တော့သည်။

ဘုရင်လည်း ဒေါက်ခဲကို မြင်လျှင်မြင်ချင်း ချစ်ကျွမ်းဝင်လာပြီး လျှင် ဖိနပ်တော်ရာထူးကို ပေးသနားကာ အပါးတော်တွင် အမြဲခစားစေ သည်။

သို့နှင့် သုံးနှစ်ခန့်ကြာသောအခါ ဒေါက်ခဲမှာ ထီးမူနန်းဓလေ့ ထုံးစံများနှင့် မိတ်ကျွမ်းဝင်လာပြီးလျှင် ပညာဗဟုသုတလည်း တိုးပွားလာ သည်နှင့်အမျှ ဘုရင်မင်းမြတ်သည် ၎င်းအား ပညာရှိသုခမိန်အဖြစ် ခန့် ထားလေတော့သည်။

ဒေါက်ခဲ၏ ဉာဏ်ပညာ အမြော်အမြင်ကြီးပုံနှင့် ပညာဗဟုသုတ ပြည့်ဝပုံတို့မှာ မွန်တိုင်းပြည်တွင်သာမက တိုင်းခြားများသို့ပင် ပျံ့နှံ့သွား တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ကြွခိစေဃိပြဿနာ

တစ်နေ့သောအခါ ခေါမတိုင်းပြည်ဘုရင်က စေလွှတ်သဖြင့် အမတ်ပညာရှိ ၃၀-နှင့် ခေါင်းဆောင်ပညာရှိ ၁-ယောက်၊ ပေါင်း ၃၁-ယောက်သော ပညာရှိအဖွဲ့ဝင်တို့သည် ဂန္ဓာဝါသနေပြည်တော်သို့ သင်္ဘောဖြင့် ရောက်လာကြသည်။ ၎င်းတို့သည် ရွှေငွေများကို သင်္ဘော ၇-စင်းဖြင့် တင်ဆောင်လာသေးသည်။ ၎င်းပြင် ကြက်ငယ်တစ်ကောင်ကိုလည်း ယူဆောင်လာကြသည်။

ထိုပညာရှိအဖွဲ့သည် မွန်ဘုရင်အား ဝင်ရောက်ဖူးမြော်ကြသည်၊ ထွင်မွန်ဘုရင်က. . .

"သင်တို့ ဘယ်တိုင်းပြည်ကလဲ၊ ဘာကိစ္စနဲ့ လာရောက်ကြပါသလဲ"

"အခြားမဟုတ်ပါ. . .၊ အရှင်မင်းမြတ်ရဲ့ နန်းတော်ထဲမှာ ပညာရှိများရှိကြောင်း ကြားသိရပါ၍ ပညာစမ်းလိုသောကြောင့် တွျန်တော်

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မျိုးတို့ရဲ့ ခေါမတိုင်းပြည်ဘုရင်က စေလွှတ်၍လာရပါတယ်"

"ကောင်းပြီ. . .၊ ပညာစမ်းနိုင်ပါတယ်"

သည်တွင် အမတ်အကြီးအချုပ်သည် ကြက်ငယ်တစ်ကောင်ကို ဘုရင်အားပြ၍ လက်ဖြင့်အုပ်ထားပြီးလျှင်. . .

"အရှင်မင်းမြတ်. . . ဒီကြက်ဟာ အရှင်လား. . . အသေလား၊ ဖြေနိုင်ရင် ကျွန်တော်မျိုးတို့နဲ့ ပါလာတဲ့ ရွှေငွေသင်္ဘော ၇-စင်းကို ပေးပါမယ်၊ မဖြေနိုင်ရင် အရှင်မင်းမြတ်ရဲ့ တိုင်းပြည်ကို သိမ်းယူရမယ်. . .၊ သဘောတူပါသလား"

ဘုရင်သည် အနည်းငယ်စဉ်းစားပြီးလျှင်. . .

"ကောင်းပြီ. . . ငါ့ပညာရှိတွေနဲ့ တိုင်ပင်ပါရစေဦး၊ ဒီနေ့ကစပြီး နောက် ၇-ရက်ကြာရင် အဖြေပေးမယ်"

ရှင်ဘုရင်လည်း မိမိအမတ် ၄-ယောက်တို့အား ခေါ်ယူတိုင်ပင်ရာ လက်ဖြင့်အုပ်ထားသော ကြက်ငယ်ကို အရှင်ဟုဖြေပါက ထိုကြက်ငယ်ကို မှုချညှစ်သတ်မည်။ အသေဟုဖြေပါက ညှစ်မသတ်ဘဲ အရှင်အတိုင်း ပြမည်ကို ကြိုတင်သိရှိပြီးဖြစ်သည်နှင့်အမျှ မည်သို့မျှ မဖြေနိုင်၊ အကြံ မပေးနိုင်သောကြောင့် လက်မှိုင်ချလျက် ရှိတော့သည်။

သို့ဖြစ်ရကား နောက်ဆုံးတွင် ရှင်ဘုရင်သည် ဖြေနိုင်မည့်သူ ပေါ်ထွန်းရန် မောင်းကြော်ရိုက်တီးစေသည်တွင် ဒေါက်ခဲကြားသော ကြောင့် ဘုရင့်ထံ သွားရောက်လျှောက်ကြားလေသည်။

"အရှင်ဘုရား. . . ကျွန်တော်မျိုး ဖြေနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်မျိုးမေးတာကိုလည်း သူတို့ဖြေရမယ်ဘုရား"

"ဟုတ်လား. . . ဖြေနိုင်လား၊ အဟုတ်ဖြေနိုင်မှာလား"

"ဖြေနိုင်ပါတယ်ဘုရား၊ ဖြေနိုင်ရင် ကျွန်တော်မျိုးကို ဘယ်လို ချီးမြှင့်မှာလဲဘုရား"

"ဖြေနိုင်ရင် သင်္ဘော ၇-စင်းမှာပါတဲ့ ရွှေငွေတွေထဲက တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းကိုပေးမယ်"

"ကောင်းပါပြီဘုရား. . . သဘောတူပါတယ်၊ ဒါထက် ဖြေရမယ့်နေ့မှာ ကြက်မပျိုတစ်ကောင်ကို နူးအောင်ပြုတ်ထားပါဘုရား၊ အရက်ကောင်းကောင်း တစ်ပုလင်းကိုလည်း ရှာထားပါဘုရား၊ စိတ်ချပါဘုရား၊ ကျွန်တော်မျိုးဖြေပါမယ်"

သို့ ဒေါက်ခဲ၏ တင်လျှောက်ချက်ကို ကြားရသော ဘုရင်သည် လွန်စွာအားရလာပြီးလျှင် ရောက်လာသောအမတ်အဖွဲ့ဝင်တို့အား. . .

"သင်တို့မေးသည်ကို ငါတို့ဖြေကြားပါမည်၊ သို့သော် ငါတို့မေးသည်ကိုလည်းသင်တို့ဖြေကြားရမည်၊ မဖြေနိုင်က သင်တို့အရှုံးပေးရမည်" ဟူ၍ ပြန်လည်အကြောင်းကြားလိုက်သည်။

ပုစ္ဆာကို ဖြေကြားရမည့်ရက်တွင် နန်းတော်တွင်းရှိ သတ်မှတ်ထားသော နေရာသို့ အမတ် ၃၁-ယောက်နှင့်တကွ တိုင်းသူပြည်သားအများ လာရောက်ကြတော့သည်။

ဒေါက်ခဲသည် ကောင်းစွာဝတ်စားဆင်ယင်၍လာပြီးလျှင် ဘုရင့်ရှေ့သို့ရောက်လေသော်. . .

"အရှင်ဘုရား. . . ကြက်ပျိုမပြုတ်နဲ့ အရက်ရှိပြီလား"

"အေး. . . အားလုံးရှိတယ် အဆင်သင့်ပဲ"

ဒေါက်ခဲလည်း ကြက်ပျိုမပြုတ် တစ်ကောင်လုံးကို မြည်းရင်း အရက်တစ်ပုလင်းလုံးကို မော့သောက်လိုက်တော့သည်။ သို့နှင့်အမျှ အထူးရဲရင့်အားတက်လာပြီးလျှင် လှေကားထစ်အလယ်ဆင့်ပေါ် သို့ အမြန်ခုန်တက်ရပ်တည်ကာ နိုင်ငံခြားမှလာသော သုခမိန်အဖွဲ့ဝင်တို့အား. . .

"ကိုင်း. . . အဆွေတို့ ကြည့်ကြလော့၊ အခုကျွန်တော် လှေကားအထက်ဆင့်ကို တက်သွားမလား၊ အောက်ဆင့်ကို ဆင်းလာမလား ဖြေကြလော့" ဟု သူတို့မမေးမီ အလျှင်မေးလိုက်တော့သည်။

သည်တွင် အမတ်များမှာ မည်သို့မျှ မဖြေနိုင်ဘဲ တွေဝေငေး



www.burmeseclassic.com

www.burmeseclassic.com



မောကာ ဒေါက်ခဲသည် မိမိတို့ထက်အကြံဦးလေခြင်းဟုအထူးစိတ်ပျက်ပြီး အရှုံးပေးလိုက်ရတော့သည်။ ယူလာသော ရွှေသဘော် ၇-စင်းကို မွန်ဘုရင်အား ပေးအပ်ပြီးလျှင် ၎င်းတို့တိုင်းပြည်သို့ ရှက်ရှက်နှင့် ပြန်သွားကြတော့သည်။

မွန်ဘုရင်သည် သဘော် ၇-စင်းမှ ရွှေငွေတစ်ဝက်ကို ဒေါက်ခဲအား ပေးသော်ငြားလည်း ဒေါက်ခဲသည် ပေးသမျှကို မယူဘဲ ရွှေတစ်တင်းနှင့် ငွေတစ်တင်းကိုသာယူ၍ ဆင်းရဲနေသော သူ့အမိထံ ထမ်းပို့လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# ချွဲသာခံစေမီ

နောက်တစ်လခန့်ကြာသော် ယိုးဒယားပြည်မှ လူ ၅၀၀-တို့သည် လွန်စွာသန်မာထွားကျိုင်းသည့် တိုက်ကျွဲကြီးတစ်ကောင်ကို သင်္ဘောနှင့်တင်၍ ဂန္ဓောဝါသမင်းနေပြည်တော်သို့ ရောက်လာကြသည်။ ၎င်းတို့နှင့်အတူ ရွှေငွေများ သင်္ဘော ၇-စင်းနှင့် အပြည့်ပါလာသည်။

မွန်အကောက်အရာရှိများသည် ယိုးဒယားများကိုမြင်သော် . .

"သင်တို့ ဘယ်တိုင်းပြည်က လာကြသလဲ၊ ဘာကိစ္စနဲ့ ကျွန်ုပ်တို့ပြည်ကို လာရောက်ကြပါသလဲ"

"ကျွန်ုပ်တို့ ယိုးဒယားပြည်က လာကြတယ်၊ သင်တို့တိုင်းပြည်တွင် အလောင်းအစားနဲ့ ကျွဲတိုက်လိုသောကြောင့် လာကြတယ်"

"ဘယ်လိုအလောင်းအစားနဲ့ ကျွဲတိုက်လိုပါသလဲ'

"ကျွန်ုပ်တို့မှာ တိုက်ကျွဲတစ်ကောင်ပါလာတယ်၊ အဲဒီကျွဲကို သင်တို့ဆီက ဘယ်ကျွဲနဲ့မဆို တိုက်လိုပါတယ်၊ ကျွန်ုပ်တို့ကျွဲဟာ သင်တို့ကျွဲကို ရှုံးရင် ကျွန်ုပ်တို့ ရွှေငွေသင်္ဘော ၇-စင်းအပြည့် ပေးပါမယ်၊ သင်တို့ကျွဲကို တိုက်လို့နိုင်ရင် သင်တို့က ကျွန်ုပ်တို့အား ရွှေငွေသင်္ဘော ၇-စင်း



www.burmeseclassic.com

www.burmeseclassic.com



အပြည့်ပေးရမယ်"

အခ်ကောက်အရာရှိများသည် ရောက်လာသော ယိုးဒယား ၅၀၀-တို့အား မိမိတို့ဘုရင်ရှေ့တော်သို့ ခေါ်ဆောင်သွားကြပြီးလျှင် ယိုးဒယားများ၏ လိုလားချက်များကို တင်ပြလျှောက်ကြားရာ ရှင်ဘုရင်က ၃-ရက်အကြာတွင် စကားပြန်မည်ဖြစ်ကြောင်း ပြန်လည်မိန့်ကြားလိုက်သည်။

ထိုနေ့တွင်ပင် ရှင်ဘုရင်သည် မိမိအမတ်ပညာရှိ ၄-ယောက်တို့အား ခေါ်ယူတွေ့ဆုံပြီးလျှင် ကျွဲတိုက်ပွဲအကြောင်းနှင့် စပ်လျဉ်း၍ အကြံဉာဏ်များကို တောင်းယူရာ မည်သည့်အမတ်ကမျှ အကြံမပေးနိုင်ဘဲ နေပြည်တော်တွင် တိုက်ကျွဲကောင်းကောင်း မရှိကြောင်းကိုသာ ပြန်လည်လျှောက်ကြားကြတော့သည်။

ရှင်ဘုရင်လည်း စိတ်မလျှော့ဘဲ နောက်ဆုံးတွင် ဒေါက်ခဲအား ခေါ်၍ တိုင်ပင်ရာ ဒေါက်ခဲက. . .

"အရှင်မင်းမြတ် ဘာမျှစိုးရိမ်တော်မမူပါနဲ့၊ ကျွန်တော်မျိုး ကြံစည်ပေးပါမယ် ဘုရား၊ မုချနိုင်မှာပဲ. . .၊ သင်္ဘော ၇-စင်းထဲမှာ ပါလာတဲ့ ရွှေငွေတွေကို ထည့်သွင်းသိမ်းထားဖို့သာ တိုက်ကြီးတစ်တိုက်ကို အမြန်ဆောက်လုပ်ပါတော့၊ ယနေ့ ပြဿဒါးနေ့ဖြစ်တဲ့အတွက် ကျွဲတိုက်ပွဲကို ၇-ရက်ချိန်းလိုက်ပါဘုရား၊ နိုင်ပြီးတဲ့အခါမှာ ကျွန်တော်မျိုးကို ရွှေ အားလုံးရဲ့ တစ်ဝက်ကို ပေးပါဘုရား" ဟု ပြန်လည်လျှောက်ကြားရာ ဘုရင်မင်းမြတ်သည် လွန်စွာနှစ်လိုဝမ်းမြောက်ခြင်းဖြစ်သည်နှင့်အမျှ ဒေါက်ခဲအား သင်္ဘော ၇-စင်းမှ ရွှေငွေများကို တစ်ဝက်ပေးမည်ဟု ဝန်ခံ ကတိပေးပြီးလျှင် ကျွဲတိုက်ပွဲကျင်းပမည့်ရက်ကို နောက် ၇-ရက်အကြာသို့ ချိန်းဆိုသတ်မှတ်လိုက်တော့သည်။

ဤကျွဲတိုက်ပွဲရက်ချိန်း မတိုင်မီ ၃-ရက်အလိုတွင် ဒေါက်ခဲသည် ကျွဲသားငယ်တစ်ကောင်ကို ရှာဖွေပြီး လုံးဝနို့မစို့စေဘဲ အမိနှင့်ခွဲ၍ ကျွဲတိုက်မည့်မြေပြင်ပေါ်တွင် ခြံငယ်တစ်ခု ပြုလုပ်ပြီးနောက် သက္ကလပ်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဖြင့် မျက်နှာကို ဖုံးအုပ်ကာ ခြံလှောင်ထားလိုက်သည်။ ၎င်းကျွဲကလေး၏ နှာခေါင်းဖျားတွင် ချွန်ထက်သော မားမြှောင်ငယ်နှစ်ချောင်းကို ကြိုးဖြင့် ခိုင်မြဲအောင် ချည်နှောင်ထားလိုက်သည်။ (ဘားနတ်မှုတွင် - ဓားမြှောင်ကို သက္ကလပ်အဝတ်ဖြင့် ဖုံးအုပ်ထားသည်ဟု ပါရှိသည်။)

ရက်ချိန်းရောက်လာသောအခါ ကျွဲတိုက်မည့်နေရာသို့ မွန်နှင့် ယိုးဒယားပွဲကြည့်ပရိသတ်အများ ရောက်လာကြတော့သည်။ ပွဲဈေးတန်းမှာလည်း အထူးစည်ကားလှသည့်ပြင် ဆိုင်းသံဗုံသံများလည်း အထူးဆူညံလျက်ရှိတော့သည်။

ယိုးဒယားများသည် မျက်နှာဖုံးအုပ်လျက် ခြံလှောင်ထားသည့် ကျွဲငယ်ကို မြင်ရသော် မိမိတို့မှုချနိုင်မည်ဟု အထူးမျှော်လင့်အားတက်ပြီး "တို့ကျွဲမှုချနိုင်ရမယ်" ဟု အော်ဟစ်ကာ လက်ခမောင်းခတ်ကြတော့ သည်။

မွန်လူထုကမူ "တို့ကျွဲက ငယ်လွန်းလှတယ်၊ မှုချရှုံးတော့မှာပဲ၊ ရှုံးရင် တို့ရှင်ဘုရင်က ရွှေငွေသဘော် ၇-စင်း ပေးလျော်ရတော့မယ်၊ တို့တိုင်းပြည်လည်း ဆင်းရဲမွဲပြာကျဖို့သာ ရှိတော့တယ်" ဟု ညှိုးငယ်သော မျက်နှာဖြင့် အချင်းချင်း တီးတိုးပြောနေကြတော့သည်သာ။

အချို့ကလည်း ဒေါက်ခဲကို မသိမသာ ကလော်ဆဲကုန်ကြတော့သည်။

"ဒီခွေးမသားမြှောက်ပေးလို့ ငါတို့ရှင်ဘုရင်နဲ့ တိုင်းသူပြည်သားတွေ အကြီးအကျယ် ဒုက္ခတွေ့ရတော့မယ်" စသည်ဖြင့် ညည်းတွားကျိန်ဆဲနေကြတော့သည်သာ။

ကျွဲတိုက်ရန် အချိန်ကျရောက်သဖြင့် စီစဉ်ပြောဆိုထားသည့်အတိုင်း မောင်းကြီးကို တီးလိုက်သည်နှင့် တစ်ပြိုင်နက် ယိုးဒယားသားများသည် သူတို့ယူဆောင်လာသည့် ကျွဲကြီးကို ချည်တိုင်မှလွှတ်လိုက်တော့ရာ ကျွဲကြီးသည် ပြေးထွက်လာပြီးလျှင် ကွင်းအလယ်တွင် တရှူးရှူးတရှဲရှဲနှင့် မိမိရန်သူကို ရှာဖွေရင်း ဟိုကြည့်သည်ကြည့်ကာ အဆင်သင့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်စောင့်နေတော့သည်။

ဤသည်ကိုမြင်သော ဒေါက်ခဲသည် မိမိကျွဲသားငယ်၏ ခေါင်းပေါ်တွင် အုပ်မိုးထားသော သက္ကလပ်အဝတ်ကို ဖြုတ်ခွာပစ်လိုက်ပြီးလျှင် ခြံထဲမှ လွှတ်လိုက်တော့သည်။

၃-ရက်မျှ နို့စို့ခွင့်မရခဲ့သော ကျွဲသားငယ်သည် ခြံမှထွက်လျှင်ထွက်ချင်း ယိုးဒယားသားများ၏ တိုက်ကျွဲကြီးကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက် မိမိ၏မိခင် ကျွဲမကြီးပင်ဟု ထင်မှတ်ကာ အလွန်အမင်း နို့စို့လိုသောကြောင့် ထိုကျွဲကြီးဗိုက်အောက်သို့ ဝင်ရောက်လို၍ လျှင်မြန်ခြင်းဖြင့် ပြေးသွားလေတော့သည်။

ယိုးဒယားတိုက်ကျွဲကြီးကား မိမိဆီသို့ ကျွဲသားငယ်ကလေး ပြေးဝင်လာသည်ကို မည်သို့မျှပမာမပြု အရေးမယူဘဲ လျစ်လျူရှုကာ ကြည့်နေတော့သည်။

ကျွဲသားငယ်လေးလည်း အထူးနို့ဆာနေရကား ယိုးဒယားတိုက်ကျွဲကြီး၏ ဝမ်းဗိုက်အောက် နို့အုံနေရာသို့ အရှိန်ပြင်းစွာဖြင့် အချက် ၅၀-ခန့် ဆောင့်နေတော့သည်။

သည်တွင် ကျွဲသားငယ်၏ နှာခေါင်းဖျားတွင် ချည်နှောင်ထားလျှက်ရှိသော ထက်မြက်သည့် ဓားမြှောင်သွားနှစ်ခုတို့သည် ယိုးဒယားတိုက်ကျွဲကြီး၏ ဝမ်းဗိုက်အောက်ရှိ နို့အုံနေရာကို အကြိမ်ကြိမ်ထိုးဆွလေတော့ရာ သွေးတဒီးဒီး အဆက်မပြတ်ယိုဆီးကျလာသည်နှင့်အမျှ လွန်စွာမှပင် နာကျင်လေရကား ယိုးဒယားတိုက်ကျွဲကြီးသည် မည်သို့မျှ မတတ်နိုင်တော့ဘဲ ကျွဲသားငယ်ကို အားနာပြီး ကွင်းပြင်သို့ မရပ်မနားထွက်ပြေးလေတော့သည်။ (ဘားနတ်မှုတွင် - 'အားနာသည်' ဟူ၍မပါ၊ ကျွဲသားငယ်ကို မြင်ပြီး ကိုယ်လွတ်ထွက်ပြေးသည်ဟု ပါရှိသည်။)

သည်တွင် မွန်လူထုကြီးသည် "ငါတို့ကျွဲနိုင်ပြီ. . . ငါတို့ကျွဲ နိုင်ပြီ၊ ယိုးဒယားကျွဲကြီး ကြောက်လို့ ထွက်ပြေးပြီ. . . ကြောက်လို့ထွက်ပြေးပြီ၊



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီ. . . နိုင်ပြီ” ဟူ၍တစ်ခဲနက်ကြွေးကြော်ကခုန်ကြတော့ သည်။

ယိုးဒယားသားများမှာကား မျက်နှာပျက်ကုန်ကြပြီးလျှင် အရှုံးခံလိုက်ရသည်နှင့်အမျှ မိမိတို့ယူဆောင်လာသော ရွှေငွေသဘော် ၇-စင်းကို မွန်ဘုရင်အား ပေးအပ်လိုက်ရပြီးလျှင် ယိုးဒယားပြည်သို့ ရှက်ရှက်နှင့် ပြန်သွားကြတော့သည်။

ဘုရင်သည် ပေးထားသည့် ကတိအတိုင်း သဘော် ၇-စင်းမှ ရွှေငွေတစ်ဝက်ခွဲ၍ ဒေါက်ခဲအား ပေးကမ်းချီးမြှင့်သည့်အပြင် လွန်စွာမှပင် ပညာရှိပါပေသည်ဟု အထူးချီးကျူးလေတော့သည်။

သို့ရာတွင် ဒေါက်ခဲသည် ရွှေနှင့်ငွေ တစ်တင်းစီသာယူပြီးလျှင် မိမိမိခင်အိမ်သို့ ထမ်းဆောင်ပေးပို့လိုက်သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# မာနိုဆိုပိ့မှို

နောက်တစ်ဆယ်ခန့်အကြာတွင် ရခိုင်ဘုရင်၏ စေလွှတ်ချက်အရ ရခိုင်အမတ်ပညာရှိတစ်ဦးသည် ရွှေငွေများကို သင်္ဘော ၅-စင်းဖြင့် တင်ကာ အခြွေအရံများနှင့်တကွ ဂန္ဓောဝါသမင်းနေပြည်တော်သို့ ဆိုက်ရောက်လာသည်။

ရောက်လျှင်ရောက်ချင်း မွန်ဘုရင် သီရိဂန္ဓောထံသို့ ဝင်ရောက်ဖူးမြော်သည်။

"သင်တို့ဘယ်တိုင်းပြည်က ဘာကိစ္စကြောင့် လာကြသလဲ"

"ကျွန်တော်မျိုး၏ ရခိုင်ပြည်ရှင် ဘုရင်မင်းမြတ် စေလွှတ်ချက်အရ လာခဲ့ခြင်းဖြစ်ပါတယ်၊ အရှင်မင်းတရားကြီး တိုင်းပြည်မှာ ရေငုပ်ပြိုင်ချင်သောကြောင့် လာပါတယ်၊ ကျွန်တော်မျိုးတို့နှင့်အတူ နေရထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြာကြာငုပ်နေနိုင်မယ့် လူတစ်ယောက်နှင့် ရေငုပ်အပြိုင်ခိုင်းလိုပါတယ်၊ ရေထဲမှာ တစ်ပြိုင်တည်း ငုပ်ပြီးနေရပါမယ်၊ ရေထဲက ပထမပေါ်လာတဲ့သူက ရှုံးရပါတယ်၊ နောက်မှပေါ်လာသူက နိုင်ရပါမယ်"

"ဘယ်လိုအလောင်းအစားပြုမလဲ"

"ဘုရားကျွန်တော်မျိုးတို့ရဲ့လူဟာ ရေထဲကအရင်ပေါ်လာရင် ကျွန်တော်မျိုးက အရှင်မင်းမြတ်အား ရွှေငွေသဘော် ၅-စင်းပေးပါမယ်၊ အရှင်မင်းမြတ်ရဲ့လူက အရင်ပေါ်လာရင် ကျွန်တော်မျိုးအား ရွှေငွေ သဘော် ၅-စင်း ပေးရပါမယ်"

"ဒါဖြင့် ကောင်းပြီ၊ ပြိုင်နိုင်မည် မနိုင်မည်ကို နက်ဖြန်အကြောင်းပြန်ကြားမယ်"

ထိုနောက် သီရိဂုန္တြာမင်းသည် ဒေါက်ခဲအား ခေါ်ယူတိုင်ပင်ဆွေးနွေးရာ ဒေါက်ခဲက. . .

"အရှင်မင်းမြတ် စိုးရိမ်တော်မမူပါနဲ့ဘုရား၊ ကျွန်တော်မျိုးနိုင်ရင် ကျွန်တော်မျိုးကို ရွှေငွေတစ်ဝက်ပေးဖို့ မမေ့ပါနဲ့ဘုရား၊ လုံးဝတာဝန်ယူပါတယ်၊ အနိုင်ရပါစေမယ်၊ ပြိုင်ဖို့အတွက် ယနေ့မှာ ပြဿဒါးနေ့ဖြစ်လို့ မကောင်းပါ၊ နောက် ၇-ရက်သို့ ရက်ချိန်း ချိန်းပါဘုရား"

မွန်မင်းလည်း လွန်စွာအားရဝမ်းမြောက်ပြီးလျှင် ဒေါက်ခဲအား သဘော် ၅-စင်းမှ ရွှေငွေတစ်ဝက်ပေးမည်ဟု ကတိပေးပြီးလျှင် ရခိုင်အမတ်အား နောက် ၇-ရက်အကြာတွင် ရေငုပ်ပြိုင်မည်ဖြစ်ကြောင်း ရက်ချိန်းသတ်မှတ်လိုက်တော့သည်။

ရက်ချိန်းမတိုင်မီ ၅-ရက်အလိုတွင် ဒေါက်ခဲသည် ရေငုပ်ပြိုင် မည့်မြစ်ဆိပ်အနီးတွင် သစ်နှင့်ဝါးချောင်းများကို အတော်များများ သည်ယူစုပုံထားစေသည်။

ရခိုင်အမတ်သည် သစ်ဝါးများစုပုံထားသည်ကို တွေ့ရသော် အကြောင်းရင်းကို သိလိုလှသောကြောင့် ဒေါက်ခဲအား လာရောက်မေး



www.burmeseclassic.com

www.burmeseclassic.com



မြန်းလေသည်။

"မိတ်ဆွေ. . . ဒီ သစ်ဝါးတွေ စုပြီးပုံထားတာ ဘာသဘောလဲ"

"ဒီလိုပါခင်ဗျား. . .၊ ရေငုပ်ပြိုင်တဲ့အခါမှာ ကျွန်တော်ဖြင့် ရေအောက်မှာ အတော်ကြာကြာငုပ်ပြီး နေတော့မယ်၊ အဲဒီတော့. . . ရေထဲမှာ ကြာကြာငုပ်နေစဉ်အတွင်းမှာ ကျွန်တော်တော့ အတော့်ကို ပျင်းနေမှာပဲ၊ ဒါကြောင့် အလကားပျင်းနေရမယ့်အတူတူ ဝါးတွေကို နှီး ဖြာပြီး တောင်းနဲ့ ဆန်ကောတွေကို ရက်ထားလို့ပါတယ်၊ ဒီတော့မှ အပျင်း ပြေနိုင်တော့မယ်"

သည်တွင် ရခိုင်အမတ်သည် အတော်စိုးရိမ်သွားတော့သည်။ သို့ရာတွင် ဟန်မပျက်စေဘဲ. . .

"ဪ. . . ဒီလိုလား၊ ဒါဖြင့် သစ်သားတွေကို စုပုံထားတာ ကတော့ ဘာလုပ်ဖို့လဲ"

"ဪ. . . ဒီလိုပါခင်ဗျား၊ တောင်းတွေ ဆန်ကောတွေ ရက်ပြီးရင် သစ်သားတွေကို လှေလှော်ဖို့ လှော်တက်ခုတ်မယ်လေ၊ ကျွန်တော်ဟာ မိတ်ဆွေများထံက လှော်တက်တွေ တော်တော်များများ ချေးငှားခဲ့ဖူးတယ်၊ အချိန်မရလို့ လှော်တက်လုပ်ပြီး ပြန်မဆပ်နိုင်သေးဘူး၊ အခုမှ အချိန်ရတဲ့အတွက် ရေအောက်မှာ သစ်သားလှော်တက်များများ ခုတ်လုပ်ရတော့မယ်"

သို့နှင့် ဒေါက်ခဲ၏ ဣန္ဒြေရရ ပြန်ပြောချက်များကို ကြားသိရသော ရခိုင်အမတ်သည် လွန်စွာအံ့ဩထိတ်လန့်ခြင်း ဖြစ်သွားတော့၏။ ၃-ရက်တိုင်တိုင် အပြန်ပြန်အလှန်လှန် စဉ်းစားတွေးဆပြီးသည့်အဆုံးတွင် မိမိတို့သည် ဒေါက်ခဲနှင့် ရေငုပ်ပြိုင်ပါက မည်သည့်နည်းနှင့်မျှ မနိုင် နိုင်ဘဲ မုချရှုံးလိမ့်မည်ဟု ထင်မြင်သဘော ရရှိလာပြီးလျှင် အထူးကြောက် လန့်ကာ မပြိုင်လိုတော့ဘဲ အရှုံးပေးလိုက်ရတော့သည်။

ရခိုင်အမတ် ပြန်သွားသောအခါ သီရိဂန္ဓောမင်းသည် လွန်စွာ ဝမ်းမြောက်ရကား မိမိရရှိလိုက်သော သင်္ဘော ၅-စင်းမှ ရွှေငွေများကို



www.burmeseclassic.com

www.burmeseclassic.com



ထားရှိသည့်ကတိအတိုင်း ဒေါက်ခဲအား ထက်ဝက်ခွဲပေးသော်ငြားလည်း ဒေါက်ခဲသည် ရှေးယခင်ကကဲ့သို့ပင် ရွှေတစ်တင်းနှင့် ငွေတစ်တင်းကိုသာ ယူပြီး မိမိ မိခင်အိမ်သို့ ထမ်းဆောင်ပေးပို့လေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

# သီဟိုဠ်အမတ်ပုစ္ဆာ

နောက်တစ်နှစ်ခန့်ကြာသော် သီဟိုဠ်ကျွန်းမှ(ဘားနတ်မူတွင်-'မိုးနဲ'ပြည်ဟု ပါရှိသည်။) သဘော်၁ ၄-စင်းသည် ဂန္ဓောဝါသ နေပြည်တော်သို့ ဆိုက်ရောက်လာသည်။ အကြီးအကဲလုပ်သော အမတ်သည် သီရိဂန္ဓောမင်းအား ဖူးတွေ့ပြီးလျှင် မိမိတို့သည် သီဟိုဠ်ပြည်မှ ပညာပြိုင်ရန် ထွက်ခွာလာကြကြောင်း၊ မိမိတို့မေးမည့် ပုစ္ဆာကို ဖြေနိုင်ပါက သဘော်၁ ၄-စင်းတွင်ပါသော ရွှေငွေများကို ပေးမည်။ မဖြေနိုင်ပါက မွန်တိုင်းပြည်ကို ပေးအပ်ရမည်။ သဘောတူ မတူ၊ လက်ခံနိုင်မည် မနိုင်မည်ကို လျှောက်ထားမေးမြန်းရာ မွန်ဘုရင်က နောက်တစ်နေ့တွင် စကားပြန်မည့်အကြောင်း မိန့်ကြားလိုက်သည်။

မွန်ဘုရင်ကလည်း မိမိအမတ်ပညာရှိ ၄-ယောက်တို့နှင့် တိုင်ပင်ဆွေးနွေးရာ မည်သူမျှ အကြံမပေးနိုင်ရကား နောက်ဆုံးတွင် ဒေါက်ခဲနှင့် တိုင်ပင်တော့သည်တွင် ဒေါက်ခဲက မိမိသီဟိုဠ်သားများမေးမည့် ပုစ္ဆာကို ဖြေနိုင်ပါမည်။ ရက်ချိန်းကို နောက် ၇-ရက်အကြာတွင် သတ်မှတ်ပါဟု ပြန်လည်လျှောက်ကြားလိုက်သည်။

ရက်ချိန်းရောက်သော် ပရိသတ်ဗိုလ်ပုံအလယ်တွင် သီဟိုဠ်



www.burmeseclassic.com

www.burmeseclassic.com



အမတ်သည် အောက်ပါမေးခွန်းကို မေးလေတော့သည်။

"ယခု ကျွန်ုပ်တို့စီးလာသော သင်္ဘော ၄-စင်းမှာ စုစုပေါင်း လူ ၁၂၀၀-ပါလာတယ်. . .၊ ယောက်ျား၊ မိန်းမနဲ့ သားငယ်များကို အကြမ်းအားဖြင့် ရေတွက်ပြရင် ယောက်ျားတစ်ယောက်လျှင် မိန်းမ ၃-ယောက်စီ၊ မိန်းမတစ်ယောက်လျှင် သားငယ် ၂-ယောက်စီဖြစ်တယ်. . .၊ ဒါကြောင့် သင်္ဘော ၄-စင်းအနက် တစ်စင်းမှာ ယောက်ျားဘယ်နှယောက်၊ မိန်းမဘယ်နှယောက်၊ သားငယ် ဘယ်နှယောက်စီရှိသလဲ"

သို့မေးမြန်းသော် ဒေါက်ခဲသည်ခေတ္တမျှသာတွေးဆပြီးလျှင်. . .

"သင်တို့စီးလာတဲ့သင်္ဘော ၄-စင်းအနက် တစ်စင်းစီမှာ စုစုပေါင်း လူ ၃၀၀-စီပါတယ်၊ အဲဒီလူ ၃၀၀-အနက် ယောက်ျား ၃၀၊ မိန်းမ ၉၀-နဲ့ သားငယ် ၁၈၀-စီပါတယ်၊ စုစုပေါင်း ၁၂၀၀-ဖြစ်တယ်"ဟု တစ်မဟုတ်ချင်း ပြေလည်စွာ ဖြေကြားလိုက်တော့သည်။

ဒေါက်ခဲ၏အဖြေမှာ မှန်နေရကား သီဟိုဠ်သားများက ဒေါက်ခဲအား လွန်စွာပညာရှိပါပေသည်ဟု ဝန်ခံချီးကျူး၍ အရှုံးပေးကာ သင်္ဘော ၄-စင်းပေါ်တွင် ပါလာသော ရွှေငွေအားလုံးကို မွန်ဘုရင်အား ပေးအပ်ပြီးလျှင် သီဟိုဠ်ကျွန်းသို့ ရှက်ရှက်နှင့် ပြန်ကြလေတော့သည်။

ဒေါက်ခဲသည် ရွှေငွေတစ်တင်းစီသာယူ၍ မိမိ မိခင်အိမ်သို့ ထမ်းဆောင်ပေးပို့လိုက်တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# သတ္တဝါ [illegible]

နောက်တစ်လခန့်ကြာသော် မြန်မာပြည်မှ အမတ်တစ်ယောက်နှင့် လူပေါင်း ၄၀-တို့သည် သင်္ဘော ၃-စင်းစီးကာ ဂန္ဓာဝါသ နေပြည်တော်သို့ ရောက်လာကြသည်။ ၎င်းတို့နှင့်အတူ အမြင့် ၈-တောင်၊ လုံးပတ် ၃-တောင်ပမာဏရှိသော တိုင်တစ်ချောင်းကို ယူဆောင်လာသည့်ပြင် မြန်မာပန်းချီကျော်တစ်ယောက်ကိုလည်း ခေါ်ဆောင်လာကြသည်။

မြန်မာအမတ်သည် မွန်ဘုရင်အား ဝင်ရောက်ဖူးမြော်ပြီးလျှင် ၎င်းနှင့်အတူ မြန်မာပန်းချီကျော်တစ်ယောက်ကို ခေါ်ဆောင်လာကြောင်း၊ ထိုပန်းချီဆရာသည် မည်သည့် မွန်ပန်းချီဆရာနှင့်မဆို ပန်းချီရေးခြယ် မှုတွင် ယှဉ်ပြိုင်လိုကြောင်း၊ မိမိတို့ပန်းချီသည် လက်နှစ်ဖက်ဖြင့် တစ်ပြိုင်တည်းရေးဆွဲရုံမျှနှင့် သတ္တဝါနှစ်ကောင်၏ရုပ်ပုံကို ဖြစ်စေနိုင်ကြောင်း၊ မိမိတို့ ရှုံးပါက ပါလာသော သင်္ဘော ၇-စင်းမှ ရွှေငွေများကို အကုန်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ပါက မွန်ဘုရင်သည် မိမိ၏တိုင်းပြည်ကို ပေးအပ်ရမည်ဖြစ်ကြောင်း သဘောတူ မတူ မေးမြန်းလျှောက်ထားရာ မွန်ဘုရင်က မကြာမီ စကားပြန်မည်ဟု မိန့်ကြားလိုက်သည်။

၎င်းနောက် မွန်ဘုရင်သည် မိမိအမတ်ပညာရှိ ၄-ယောက်တို့နှင့် တိုင်ပင်ဆွေးနွေးသည်တွင် မည်သူမျှ အကြံမပေးတတ်သည်နှင့် နောက်ဆုံးတွင် ဒေါက်ခဲနှင့် တိုင်ပင်ဆွေးနွေးရာ ဒေါက်ခဲက မိမိယှဉ်ပြိုင်ပါမည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ထုံးတစ်အိုးကိုသာ ရေဖျော်ထားစေလိုပါသည်ဟု ပြန်လည်လျှောက်ကြားလေတော့သည်။

မွန်ဘုရင်လည်း အထူးဝမ်းမြောက်ဝမ်းသာပြီးလျှင် မြန်မာအမတ်အား နောက် ၇-ရက်အကြာတွင် ပန်းချီရေးခြယ်မှုတွင် ယှဉ်ပြိုင်စေမည်ဟု ရက်ချိန်းပေးလိုက်ရာ ရက်ချိန်းနေ့ရောက်သည်တွင် ပရိသတ်များ လွန်စွာစည်ကားလေတော့သည်။

မြန်မာပန်းချီဆရာသည် ယူဆောင်လာသောတိုင်ကို မြေပေါ်တွင် ဦးစွာစိုက်ထူပြီးလျှင် လက်တစ်ဖက်တွင် ကန့်ကူဆံတစ်ချောင်းစီ ကိုင်၍ ထိုတိုင်ပေါ်တွင် တစ်ပြိုင်တည်း ရေးဆွဲလိုက်ရာ လွန်စွာလှပသော ကိန္နရာကိန္နရီဖိုမတို့၏(ဘားနတ်မှုတွင် - ဒရယ်ကိုအုပ်ဖမ်းရန် ဟန်ပြင် နေသော ကျားရုပ်နှင့် ဝါဂွမ်းကဲ့သို့ ဖြူဖွေးလှပသော ဆင်ရုပ်ကို ရေးဆွဲ သည်ဟု ပါရှိသည်။) အရုပ်နှစ်ရုပ်သည် ရှုချင့်စဖွယ် ပေါ်လာတော့ သည်နှင့်အမျှ ပရိသတ်တို့ အထူးနှစ်ခြိုက်ရလေကား ကောင်းချီးသြဘာ ပေးကြတော့သည်။ သည်တွင် မြန်မာပန်းချီဆရာက. . .

"ကိုင်း. . . ၊အားလုံးမြင်ကြရပြီးနော်၊ ကျွန်ုပ်လက်တစ်ဖက်စီ တစ်ပြိုင်တည်း ရေးဆွဲတာ၊ ကိန္နရာ ကိန္နရီနှစ်ကောင်ရဲ့ အရုပ်နှစ်ရုပ် ဖြစ်ပေါ်လာပါပြီ၊ ယခု ကျွန်ုပ်ရေးဆွဲသလို အခြား ဘယ်သတ္တဝါမျိုးရဲ့ အရုပ်မဆို ယခု ကျွန်ုပ်ရေးဆွဲတာထက် သတ္တဝါကောင်ရေသာအောင် လက်နှစ်ဖက်နဲ့ တစ်ပြိုင်တည်း ရေးဆွဲနိုင်ရင် အရှုံးပေးပါမယ်၊ မရေး ဆွဲနိုင်ရင် အနိုင်ယူရပါလိမ့်မယ်"

မြန်မာပန်းချီ၏ လက်ရာကိုမြင်ရသော မွန်ဘုရင်မှာ သည်တစ်ကြိမ်တွင် ဒေါက်ခဲ မုချရှုံးလိမ့်မည်ဟု ထင်မှတ်ကာ စိတ်ညှိုးငယ်လျက် ရှိတော့သည်။

သည်တွင် ကောင်းစွာဝတ်စားထားသော ဒေါက်ခဲသည် ထိုင်ရာမှ ထလာပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကြွရောက်လာတဲ့ ပရိသတ်အပေါင်းတို့ခင်ဗျား. . .၊ မြန်မာပန်းချီဆရာရေးဆွဲတဲ့ သတ္တဝါကောင်ရေထက်သာအောင် ပိုအောင် ကျွန်တော်ရေးဆွဲပြပါမယ်၊ သေချာစွာ ရှုစားကြပါနော်" ဟု ပြောကြားလိုက်၏။

သည်တွင် ပရိသတ်တို့သည် ဒေါက်ခဲ၏လက်ရာကို မယုံ့တယုံနှင့် စိတ်ထက်သန်စွာ စောင့်ကြည့်နေကြတော့သည်။

သို့ပြောဆိုပြီးနောက် ဒေါက်ခဲသည်ရေဖြင့် ဖျော်ထားသော ထုံးအိုးထဲသို့ မိမိလက်ဆယ်ချောင်းကို ထိုးနှစ်လိုက်ပြီးလျှင် မြန်မာပန်းချီဆရာ စိုက်ထူထားသော တိုင်ပေါ်တွင် အထက်မှအောက်သို့ မိမိလက်ဆယ်ချောင်းအား တွန့်လိမ်ကာ ဆွဲချလိုက်တော့သည်။ ထိုနောက် ပြုံးရွှင်စွာ ပရိသတ်ဘက်သို့ ကြည့်လိုက်ပြီးလျှင် ဟန်မပျက် ထိုင်ချလိုက်တော့သည်။

သည်တွင် မြန်မာပန်းချီဆရာက ဒေါက်ခဲအား. . .

"မိတ်ဆွေ. . . ဒါပဲလား၊ ဒါ အပြီးပဲလား၊ ဘာသတ္တဝါကောင်တွေရဲ့ ပုံတွေလဲ"

"ဟုတ်ပါတယ်. . . ဒါပါပဲ ဒါအပြီးပါပဲ"

"ဟင်. . . ဒါအပြီးပဲဆိုရင် ဘာကောင်လဲ၊ ခင်ဗျားရှုံးပြီ"

"ဒါတွေဟာ တီကောင်ဆယ်ကောင်ရဲ့အရုပ်တွေဖြစ်ပါတယ်"

"ဟင်. . . ဒါတွေဟာ တီကောင်ဆယ်ကောင်တဲ့လား၊ ဘာမှလဲမလှပါလား၊ ကျွန်ုပ်ရေးဆွဲတဲ့ ကိန္နရာ ကိန္နရီရုပ်တွေနဲ့ ဘယ်ယှဉ်နိုင်မလဲ၊ ခင်ဗျားရှုံးပြီ"

သည်တွင် ပရိသတ်ထဲမှ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်လာတော့ရာ ဒေါက်ခဲသည် ထိုင်ရာမှထလိုက်ပြီးလျှင် မြန်မာပန်းချီဆရာအား. . .

"ခင်ဗျားရေးဆွဲတာထက် သတ္တဝါအကောင်ရေ သာအောင် ပိုအောင် ရေးဆွဲနိုင်ရင် အရှုံးပေးပါမယ်လို့ ခင်ဗျားဝန်ခံထားပြီးမဟုတ်လား. . .၊ အခုကျုပ်ရေးဆွဲလိုက်တာက တီကောင်ဆယ်ကောင်ရဲ့ ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ ကိန္နရာ ကိန္နရီဟာလည်း သတ္တဝါပါပဲ၊ တီကောင်ဟာလည်း သတ္တဝါပါပဲ၊ ခင်ဗျားက သတ္တဝါနှစ်ကောင်ရဲ့ပုံကိုသာ ရေးဆွဲပြနိုင်တယ်၊ အခု ကျုပ်ရေးဆွဲပြတာက တီကောင်သတ္တဝါ ဆယ်ကောင်ရဲ့ပုံတွေဖြစ်တယ်၊ အင်မတန်သဘာဝကျတဲ့ တီကောင်ဆယ်ကောင်ပုံတွေပါပဲ၊ ခင်ဗျားထက်ရှစ်ကောင်ပိုပြီး ရေးဆွဲပြနိုင်တယ်၊ ဒါကြောင့် ခင်ဗျားထက်ကျုပ်သာတယ်၊ ခင်ဗျားရှုံးပြီး. . . ကျုပ်နိုင်ပြီ"

သည်တွင် ပရိသတ်အားလုံးက "ဟုတ်တယ်. . . ဟုတ်တယ်၊ ဒေါက်ခဲပြောတာ မှန်တယ်၊ သူရေးဆွဲတဲ့ရုပ်ပုံတွေဟာ မြန်မာပန်းချီဆရာဆွဲခဲ့ ပြောခဲ့တာထက် ကောင်ရေ ရှစ်ကောင် မုချသာတယ်. . . ပိုတယ်" ဟူ၍ အော်ဟစ်ထောက်ခံကြတော့သည်။

သို့ ဒေါက်ခဲရှင်းပြချက်နှင့် ပရိသတ်များ ထောက်ခံချက်များကို ကြားသိရသော မြန်မာအမတ်နှင့် ပန်းချီဆရာတို့မှာ မိမိတို့စကားလွန်သွားသည်ကို ပြန်လည်သတိရကြပြီး မည်သို့မျှမတတ်နိုင်ကြတော့ဘဲ အရှုံးပေးလိုက်ကြပြီးလျှင် မြန်မာပြည်သို့ ရှက်ရှက်နှင့် ပြန်ကြလေတော့သည်။

သီရိဂန္ဓာမင်းသည် လွန်စွာဝမ်းမြောက်သည်နှင့်အမျှ မြန်မာအမတ်ထံမှ ရရှိလိုက်သော ရွှေငွေသင်္ဘော ၇-စင်းအနက် တစ်ဝက်ကို ဒေါက်ခဲအား ပေးကမ်းချီးမြှင့်ပြားလည်း ဒေါက်ခဲမှာ ရှေးကကဲ့သို့ပင် ရွှေတစ်တင်းနှင့် ငွေတစ်တင်းကိုသာယူ၍ မိမိ၏မိခင်အိမ်သို့ ထမ်းဆောင်ပေးပို့လိုက်တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# စာစေစာချီး

နောက်တစ်လခန့်ကြာသော် တရုတ်ပြည်မှ တရုတ်အမတ်တစ်ယောက် ဦးဆောင်သော အဖွဲ့တစ်ဖွဲ့သည် ဂန္ဓောဝါသနေပြည်တော်သို့ ရွှေငွေအပြည့် တင်ဆောင်လာသော သင်္ဘော ၇-စင်းနှင့် ဆိုက်ရောက်လာကြတော့သည်။

တရုတ်အမတ်ကြီးသည် သီရိဂန္ဓောမင်းအား ဖူးတွေ့ရာ မင်းကြီးက. . .

"သင်တို့ ဘယ်တိုင်းပြည်က လာကြသလဲ၊ ဘာကိစ္စကြောင့် လာကြသလဲ"

"ကျွန်တော်မျိုးတို့သည် တရုတ်မင်းက စေလွှတ်သောကြောင့် ကာလေးအကြီးချင်းပြိုင်ရန် လာကြပါတယ်"

"ဘယ်လိုကလေးအကြီးချင်း ပြိုင်ချင်လိုပါသလဲ"

"ကျွန်တော်မျိုးနဲ့အတူ အသက် ၃-လ သာရှိသေးသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အမြင့်နှစ်တောင်ရှိတဲ့ ကလေးတစ်ယောက် ပါလာပါတယ်၊ အရှင်မင်းမြတ်ရဲ့တိုင်းပြည်မှာ အသက် ၃-လရှိ ဘယ်ကလေးနဲ့မဆို အရပ်အမြင့်ချင်း ပြိုင်လိုပါတယ်"

"ကောင်းပြီ. . . ကျွန်ုပ်အမတ်များနဲ့ တိုင်ပင်ပြီးနောက် စကားပြန်မယ်"

ထိုနောက် မင်းကြီးသည် မိမိအမတ်လေးယောက်နှင့် တိုင်ပင်ဆွေးနွေးရာ မည်သူမျှ အကြံမပေးနိုင်သည့်အတွက် နောက်ဆုံးတွင် ဒေါက်ခဲနှင့် တိုင်ပင်ဆွေးနွေးမှ ဒေါက်ခဲက. . .

"အရှင်မင်းမြတ်. . . စိုးရိမ်တော်မမူပါနဲ့၊ ကျွန်တော်မျိုး ယှဉ်ပြိုင်ပါမယ်၊ နောက် ၇-ရက်အကြာကိုသာ ရက်ချိန်းပေးလိုက်ပါ"ဟု ပြန်လည်လျှောက်ထားလိုက်လေသည်။

"ကောင်းပြီ. . . ကျွန်ုပ်လွန်စွာဝမ်းမြောက်တယ်"

၎င်းနောက်ဒေါက်ခဲက. . .

"ယခုရက်အတွင်းမှာ အိမ်ကြီးတစ်လုံး အမြန်ဆောက်လုပ်ပေးပါ"

"ဘယ်လောက်ကြီးကြီး ဆောက်ရမလဲ"

"အိမ်တိုင်များ လုံးပတ် လက်နှစ်ဖက်ရှိစေရမယ်၊ အိမ်အမြင့်သုံးဆယ့်ငါးတောင် ရှိစေရမယ်၊ လှေကားအမြင့် နှစ်ဆယ့်ငါးတောင် ရှိစေရမယ်၊ လှေကားအဆင့်များ တစ်ဆင့်နဲ့တစ်ဆင့်အကြားမှာ လေးတောင်ကွာစေရမယ်၊ ဒီအိမ်ထဲမှာ အရှည်ငါးတောင်ရှိတဲ့ ပုခက်တစ်ခုကို ဆွဲချိတ်ထားပေးရမယ်"

"နောက်ထပ် ဘာတွေအလိုရှိသေးသလဲ၊ လိုချင်တာတွေကို အားမနာဘဲ လျှောက်ကြားထားပေတော့"

"ရှိပါသေးတယ် အရှင်ဘုရား၊ ကျွန်တော်မျိုးအလိုရှိတာတွေ မကုန်သေးပါဘူး၊ အလိုရှိတာတွေ များလှချေလားလို့ အပြစ်မယူပါနဲ့ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မှားသွားရင် အခက်တွေ့မှာကြောက်လို့. . . စေ့စေ့စုံစုံ လျှောက်ထားပါရစေ ဘုရား"

"အေး. . . မင်းအလိုရှိတာတွေကို အားမနာဘဲ စေ့စေ့စုံစုံ လျှောက်ထားပေတော့"

"နောက်ထပ် အလိုရှိနေတာကတော့ ပုခက်ကို ချည်ထားဖို့ ပေါင်လုံးလောက်ကြီးတဲ့ နွယ်ကြိုးတစ်ချောင်းဖြစ်ပါတယ်၊ အရှည် ၁၀-တောင်ရှိရပါမယ်၊ အဲဒီနွယ်ကြိုးကြီးကို မျက်နှာကြက်မှာ ချည်ပြီး ပုခက်ကြီးကို ဆွဲပေးထားရမယ်၊ အဲဒီပုခက်ချိတ်ဖို့ သံချိတ်ရဲ့လုံးပတ်ဟာ နှစ်ထွာရှိရမယ်ဘုရား"

"ကောင်းပြီ. . . ကျွန်ုပ်လုပ်ထားစေမယ်"

ထိုနောက် မင်းသည် တရုတ်အမတ်ကြီးအား ရက်ချိန်းပေးလိုက်တော့၏။

ကလေးချင်းယှဉ်ပြိုင်မည့်ရက် မရောက်မီတစ်ရက်တွင်. . .

ဒေါက်ခဲသည် မိမိအိမ်သို့ပြန်၍ မပိန်မဝ အရပ် ၃-တောင် တစ်ထွာရှိသော အဘွားအိုတစ်ယောက်ကို ရှာဖွေ၏။ ထိုအဘွားအို၏ ချိုင့်နေသော ပါးကိုနွားရိုးဖြင့်ရိုက်ပေးရာ ပါးနှစ်ဖက်မှာ ဖူးရောင်လာသဖြင့် နနွင်းများ လိမ်းပေးထား၏။ ၎င်းနောက် အဘွားအို၏ဆံပင်များကို ဓားဖြင့် ပြောင်အောင်ရိတ်ဖြတ်စေပြီးလျှင် အဘွားအိုအား အိမ်မြင့်ကြီးပေါ်ရှိ ပုခက်တွင်း၌ အိပ်နေစေသည်။ အိမ်ကြီးအောက်နံဘေးတွင်လည်း အလွန် အလုံးကြီး၍ ရှည်လှသော သစ်ချောင်းပုံကြီး ၂-ပုံကို စုပုံထားစေသည်။

ချိန်းသည့်ရက်တွင် တရုတ်အမတ်ကြီးနှင့်အဖွဲ့ဝင်တို့သည် ၃-သနှင့် အမြင့် နှစ်တောင်ပင်ရှိသော တရုတ်သားငယ်တစ်ယောက်ကို ပွေ့ချီယူဆောင်လာကြရာ ဒေါက်ခဲက ဦးစွာပထမ ဆောက်ပြီးခါစ အိမ်ကြီးကို ပြသလိုက်၏။

"ဟာ. . . မိတ်ဆွေ၊ ဒီအိမ်ဟာ ကြီးလှပါကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . .၊ မြင်တဲ့အတိုင်းပါပဲ၊ တိုင်းလုံးဟာ လက်နှစ်ဖက်စီရှိကြတယ်၊ အမြင့် ၃၅-တောင်စီရှိကြတယ်၊ လှေကားအမြင့်ဟာ ၂၅-တောင်ရှိတယ်"

ငင်းနောက် ဒေါက်ခဲသည် တရုတ်အမတ်ပွေ့ယူလာသော ကလေးကို တိုင်းတာကြည့်ရာ အရပ် ၂-တောင်ရှိသည်ကို တွေ့သိရသည်။

"အို. . . မိတ်ဆွေ၊ ခင်ဗျားယူလာတဲ့ ကလေးဟာ မြင့်တော့ မြင့်တာပဲ၊ ဒါပေမဲ့ ကျွန်ုပ်ကလေးလောက်တော့ မမြင့်သေးဘူး"

"ခင်ဗျားကလေး ဘယ်မှာလဲ"

"အိမ်အပေါ်ထပ်မှာ ရှိတယ်၊ ၁၅-တောင်မြင့်တဲ့ ပုခက်ထဲမှာ အိပ်နေတယ်၊ လာ. . . အိမ်ပေါ်တက်ကြည့်ရအောင်"

"တရုတ်အမတ်နှင့်တကွ အဖွဲ့ဝင်အားလုံးတို့မှာ မယုံ့တယုံနှင့်ပင် တစ်ဆင့်နှင့်တစ်ဆင့် လေးတောင်ကွာခြားသော လှေကားပေါ်သို့ အတော်ပင်ခက်ခက်ခဲခဲနှင့် တက်ကြရသည်။ ဒေါက်ခဲကား လှေကားပေါ်သို့ ကျွမ်းပစ်တက်သွားလေတော့ရာ တရုတ်တို့ လွန်စွာအံ့ဩကြတော့သည်။

အိမ်အပေါ်ထပ်သို့ရောက်သော် တရုတ်များအား ပုခက်ထဲတွင် သိပ်ထားသည့် အဘွားကြီးကို ပြသလေတော့သည်။

"အဲဒါ ကျုပ်တို့ကလေးပဲ၊ အသေအချာကြည့်ကြ၊ မြင့်ရဲ့မဟုတ်လား၊ အရပ် ၃-တောင်၊ ၁-ထွာရှိလို့ ခင်ဗျားတို့ကလေးထက် အရပ် ၁-တောင်၊ ၁-ထွာ ပိုမြင့်တယ်၊ ခင်ဗျားတို့ရှုံးပြီမဟုတ်လား"

သည်တွင်တရုတ်များသည် ခေါင်းတုံးရိတ်ထားသော အဘွားကြီးအား အသေအချာကြည့်ပြီးလျှင် အထူးမကျေနပ်သော အမူအရာဖြင့်. . .

"ဟာ. . . ခင်ဗျား ကျုပ်တို့ကို တစ်ပတ်ရိုက်တာပဲ၊ အခု ပုခက်ထဲမှာ အိပ်နေတာ ကလေးမှမဟုတ်ဘဲ၊ အဘွားကြီးအိုပါလား၊ ခင်ဗျား ဒီလိုမလိမ်နဲ့. . . မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ အထင်မှားကြပြီ. . .၊ အဘွားကြီးအိုမဟုတ်ဘူးဗျ၊ ၃-လ သားကလေး အစစ်မှအစစ်ဗျ၊ ကျုပ်လိမ်တာမဟုတ်ဘူး"

"ဟာ. . . ကျုပ်တို့မယုံနိုင်ဘူး၊ အဘွားကြီးအိုမှ အစစ်ပဲဗျ"

"ခင်ဗျားတို့ အထင်မှားစရာပဲ၊ ဒီနေ့မှ အသက် ၃-လစေ့သေးတယ်၊ ဒီကလေးက လူကြီး လူထွားမျိုးဗျ၊ အသက်ငယ်ငယ်နဲ့ တကယ့်ကို ထွားကျိုင်းကြတယ်၊ ဒီအိမ်ဟာ သူ့မိဘတွေ ဆောက်ထားတဲ့အိမ်ဗျ၊ သူတို့က အင်မတန် အရပ်မြင့်ပြီး ထွားကျိုင်းတဲ့ မျိုးရိုးဖြစ်ကြလေတော့ အိမ်မြင့်မြင့်နဲ့မှ နေနိုင်ကြတယ်၊ တခြားမကြည့်နဲ့ လှေကားကိုသာ ကြည့်ကြပါတော့၊ တစ်ဆင့်နဲ့တစ်ဆင့် ဘယ်လောက်ကျယ်သလဲ၊ ဒီလို လှေကားအဆင့်ကျယ်မှ သူတို့နဲ့ အံကိုက်တာဗျ၊ ခင်ဗျားတို့သာ ဒီကလေးရဲ့ မိဘနှစ်ပါးကို မြင်ရရင် သန်မာထွားကျိုင်းပြီး အရပ်မြင့်လွန်း လို့ မှချအံ့ဩကုန်ကြမှာပဲ၊ ကဲ ကဲ. . . ဟောဒီမှာ လာကြည့်ကြပါဦး၊ ဟောဒီသစ်ချောင်းပုံကြီးကြီးနှစ်ပုံကို မြင်ကြရဲ့မဟုတ်လား"

"မြင်ပါတယ်၊ အဆမတန်ကြီးမားတဲ့ သစ်ချောင်းတွေပါပဲ၊ ဒီနေရာအရောက် ဆင်နဲ့ဆွဲလာရတယ်ထင်တယ်"

"ဟာ. . . ခင်ဗျားစိတ်ကူး လွဲမှားသွားပြီ၊ ဘယ်ကမှ ဆင်နဲ့ ဆွဲလာတာမဟုတ်ဘူး"

"ဒါဖြင့်ရင် ဘယ်လိုလုပ်ပြီး ယူလာသလဲ"

"အဲဒီသစ်ချောင်းပုံကြီးနှစ်ပုံကို ဒီပုခက်ထဲမှ အိပ်နေတဲ့ ကလေးရဲ့ မိဘနှစ်ဦးက ကိုယ်တိုင်ထမ်းလာပြီး အိမ်နံဘေးမှာ ပုံထားကြတာဗျ၊ သူတို့ကိုယ်တိုင် ထမ်းလာကြတာဗျ၊ ဆင်နဲ့ဆွဲလာတာ မဟုတ်ဘူး၊ အင်မတန် ထွားကျိုင်းတဲ့ လူတွေဖြစ်ကြတယ်"

သည်တွင် တရုတ်အမတ်ကြီးသည် အထူးအံ့ဩပြီး စိတ်ထဲတွင် ယုံရမလိုလို၊ မယုံရမလိုလိုနှင့် ဇဝေဇဝါဖြစ်သွားသလိုလို ရှိလာတော့သည်။

"ကောင်းပြီ. . . ဒီသစ်ချောင်းတွေကို ကလေးရဲ့မိဘကျေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကထမ်းဆောင်လာကြသလဲ"

"ဩော်. . . ပြောပြရတာပေါ့၊ ဒီသစ်ချောင်းကြီးကို သူတို့ ဟိမဝန္တာတောကို သွားရောက်ခုတ်လှဲပြီး ထမ်းဆောင်လာကြခြင်း ဖြစ်ပါ တယ်"

"ဟင်. . . ဒီလိုဆိုရင် သူတို့ကို ကျွန်ုပ်တို့ အခုမြင်ချင်ကြတယ်"

"ဒါတော့မဖြစ်နိုင်သေးဘူး. . . မိတ်ဆွေ၊ မနေ့ကပဲ သူတို့ ဟိမဝန္တာတောက သစ်တွေထမ်းပြီး ပြန်ရောက်လာကြသေးတယ်၊ ဒီနေ့ မနက်မှာပဲ ဟိမဝန္တာတောကို နောက်တစ်ခေါက် သစ်ခုတ်ဖို့ပြန်သွားကြ ပြီ နောက်ဆယ်ရက်လောက်ကြာမှ ပြန်ရောက်လာနိုင်မယ်"

"အင်း. . . ကျွန်ုပ်တို့ နောက်ဆယ်ရက် မစောင့်နိုင်ကြဘူး၊ ၇- ရက်အတွင်း ပြန်ကြရမယ်၊ ဒါပေမဲ့ ခင်ဗျားရှင်းပြလို့ ကျွန်ုပ်တို့ ယုံကြည် ပါပြီ၊ အခုပုခက်ထဲမှာ အိပ်နေတာ ၃-လသားကလေးအစစ်ပါပဲ၊ ယုံပါပြီ ယုံပါပြီ. . .၊ ကျွန်ုပ်တို့ အရှုံးပေးပါပြီ၊ ခင်ဗျားတို့ပြည်မှာ ဒီလောက်ထွား ကျိုင်းတဲ့ ကလေးမျိုး ဘယ်နည်းနဲ့မှ မရှိနိုင်ဘူးဆိုတာ ယုံကြည်မိလို့ ကျုပ်တို့လာပြီး ယှဉ်ပြိုင်မိတာ မှားသွားပြီ"

သို့အရှုံးပေးပြီးနောက် တရုတ်အမတ်ကြီးနှင့် အဖွဲ့ဝင်အားလုံး တရုတ်ပြည်သို့ ပြန်ကုန်ကြသည်။

သီရိဂန္ဓမင်းလည်း အထူးဝမ်းမြောက်ကာ ဒေါက်ခဲအား တရုတ်သင်္ဘော ၇-စင်းမှ ရွှေငွေတစ်ဝက်ကို ပေးငြားလည်း ဒေါက်ခဲသည် ရွှေငွေတစ်တင်းစီကိုသာယူ၍ မိမိ၏မိခင်အိမ်သို့ ထမ်းပို့လိုက်တော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ကြွားဝါသူ အမတ်ကြီး (၄) ယောက်

နောက်တစ်လခန့်အကြာတွင် ဒေါက်ခဲသည် သိရိဂန္ဓာမင်းဆွေတော်သို့ ဝင်ရောက်ဖူးမြော်လေသည်။

"ဒေါက်ခဲ. . . မင်း ဘာကိစ္စကြောင့် လာသလဲ"

"အရှင်ဘုရားကို လျှောက်တင်ရန်ရှိပါတယ်ဘုရား"

"လျှောက်ထားစေ"

"မှန်လှပါဘုရား. . . အရှင်ဘုရားထံမှာ ပညာရှိအမတ် ၄-ဦးရှိကြပါတယ်၊ ဒီအမတ်တွေဟာ အရှင်ဘုရားကို အကြံကောင်းဉာဏ်ကောင်း ဘယ်တော့မှ မပေးနိုင်ကြပါဘူး၊ အခက်အခဲကျရင် ကျွန်တော်မျိုးသာ အကြံကောင်းဉာဏ်ကောင်းတွေ ပေးနိုင်ခဲ့ပါတယ်၊ ဒီလိုဆိုရင် ဒီအမတ်တွေကို ဆက်ပြီးအားကိုးနေလို့ ဖြစ်ပါတော့မလား ဘုရား"

"အေး. . . မင်းပြောတာ ဟုတ်ဟုတ်ပဲ၊ ငါလည်း ဒီလိုပဲ စဉ်းစားမိတယ်"

ထိုနေ့ ညနေတွင် ဘုရင်သည် အမတ် ၄-ယောက်အားခေါ်၍



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့သည် မိမိအား အကြံကောင်းဉာဏ်ကောင်းများကို တစ်ကြိမ်မျှ မပေးနိုင်ခဲ့ကြောင်း၊ ဒေါက်ခဲသာလျှင် အခါမလင့် အကြံကောင်းများကို ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ်တွင် အကြံကောင်းဉာဏ်ကောင်းများကို မပေးနိုင်ပါက ၎င်းတို့အား ကြီးစွာသော ရာဇဒဏ်ပေးမည်ဖြစ်ကြောင်းများကို လေးနက်စွာ သတိပေးလိုက်တော့သည်။

သို့ဖြစ်ရကား အမတ် ၄-ယောက်တို့က မိမိတို့သည် ဒေါက်ခဲကုန်းတိုက်၍သာ ဘုရင်၏ ကြိမ်းမောင်းခြင်းကို ခံရကြောင်း၊ ဒေါက်ခဲသေမှသာလျှင် မိမိတို့အား ဘုရင်က အထင်ကြီးပြီး ချီးမြှင့်မြှောက်စားလိမ့်မည်ဖြစ်ကြောင်း တိုင်ပင်ဆွေးနွေးကြပြီးလျှင် ဒေါက်ခဲအား ဒုက္ခပေးရန် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကုန်ကြတော့သည်။

တစ်ညတွင် ဒေါက်ခဲသည် ဘုရင်အိပ်စက်သည့် အဆောင်တော်အပြင်ဘက်တွင် အိပ်ဖန်စောင့်နေရသည်။ ညသန်းခေါင်အကျော်ခန့်တွင် စကားတီးတိုးပြောသံများကို ကြားရသဖြင့် တိတ်တိတ်သွားရောက်ချောင်းကြည့်ရာ မောင်းမငယ် ၅-ယောက်နှင့် လူပျိုတော် ၅-ယောက်တို့ချစ်တင်းနှောနေကြသည်ကို အံ့သြစွာ တွေ့ရှိလေတော့သည်။ သို့ ဒေါက်ခဲချောင်းကြည့်နေစဉ် မင်းသား ၅-ပါးသည် ဒေါက်ခဲအနီးသို့ မမျှော်လင့်ဘဲရောက်ရှိလာပြီးလျှင် ချစ်တင်းနှောနေကြသော သူများကို ခေတ္တမျှစောင်ငဲ့ကြည့်ပြီး ထွက်သွားကြသည်။

သို့ရာတွင် နောက်တစ်နေ့နံနက်တွင်ကား ဒေါက်ခဲသည် လွန်ခဲ့သောညက မိမိတွေ့သိသမျှတို့ကို ဘုရင်အား စိုးစဉ်းမျှ မလျှောက်ကြားဘဲ မသိလိုက်မသိဘာသာ နေလိုက်၏။

သည်အကြောင်းကို မင်းသား ၅-ပါး သိသွားရကား. . .

"ဟော့. . . ဒေါက်ခဲ မင်း ညကအဖြစ်အပျက်တွေကို မြင်လိုက် သားနဲ့ ဘုရင်ကို မလျှောက်ကြားခဲ့တာ မင်းမှာအပြစ်ရှိတယ်"

"ဘုရင်ကို ကျွန်တော်မျိုး မလျှောက်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်ကြားဖို့ မင်းမှာတာဝန်ရှိတယ်၊ မင်းမလျှောက်ကြားရင် ငါတို့က မင်းဝတ္တရားပျက်တဲ့အကြောင်း ဘုရင်ကို လျှောက်ကြားရမယ်"

"ကျွန်တော်မျိုး ဘုရင်ကို မလျှောက်ရဲဘူး"

"ကိစ္စမရှိဘူး. . .၊ လျှောက်သာလျှောက်ပါ၊ မင်း အပြစ်မဖြစ်စေရအောင် ငါတို့တာဝန်ယူမယ်"

ဒေါက်ခဲမှာ မတတ်သာတော့သဖြင့် ထိုညက မိမိမြင်တွေ့သမျှတို့ကို ကာယကံရှင်များ၏ အမည်အသီးသီးကို ဖော်ပြလျက် ဘုရင်အား လျှောက်ကြားရလေတော့ရာ ဘုရင်သည် လွန်စွာမျက်မာန်တော်ပွားကာ မောင်းမငယ် ၅-ယောက်တို့အား ခေါ်ယူကြိမ်းမောင်း၍ နန်းတော်မှ နှင်ထုတ်လိုက်တော့သည်။

ထို့ကြောင့်ရကား သက်ဆိုင်ရာ မောင်းမငယ် ၅-ယောက်တို့သည် ဒေါက်ခဲအပေါ်တွင် အထူးဒေါသဖြစ်ကာ အခဲမကြေဘဲ ပြန်လည်ကလဲ့စားချေရန် အကြံထုတ်လျက်သာ နေကြတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

## ဝမ်းဝမ်းမြောက်မြောက်

တစ်နေ့သော် လောကဒေဝီမိဖုရားကြီးသည် မုန့်လေပွေလုပ် သဖြင့် ဒေါက်ခဲအား သိရီဂုန္တောမင်းထံသို့ အခေါ် လွှတ်လေသည်။ ထိုစဉ် ဝယ် မင်းသည် လွှတ်တော်ထဲတွင် တရားစီရင်နေဆဲဖြစ်သည်။ ဒေါက်ခဲ သည် လွှတ်တော်တံခါးဝမှနေ၍. . .

"အရှင်မင်းမြတ်. . .၊ မိဖုရားကြီးက မုန့်လေပွေ စားတော်ခေါ် ရန် အမြန်ကြွလာပါတဲ့ဘုရား၊ အမြန်ကြွလာပါတဲ့ဘုရား" ဟူ၍ ကျယ် လောင်စွာ အော်ဟစ်လေတော့သည်။

ဘုရင်လည်း မျက်နှာပျက်ပျက်နှင့် လွှတ်တော်ထဲမှ ထွက်ကြွ တော်မူလာပြီးလျှင် မိဖုရားကြီးအဆောင်သို့ ဒေါက်ခဲနှင့်အတူ ကြွမြန်း သွားရင်း. .

"ဟဲ့. . . ဒေါက်ခဲ၊ မင်း တယ်ရိုင်းပါကလား၊ နောက်တစ်ခါ မှတ်ထား မိဖုရားကြီးက မင်းကို ငါ့ထံသို့ ကိစ္စရှိလို့လွှတ်ရင် ကျယ်ကျယ် လောင်လောင် မလျှောက်နဲ့. . . ကြားလား၊ တိုးနိုင်သမျှ တိုးတိုးလျှောက် မျက်ခုံးမျက်စလှုပ်ပြ၊ ဖြစ်နိုင်ရင် လေသံနဲ့သာလျှောက်" ဟု သတိပေး



www.burmeseclassic.com

www.burmeseclassic.com



တော်မူလိုက်သည်။

ဒေါက်ခဲက. . . "မှန်လှပါ ဒီတစ်ကြိမ်တွင် မသိ၍ ကျယ်ကျယ် လျှောက်မိပါသည်၊ နောက်တစ်ကြိမ် လေသံနဲ့ တိုးတိုးလျှောက်ပါမယ် ဘုရား" ဟု ပြန်လျှောက်လေသည်။

နောက်တစ်ပတ်ခန့်ကြာသော် မိဖုရားကြီး၏အဆောင်ကို မီး လောင်ချေတော့ရာ မိဖုရားကြီးသည် ဒေါက်ခဲအား ဘုရင်ထံသို့ အမြန် သွားရောက် သံတော်ဦးတင်စေသည်။ ဒေါက်ခဲသည် လွှတ်တော်တံခါးဝ မှနေ၍ တရားစီရင်နေသော ဘုရင်အား လက်ညှိုးထိုးကာ မျက်ခုံးမျက်စ လှုပ်ပြရင်း. . .

"မိဖုရားကြီးအဆောင် မီးလောင်နေပြီဘုရား"

ဟု လေသံဖြင့် အခွန်း ၁၀၀၀-ခန့် တီးတိုးလျှောက်ကြားနေ သည်။ ဘုရင်ကား မိမိအား လက်ညှိုးထိုးလျက် ပါးစပ်လှုပ်နေသော ဒေါက်ခဲကို မကြာခဏမြင်မိသော်လည်း အမှုမဲ့အမှတ်မဲ့ လျစ်လျူရှုကာ နေလိုက်တော့သည်။ ထမင်းအိုးတစ်လုံး ကျက်ခန့်အကြာတွင်မှ တရားစီရင်၍ပြီးသဖြင့် ဘုရင်သည် ဒေါက်ခဲအား မိမိအပါးသို့ ခေါ်တော် မူပြီးလျှင် . . .

"ဟေ့. . . ဒေါက်ခဲ၊ မင်းငါ့ကို လက်ညှိုးတထိုးထိုးနဲ့ မျက်ခုံး မျက်စလှုပ်ပြ၊ ပါးစပ်လှုပ်ပြနေတာ ရိုင်းလှချေကလား. . .၊ ဘာကိစ္စရှိ လို့လဲ"

"မိဖုရားကြီးအဆောင်မှာ မီးလောင်လို့ မိဖုရားကြီးက ကျွန်တော် မျိုးကို အရှင်ဘုရားထံ လာရောက်တင်လျှောက်ခိုင်းလို့ပါ ဘုရား"

"ဟင်း. . . ဒီလိုလား၊ ခွေးမသား. . . ဒီလိုဆိုရင် ဘာပြုလို့ ငါ့ကို အစက မြန်မြန်နဲ့ ကျယ်ကျယ် မလျှောက်သလဲ. . . ခွေးမသား"

"ဒီလိုပါ အရှင်ဘုရားက ကျယ်ကျယ်မလျှောက်ရ၊ လေသံနဲ့သာ တိုးတိုးလျှောက်ရမယ်လို့ အမိန့်ထုတ်ထားတဲ့အတွက် ကျွန်တော်မျိုး ကျယ် ကျယ်မလျှောက်ရဲဘဲ လေသံနဲ့သာ တိုးတိုးလျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်လည်း ဒေါက်ခဲအား ခြေထောက်ဖြင့် ဆောင့်ကန်လိုက်ပြီးလျှင် . . .

"ဟင်း. . . ခွေးမသား၊ မင်းလောက်မိုက်တဲ့ သတ္တဝါ၊ ဒီလောကမှာ မရှိတော့ဘူး" ဟု ပြစ်တင်ကြိမ်းမောင်းလေတော့သည်။

သည်တွင် မိဖုရားကြီး အဆောင်မှ စလောင်သောမီးသည် နောက်ဆုံးတွင် လှတ်တော်ဆောင်အထိ ကူးသွားပြီးလျှင် နန်းတော်တစ်ဆောင်လုံး ပြာကျသွားချေတော့သည်။

နောက်တစ်နေ့တွင် ဘုရင်သည် မိမိမိန့်ဆိုချက် မှားသွား ကြောင်း၊ မိမိမိန့်ဆိုခဲ့သည့်အတိုင်း ဒေါက်ခဲ လိုက်နာဆောင်ရွက်ခြင်းသာ ဖြစ်ကြောင်း ပြန်လည်သတိရပြီးလျှင် ဒေါက်ခဲအပေါ်၌ မည်သို့မျှ ရာဇဒဏ်မခတ်တော့ဘဲ အမျက်ပြေသွားပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝက်ကိုစားသောဝေဒရှင်

တစ်နေ့သော် သီရိဂန္ဓာမင်းသည် ဒေါက်ခဲအားခေါ်ပြီးလျှင် ဂန္ဓာဝါသနေပြည်တော် အပြင်ဘက်ရှိ တောရွာတစ်ရွာသို့ ရုပ်ဖျက်ကာ အလည်ထွက်ကြွသွား၏။ ထိုရွာရှိ ဆင်းရဲသား ခြံတစ်ခြံအတွင်းသို့ ဝင်ရောက်ကြည့်ရှုသည်တွင် ဝက်သားငယ် ၄-ကောင်တို့သည်ဝါးစားခွက်ထဲမှ ဝက်စာ ဆန်ကွဲပြုတ်များကို အားပါးတရ အထူးမြိန်ရှက်စွာ ဟပ်စားနေကြသည်ကို မင်းသည် အထူးစိတ်ဝင်စားစွာ ကြည့်ရှုနေတော့သည်။ သို့ကြည့်ရှုနေသည့်အတွင်း၌ မင်းသည် မည်သို့စိတ်ရူးပေါက်လာသည်မသိ ဝက်ငယ်များ စားခွက်ထဲမှ ဆန်ကွဲပြုတ်များ မြိန်ရှက်စွာစားနေကြသည်ကို လွန်စွာအားကျမိလာတော့သည်။

"ဟေ့ . . ဒေါက်ခဲ"

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ ဘုရား"

"ငါ ပွဲတော်တည်ရတာ သိပ်မမြိန်ဘူးကွယ်၊ ရွှေပန်းကန်ပြား တွေပေါ်မှာ တင်ထားတဲ့ ဟင်းမျိုးစုံတို့ကို ပွဲတော်တည်ရတာ တဖြည်း ဖြည်း ငြီးငွေ့တော်မူလာပြီ"

"ငြီးငွေ့တော်မူသလား ဘုရား"

"အေး. . . ငြီးငွေ့တော်မူလာပြီ၊ မင်းအခု ဒီမှာကြည့်စမ်း၊ ဝက်ငယ်ကလေးတွေ ဝါးစားခွက်ထဲက ဆန်ပြုတ်တွေကို မြိန်ရေရှက်ရေနဲ့ စားနေ ဟပ်မျိုနေလိုက်ကြတာ၊ ငါဖြင့် သူတို့စားနေကြတာကို မြင်လိုက် ရတော့ သိပ်ပြီးအားကျလာတယ်ကွယ့်၊ သူတို့စားပုံစားနည်းအတိုင်း အတုခိုးပြီး ပွဲတော်တည်လိုက်ရရင် ဘယ်လောက်မြိန်၊ ဘယ်လောက်အရ သာရှိမလဲ၊ မင်း ဘယ့်နှယ်ထင်သလဲ၊ ငါဖြင့် ပိုပြီး ပွဲတော်တည်နိုင်လိမ့်မယ် ထင်တယ်"

"အရှင်ဘုရား သူတို့စားသလိုသာ ပွဲတော်တည်လိုက်ရဖြင့် မုချ ပိုပြီး ပွဲတော်တည်နိုင်မှာ အမှန်ပဲဘုရား၊ နေပြည်တော်အတွင်း ပြန်ရောက်ရင် ဝက်ကလေးတွေစားသလို အရှင်ဘုရား ပွဲတော်တည်လို ပါသလား၊ ကျွန်တော်မျိုး စီမံပေးပါမယ်ဘုရား"

"အေး. . . ငါဖြင့် သူတို့ကို အတုခိုးပြီး ပွဲတော်တည်ချင်လာ ပြီ၊ တို့ နေပြည်တော်ပြန်ရောက်ရင် မင်း ငါ့အတွက် စီမံပေးဖို့မမေ့နဲ့နော်"

"မှန်လှပါဘုရား၊ စိတ်ချတော်မူပါ"

နေပြည်တော်ပြန်ရောက်ပြီး နောက်တစ်နေ့ညချမ်းတွင် ဒေါက် ခဲသည် သီရိဂန္ဓာမင်းထံသို့ လာရောက်ပြီးလျှင် ဆန်ကွဲပြုတ်များကို ဝါး စားခွက်ထဲတွင် ထည့်ထားပြီးဖြစ်၍ ပွဲတော်တည်ရန် အဆင်သင့်ရှိနေပြီ ဖြစ်ကြောင်း တီးတိုးလျှောက်ကြားပေရာ မင်းသည် နန်းတော်မှ ဒေါက်ခဲ နှင့်အတူ တိတ်တဆိတ်ထွက်ကြွသွားတော့သည်။ မကြာမီပင် နန်းတော် ဝင်းအတွင်း အတော်အလှမ်းဝေးသော နေရာရှိ တဲငယ်တစ်ခုအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားတော့သည်။

မင်းကြီးသည် တဲငယ်အတွင်းရှိ မြေပေါ်တွင် ဝါးစားခွက်နှင့် ထည့်ထားသော ဆန်ပြုတ်များကို တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် အင်္ကျီ ပုဆိုးများကို ချွတ်ပစ်လိုက်ပြီးလျှင် ဗလာကိုယ်ထီး မြေပေါ်တွင် ဝက်ကဲ့သို့ လေးဖက်ထောက်လျက် ဝက်ကဲ့သို့အသံပြုကာ ဆန်ပြုတ်များကို အားပါးတရ ဟပ်မြှိုတော်မူလေသည်။

ဒေါက်ခဲသည် မင်းကြီးပွဲတော်တည်နေသည့် ဝါးစားခွက်မှ ဆန်ပြုတ်များကုန်တိုင်း အသစ်ထပ်ဖြည့်ပေးလေတော့သည်။ သို့နှင့် မင်းကြီးသည် ဆန်ပြုတ်ဝါးစားခွက် ၅-ခွက်ကုန်တော့မှ ဗိုက်ကားပြီး ကျေနပ်တော်မူတော့သည်။

"ဟော့. . . ဒေါက်ခဲ ငါတော့ ကျေနပ်ပြီဟော့. . .၊ ဒါပေမဲ့ ငါ့ဆီမှာ ဝက်လိုအမြီးမရှိတဲ့အတွက် စားနေရင်း အမြီးမလှုပ်နိုင်တာကိုတော့ အားမရဘူး၊ ပြန်ကြစို့. . .၊ ဒါပေမဲ့ မင်းကို ငါ အထူးသတိပေးထားရဦး မယ်၊ ငါ အခုလို ဝါးစားခွက်ထဲက ဆန်ပြုတ်တွေကို ဝက်လိုဟပ်မြှိုပြီး ပွဲတော်တည်တဲ့အကြောင်းကို မင်းတစ်ယောက်တည်းပဲ မြင်သိတယ်၊ ဒီအကြောင်းကို ဘယ်သူကိုမှ မပြောပြလေနဲ့၊ မင်းပြောပြရင် မင်းကို အသေသတ်ရလိမ့်မယ်၊ ကြားလား. . . ပြန်ကြစို့"

"မှန်လှပါဘုရား. . .၊ အရှင်ဘုရား အလိုတော်အတိုင်း ဘယ်သူ့ နားကိုမှ မပေါက်ကြားစေရပါဘူး၊ အထူးလျှို့ဝှက်ထားပါမယ်၊ စိတ်ချပါ ဘုရား၊ အရှင်ဘုရားဆီမှာ အမြီးသာပေါက်နေရင် သိပ်ပြီးသဘာဝကျမှာပဲ ဘုရား"

ထိုညတွင် ဒေါက်ခဲသည် အိပ်မပျော်နိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ဒေါက်ခဲသည် ဝါးစားခွက်ထဲမှ ဆန်ပြုတ်များကို လေးဖက် ထောက်ပြီး ဝက်ကဲ့သို့ အားပါးတရ ပါးစပ်ဖြင့်ချည်း ဟပ်မြှိုခဲ့သော မင်း ကြီး၏ အသွင်အမူအရာတို့ကို မျက်စိထဲမှ ဖျောက်ပစ်၍မရနိုင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အမြဲသတိရ ထင်မြင်မိသောကြောင့်တည်း။ မင်းကြီး၏ စိတ်ရှုပေါက်ကာ ထင်ရာစိုင်းခဲ့ပုံတို့မှာ လွန်စွာမှပင် သဘာဝမကျချေရကား တွေးမိတိုင်း အထူးပင် ရယ်ချင်လာသည်နှင့်အမျှ ရပ်ကျော်ရွာကြား ဟက်ဟက်ပက်ပက်ကြီး ရယ်ပစ်လိုက်တော့သည်။ သို့ပါသော်လည်း ဤမျှဖြင့် မကျေနပ်နိုင်သေးဘဲ မင်းကြီးစိတ်ရှုပေါက်ခဲ့ပုံတို့ကို မလျှို့ဝှက်ဘဲ လူတိုင်းအား ပြန်လည်ပြောပြကာ ဟက်ဟက်ပက်ပက်ကြီး ရယ်လိုက်လိုသော စိတ်မှာ ချိုးနှိမ်၍ မရတော့ဘဲ တစ်နေ့ထက်တစ်နေ့ အတောမသတ် ရင့်မာလာတော့၏။

သို့ဘိလည်း မင်းကြီးက ထိုအကြောင်းများကို မည်သူ့ကိုမျှ မပြောရဘဲ လျှို့ဝှက်ထားရမည်ဟု မိမိအား အမိန့်ထုတ်ထားရကား ဒေါက်ခဲမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့သည်ကို အထူးပင် နေမထိထိုင်မသာ ဖြစ်လျက်နေတော့သည်။ မင်းကြီး၏ စိတ်ရှုပေါက်ပုံတို့ကို တွေ့မြင်ခဲ့ပါလျက်နှင့် အခြားသူများအား ပြန်လည်ပြောပြခွင့် မရနိုင်သည့်အတွက် ဒေါက်ခဲမှာ အထူးမကျေမချမ်းဖြစ်ကာ စိတ္တဇရောဂါ စွဲကပ်လာပြီးလျှင် တစ်နေ့တခြား ပိန်ချုံးလာတော့သည်။

သို့နှင့် ဒေါက်ခဲသည် အောင့်အည်းမျိုသိပ်ကာ နေခဲ့ရပြီး နောက်တစ်လခန့်အကြာတွင် မင်းကြီး၏အမိန့်ကို သွေဖီပြီး မိမိပြောလိုသမျှတို့ကို ထုတ်ဖော်ပြောပြလေတော့မှသာလျှင် မိမိ၌ ကာယသုခနှင့် စိတ္တသုခနှစ်ဖြာတို့ကို ရှေးကကဲ့သို့ ပြန်လည်ခံစားရရှိနိုင်လိမ့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်တော့သည်။

သို့နှင့် ဒေါက်ခဲသည် နောက်တစ်နေ့တွင် နန်းတော်တွင်း၌ တွေ့ရသမျှသော ဝန်ကြီး၊ မိဖုရားငယ်၊ တရားသူကြီး၊ ဝန်ထောက်၊ အပျိုတော်၊ လူပျိုတော် အစရှိသူတို့အား မင်းကြီးသည် ဝါးစားခွက်ထဲမှ ဆန်ပြုတ်ကို ဝက်ကဲ့သို့ လေးဖက်ထောက်ကာ အားပါးတရ ဟပ်မျိုခဲ့သည့်အကြောင်း တစ်ဦးချင်း တီးတိုးပြောပြလေတော့သည်။ မိမိ ဤကဲ့သို့ တီးတိုးပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကိုလည်း မည်သူ့အားမျှ မပြောကြားရန် နှုတ်ပိတ်လိုက်တော့ သည်။ ဒေါက်ခဲသည် ဤသို့ တစ်ဦးချင်း ပြောပြပြီး နှုတ်ပိတ်ခဲ့ရာ ၇-ရက်အတွင်း လူတစ်သောင်းကျော်မျှပင် သိသွားတော့သဖြင့် ကျေနပ် သလိုလို ရှိလာတော့၏။ သို့သော် ခေတ္တမျှသာ ကျေနပ်မှုကို ရနိုင်တော့ သည်။ ပရိသတ်ဗိုလ်ပုံအလယ်တွင် ပြောပြခွင့်မရသေးသဖြင့် မကျေနပ် နိုင်ပြန်သေးဘဲ ရှိနေချေသေးတော့သည်။

ဒေါက်ခဲ တစ်နေ့တခြား ပိန်ချုံးလာသည်ကို တွေ့မြင်မိသော မင်းကြီးသည် တစ်နေ့သော် ၎င်းအားခေါ်တော်မူလေသည်။

"ဟေ့. . . ဒေါက်ခဲ၊ မင်း တစ်နေ့တခြား ပိန်လာပါကလား၊ ဘာကြောင့်လဲ"

"မှန်လှပါ ကျွန်တော်မျိုးမှာ စိတ္တဇရောဂါ စွဲကပ်လာသော ကြောင့် ဖြစ်ပါတယ်ဘုရား"

"အလို. . ဘာကြောင့်လဲ၊ မင်း ငါ့ကို လျှောက်ကြားမှပေါ့၊ ဒီတော့မှ ငါ အကူအညီပေးနိုင်မှာပေါ့"

"ကျွန်တော်မျိုးမှာ အခက်တွေ့နေပါတယ်ဘုရား၊ အကြောင်းစုံ ကို လျှောက်ထားရပါလျှင် အရှင်ဘုရား ကျွန်တော်မျိုးကို မုချသတ်ပစ် တော်မူမှာပဲ"

"ဟာ. . . ခွေးမသား၊ ဒီလောက်တောင်ပဲ ငါ့ကိုကြောက်နေရ သလား၊ လျှောက်သာလျှောက်. . . မင်းကို ငါ အပြစ်မယူဘူးလို့ ကတိ ပေးပါတယ်၊ ကူလည်းကူညီတော်မူမယ်"

"တခြားမဟုတ်ပါဘုရား. . .၊ အရင်တစ်လလောက်တုန်းက အရှင်ဘုရားဟာ ဝက်လို လေးဖက်ထောက်ပြီး ဝါးစားခွက်ထဲကဆန်ပြုတ် တွေကို ပွဲတော်တည်ခဲ့တယ်မဟုတ်လားဘုရား"

"အေး. . . ဟုတ်တယ်လေ၊ ဒါ ဘာဖြစ်လဲ၊ မင်းလည်း ကိုအတု ယူချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဘုရား. . .၊ ဒါပေမဲ့ အရှင်ဘုရား ဒီလိုဆန်းဆန်းပြားပြား ပွဲတော်တည်ခဲ့တဲ့အကြောင်းကို ကျွန်တော်မျိုးအား ဘယ်သူ့ကိုမျှ မပြောရဘူးလို့ အရှင်ဘုရား အမိန့်ထုတ်ထားတယ် မဟုတ်လားဘုရား"

"အေး. . . ငါ အမိန့်ထုတ်ထားတယ်ပေါ့၊ အဲဒါဘာဖြစ်သလဲ"

"ဒီအကြောင်းတွေဟာ ဆန်းလွန်းလှလို့ ကျွန်တော်မျိုး အခြားသူများကို ပြောပြချင်လှတယ်၊ မျိုသိပ်ပြီး မနေနိုင်ဘူး၊ ပြောပြခွင့်မရတဲ့အတွက် ကျွန်တော်မျိုးစိတ်ထဲမှာ ကျေနပ်မှုမရဘဲ အမြဲစိတ်ဆင်းရဲနေရပါတယ်၊ ဒါကြောင့် ကျွန်တော်မျိုး စိတ္တဇဖြစ်ပြီး တစ်နေ့တခြား ပိန်ကျလာပါတယ်ဘုရား"

သို့ ကြားရသော် ဘုရင်သည် ခေတ္တမျှတွေးဆပြီးနောက် ပြုံးရွှင်သောအမူအရာဖြင့်. . .

"ဟော့. . . ဒေါက်ခဲ၊ မင်း ဒါကြောင့် စိတ်ဒုက္ခရောက်နေရတာလား၊ ဒီလိုဆိုရင် ဘာမှမစိုးရိမ်နဲ့၊ မင်းကိုငါ ပြောခွင့်ပေးမယ်၊ နောက်သုံးရက်ကြာရင် တပို့တွဲလပြည့်နေ့ရောက်မယ် အဲဒီနေ့ကျရင် နန်းတော်ဝင်းထဲကနေပြီး အားမနာတရ မင်းပြောလိုတာတွေကို အော်ပြောပေတော့"

သို့မှ ဒေါက်ခဲလည်း အထူးကျေနပ်ကာ ပြုံးရွှင်လာတော့သည်။

နောက် ၃-ရက်ကြာ တပို့တွဲလပြည့်နေ့ ညချမ်းချိန်တွင် နန်းတော်ဝင်းအတွင်း၌ ထမနဲပွဲတော်ကြီးကို ခြိမ့်ခြိမ့်သဲမျှ ကျင်းပလေရာ ဝန်ကြီးဝန်ထောက်စသော မင်းစိုးရာဇာနှင့်တကွ မြို့သူမြို့သား ကျားမ မရွေးအများအပြား လာရောက်နွှဲပျော်ကြသဖြင့် အထူးစည်ကားနေပေ တော့သည်။

လူအထူးစည်ကားနေသည့်နေရာတွင် ၂၅-တောင်ခန့်မြင့်သောစင်မြင့်ပေါ်၌ ဒေါက်ခဲသည် ကောင်းစွာဝတ်စားဆင်ယင်ပြီးလျှင် အ[illegible]ရပ်ကာ စောင့်နေတော့သည်။

အချိန်ကျသည်နှင့် တစ်ပြိုင်နက် ဘုရင်ကအချက်ပေးလိုက်သည်တွင် ဆိုင်းဝိုင်း ၅၀-ကျော်တို့သည် တစ်ပြိုင်နက် [illegible]မှုတ်ကြလေရာ



www.burmeseclassic.com

www.burmeseclassic.com



နားကွဲလုမတတ်ပင်။

သို့ဆူညံနေချိန်အတွင်း ဘုရင်က ဒေါက်ခဲအား . . .

"ဟော့ . . . ဒေါက်ခဲ မင်းပြောချင်တာတွေ ပြောနိုင်ပြီ စိတ်ရှိလက်ရှိ အော်ပြီးပြောပေတော့" ဟု အမိန့်ပေးလိုက်ရာ ဒေါက်ခဲသည် ပါးစပ်ကြီးကိုဖြဲပြီး . . .

"ငါတို့ရှင်ဘုရင်ဟာ မြေကြီးပေါ်မှာ ဝက်လိုလေးဖက်ထောက်ပြီးတော့ ဝါးစားခွက်ထဲက ဆန်ပြုတ်တွေကို ဝက်လို ပါးစပ်နဲ့ဟပ်မျိုပြီး ပွဲတော်တည်ခဲ့တယ်" ဟူ၍ အကြိမ် ၅၀၀-တိတိ ကုန်း၍ အသံကုန်ဟစ်လေတော့သည်။

၎င်းဟစ်လိုက်သည့်အသံများမှာ ဆိုင်းဝိုင်း ၅၀-ကျော်တို့၏ ဆိုင်းသံများအကြားတွင် စိုးစဉ်းမျှမပေါ်ဘဲ နစ်မြုပ်ပျောက်ကွယ်သွားချေတော့သည်။ သို့ဘိရှိရာ လူများသည် ဒေါက်ခဲဘာပြောသည်ကို မည်သူမျှမဝေခွဲနိုင်ကြချေ။

ဒေါက်ခဲသည် မိမိမျိုသိပ်ခဲ့ရသော အကြောင်းများကို အကြိမ် ၅၀၀-တိတိ အော်ဟစ်လိုက်ရာ နောက်ဆုံးတွင် အမောဆို့ပြီး ပစ်လဲသွားတော့သည်။ သို့ရာတွင် ပြန်လည်သတိရသောအခါ၌ မိမိလိုအင်ဆန္ဒပြည့်ဝသွားပြီးဖြစ်ရကား အထူးကျေနပ်သွားတော့သည်။ သို့နှင့်အမျှ ဒေါက်ခဲသည် ကာယသုခနှင့် စိတ္တသုခကို ပြန်လည်ရရှိခံစားနိုင်ပြီးလျှင် ထစ်နေ့တခြား ပြန်လည်ဝဖြိုးလာပြန်တော့သတည်း။

*



www.burmeseclassic.com

www.burmeseclassic.com

# ရွှေငွေဝေတွေလို့ ရွှေမိုးငြိုးတွေစွေနိုး

နောက်တစ်ပတ်ခန့်ကြာသော် ဘုရင်မင်းမြတ်သည် မှူးမတ် ၄-ယောက်နှင့် ပုဏ္ဏားပညာရှိတို့ကို ခေါ်ပြီးလျှင် မိမိမှာ နန်းတော် မီးလောင်သွားကတည်းက ယာယီတဲနန်းဆောက်၍သာ နေခဲ့ရရာမှ ထာဝရ နန်းတော်တည်ဆောက်တော့မှ သင့်မည်ဖြစ်ကြောင်း မြွက်ကြားပေရာ၊ လာမည့် တပေါင်းလပြည့်ကျော် ၁-ရက်၊ ကြာသပတေးနေ့တွင် မင်္ဂလာအခါကောင်းရသဖြင့် ထိုနေ့တွင် နန်းတော်ကို စတင်တည်ဆောက်သင့်ကြောင်း ပုဏ္ဏားပညာရှိများက ရွှေနားတော် လျှောက်ကြားကြပေသည်။

တပေါင်းလပြည့်ကျော် ၁-ရက်နေ့ နံနက်တွင် ဘုရင်၏အမိန့်အတိုင်း ဝန်ကြီး၊ အမတ်၊ ဝန်ထောက်၊ စစ်ကဲ၊ လူပျိုတော်၊ အပျိုတော်နှင့် မြို့သူမြို့သားအပေါင်းတို့သည် နန်းတော်တည်ဆောက်ရန်အတွက် နေရာအသီးသီးတွင် တာဝန်ယူလျက် တွင်းတူးပေးကြတော့သည်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com



သို့ပါသော်လည်း ဒေါက်ခဲမှာ ထိုရက်တွင် မပေါ်လာသဖြင့် ဘုန်းကြီး..

"အမတ်ကြီးများ ဒေါက်ခဲတစ်ယောက် မပေါ်လာပါကလား"

သည်တွင် ဒေါက်ခဲအား ကလဲ့စားချေရန် စောင့်နေကြသော အမတ်၄-ယောက်က..

"မှန်လှပါ အရှင်ဘုရား၊ ဒေါက်ခဲသည် ယနေ့မလာသည်မှာ အခြားကြောင့်မဟုတ်ပါ၊ သူသည် သူ့စံမြန်းဖို့ နန်းတော်တစ်ဆောင်ကို ဆောက်လုပ်နေသောကြောင့် ဖြစ်ပါတယ်၊ သူဟာ အရှင်ဘုရားရဲ့ တိုင်းပြည်ကို ပုန်ကန်လုယူဖို့ ကြံစည်နေပါတယ်၊ သတိထားတော်မူပါ အရှင်ဘုရား၊ ဒါကြောင့် ဒီရာဇဝတ်ကောင်ဒေါက်ခဲကို အစဖျောက်ရန် ကျွန်တော်မျိုးတို့အား တာဝန်လွှဲအပ်ပေးပါ"

"ဟာ... ဟုတ်မယ်မထင်ပါဘူး၊ ငါ မေးမြန်းတော်မူလိုသေး တယ်၊ ဒေါက်ခဲကို သွားခေါ်ကြစမ်း"

မကြာမီ ဒေါက်ခဲရောက်လာသည်နှင့်..

"ဟေ့... ဒေါက်ခဲ၊ မင်းဘာကြောင့် ငါ့နန်းတော်ဆောက်တာ လာမကူရသလဲ၊ မင်း ငါ့အမိန့်ကို သွေဖီပြီး ငါ့ကို ပုန်ကန်ဖို့ကြံနေတာပေါ့"

"မဟုတ်ကြောင်းပါဘုရား၊ ယနေ့သည် ဩဘာကျက်သရေ မင်္ဂလာတွေနဲ့ ပြည့်စုံလှတဲ့ ရက်ထူးရက်မြတ်ဖြစ်လေတော့ ဘုရားကျွန် တော်မျိုးလည်း နေစရာအိမ်မရှိလို့ အိမ်တစ်ဆောင်ဆောက်ရန် တွင်းတူး နေပါတယ်ဘုရား"

"သြော်... ဒါကြောင့်လား၊ ကောင်းပြီ...၊ ညနေကျရင် ဆက်ဆက် ငါ့နန်းတော်ကို လာကူဆောက်ပေးရမယ်"

"မှန်လှပါဘုရား"

ညနေချမ်းအချိန်သို့ ရောက်မှ ဒေါက်ခဲသည် တွင်းတူးရပြီးတော့သည်။ ဘုရင်လည်း ဒေါက်ခဲမလာသည်နှင့် အမျက်တော်ပွားပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



မိမိမောင်းမ အပျိုတော်များကို ခေါ်ပြီး. . .

"ဟဲ့. . . အပျိုတော်တွေ၊ ဒေါက်ခဲဟာ အခုထက်ထိ မလာသေးဘူး. . .၊ ဒီကောင်ဟာ ငါ့ကို ပမာမခန့်ဘူး၊ ဒါကြောင့် နင်တို့အားလုံး အခုချက်ချင်း သူ့အိမ်ဆောက်ဖို့တူးခဲ့တဲ့ တွင်းတွေထဲမှာ ကျင်ကြီးတွေ သွားစွန့်ထည့်ကြ၊ ဒီတော့မှ ဒီအကောင် မာနကျမယ်"

သည်တွင် အပျိုတော်များသည် တစ်ယောက်မကျန် တပ်ချီကာ ဒေါက်ခဲအိမ်ဆောက်မည့် နေရာသို့ သွားကြပြီးလျှင် အိမ်တိုင်ထူရန် တူးထားသော တွင်းများထဲသို့ အသီးသီး ကျင်ကြီးများ စွန့်ပါထည့်ကြတော့သည်။ ဒေါက်ခဲကား ဘုရင့်အမိန့်အရသာ ရဲရဲဝံ့ဝံ့ ကျင်ကြီးများ စွန့်ထည့်ကြခြင်းဖြစ်ရမည်ဟု တွေးသိပြီးလျှင် ဘာမျှမပြောဘဲ ဟန်မပျက် နေလိုက်သည်။ အပျိုတော်များ ချေးပါပြီးသောအခါ ဒေါက်ခဲက. . .

"ဟေ့. . . နင်တို့ တယ်ညစ်ပတ်ယုတ်မာကြပါကလား"

"ငါတို့ ဘုရင့်အမိန့်အတိုင်း ဆောင်ရွက်ကြခြင်းဖြစ်တယ်"

"နင်တို့ကို ဘုရင်က ဘယ်လိုအမိန့်ပေးလိုက်သလဲ"

"နင့်အိမ်တိုင်ထူဖို့ တူးထားတဲ့တွင်းတွေထဲမှာ ကျင်ကြီးတွေ စွန့်ပါထည့်ရမယ်လို့ ဘုရင်က အမိန့်ပေးတယ်"

"ဪ. . . ဟုတ်လား၊ ကျင်ကြီးတွေ စွန့်ပါထည့်ဖို့ အမိန့်ပေးသလား"

"ဟုတ်တယ်. . .၊ ကျင်ကြီးတွေ ပါချဖို့ အမိန့်ပေးတယ်၊ တို့ မလိမ်ဘူး"

"ဒီပြင် ဘယ်လိုအမိန့်ပေးသလဲ"

"တခြား ဘာအမိန့်မှ မပေးပါဘူး၊ ကျင်ကြီးတွေ စွန့်ပါထည့်ဖို့သာ အမိန့်ပေးလိုက်တယ်"

သည်တွင် ဒေါက်ခဲသည် ဝါးခြမ်းကြီးတစ်ခြမ်းကို အမြန်ကိုင်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . နင်တို့ဟာ ဘုရင်ပေးတဲ့အမိန့်ထက် ပိုလွန်ပြီး လုပ်ဆောင်ယုတ်မာကြတယ်၊ နင်တို့ကို ကျင်ကြီးပါထည့်ဖို့သာ ဘုရင်က အမိန့်ပေးတယ်၊ အခုတော့ ကောင်းကြသေးရဲ့လား၊ နင်တို့ဟာ ကျင်ကြီး ပါရုံတင်မက၊ ကျင်ငယ်ရည်တွေလည်း စွန့်ခဲ့ကြသေးတယ်၊ ကိုင်း. . . ကျင်ငယ်ရည်တွေ စွန့်ထည့်ကြဦး. . . စွန့်ထည့်ကြဦး၊ ကျင်ငယ်ရည်တွေ ပေါက်ကြဦး"

ဟု ကြိမ်းမောင်းပြီး ကျင်ကြီးများ စွန့်ပါရုံတွင်မက ကျင်ငယ်ရည်တွေကိုပါ ပေါက်ချကြသော အပျိုတော်အားလုံးကို အထူးနာကျင်အောင် အဆက်မပြတ် ရိုက်လေတော့ရာ အပျိုတော်အားလုံး ဒဏ်ရာအနာတရ ရပြီး နန်းတော်သို့အမြန်ပြေးကာ ဘုရင်အား ဒေါက်ခဲရိုက်နှက်ကြောင်းကို ငိုယို၍ လျှောက်ထားကြတော့သည်။

ဘုရင်လည်း အလွန်အမျက်ထွက်ပြီး ဒေါက်ခဲအား ရှေ့တော်သို့ အမြန်ခေါ်လာစေပြီးလျှင် . .

"ဟေ့. . . ခွေးမသား ဒေါက်ခဲ၊ မင်းဟာ ငါ့အမိန့်အတိုင်း တာဝန်ကို ဆောင်ရွက်ကြတဲ့ ငါ့အပျိုတော်တွေကို အကြောင်းမဲ့သက်သက် ရိုက်နှက်တယ်၊ ငါ့ကို မင်း စော်ကားတယ်"

"အထင်မလွဲပါနဲ့ အရှင်ဘုရား၊ ကျွန်တော်မျိုး မစော်ကားရပါ အရှင်ဘုရား၊ အပျိုတော်များဟာ အရှင့်အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါတယ်ဘုရား၊ အခုတော့ သူတို့ဟာ အရှင့်အမိန့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မပြုဘဲ၊ တာဝန်ပျက်ကွက်လို့ ကျွန်တော်မျိုးက သူတို့ကို တကယ့်စေတနာနဲ့ နောင်အခါမှာ သေချာသွားရလေအောင် ဆုံးမလိုက်ခြင်းဖြစ်ပါတယ်၊ ဒီလိုဆုံးမမှလည်း သူတို့ဟာ နောင်ကို သေချာသွားမယ်၊ တာဝန်မပျက်နိုင်ကြတော့ဘူး"

"အောင်မာ. . . ခွေးမသား၊ သူတို့ဘာတာဝန်ပျက်ကြလို့လဲ၊ မင်းက ကြီးကြီးကျယ်ကျယ်၊ မင်း သေဖို့ပြင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား. . . သူတို့ကို ဘယ်လိုအမိန့်ပေးခဲ့သလဲ"

"ငါက သူတို့ကို မင်းတူးထားတဲ့ တွင်းထဲမှာ ကျင်ကြီးတွေ သွားပါထည့်လို့ အမိန့်ပေးလိုက်တယ်"

"ဒီလိုဆိုရင် သူတို့ဟာ အရှင့်အမိန့်အတိုင်း မလိုက်နာခဲ့ကြဘူး"

"ဘယ်လိုမလိုက်နာခဲ့ကြသလဲ. . . ခွေးမသား"

"သူတို့ဟာ အရှင်ဘုရားစေခိုင်းသလို ကျွန်တော်မျိုးတူးထားတဲ့ တွင်းတွေထဲမှာ ကျင်ကြီးတွေ ပါထည့်ရုံနဲ့ မကျေနပ်ကြသေးဘဲ. . . အရှင်ဘုရား အမိန့်ကို လွန်ဆန်ပြီး ကျင်ငယ်ရည်တွေကိုပါ ပေါက်ထည့်ခဲ့ကြတယ်၊ ဒါကြောင့် ကျွန်တော်မျိုးက သူတို့ကို နောင်သေချာရန် တကယ့်စေတနာနဲ့ ဆုံးမလိုက်ခြင်းဖြစ်ပါတယ် အရှင်ဘုရား၊ အရှင်ဘုရား အမိန့်ပေးတာ တစ်မျိုးတည်း. . .၊ သူတို့လုပ်ခဲ့ကြတာက နှစ်မျိုးဖြစ်ခဲ့ကြတယ်"

သည်တွင် သီရိဂန္ဓမင်းသည် အထူးသဘောပေါက်သွားကာ ဒေါက်ခဲအပေါ်တွင် မည်သို့မျှ အရေးမယူတော့ဘဲ ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်တွင် ဘုရင်သည် ဒေါက်ခဲအား ခေါ်လိုက်ပြီးလျှင် . . .

"ဟေ့. . . ဒေါက်ခဲ၊ မင်း ငါ့နန်းတော်မှာ လာရောက်နေထိုင်ခစားတာ အတော်ကြာသွားပြီ၊ ဒီအတောအတွင်းမှာ မင်းဟာငါ့ကို အခက်အခဲကျရင် အကြံဉာဏ်ကောင်းတွေကို အမြဲပေးနိုင်ခဲ့တယ်၊ အဲဒါကြောင့် ငါဟာ မင်းကို အများကြီး ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အခုတလောမှာဆိုရင် မင်းကို နန်းတော်တစ်ခုလုံးက သဘောမကျလာကြတော့ဘူး. . .၊ အပျိုတော်တွေ၊ လူပျိုတော်တွေ၊ ဝန်ထောက်တွေ၊ အမတ်တွေ အားလုံးပေါ့. . .၊ နန်းတော်တစ်ခုလုံးပေါ့. . .၊ သူတို့က မင်းကိုနန်းတော်ထဲမှာ မထားပါနဲ့ ငါ့ကို မကြာမကြာ လာလျှောက်ကြတယ်၊ ဒါကြောင့် အများနဲ့ မလွန်ဆန်နိုင်တဲ့အတွက် မင်းကို ဒီနေ့ကစပြီး ကျွတ်ငသတိပေးထားမယ်၊ နောက် နှစ်လပြည့်ရင် မင်း နန်းတော်ထဲမှာ နေခွင့်မရှိတော့ဘူး၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ထဲက ထွက်သွားရမယ်. . . ကြားရဲ့လား"

"မှန်လှပါ ကြားရပါပြီဘုရား၊ အရှင်အမိန့်အတိုင်း နှစ်လပြည့်ရင် ကျွန်တော်မျိုး နန်းတော်ထဲက ထွက်သွားပါ့မယ်ဘုရား၊ စိတ်ချပါဘုရား"

ကဆုန်လပြည့်နေ့ညတွင် ဘုရင်သည် ဒေါက်ခဲအားခေါ်ပြီးလျှင် လပြည့်ဝန်းကြီးအား လက်ညှိုးထိုးပြကာ. . .

"ဟေ့. . . ဒေါက်ခဲ၊ ဟောဟိုမှာလပြည့်တာ မြင်ရဲ့မဟုတ်လား၊ အခု နှစ်လပြည့်သွားပြီ၊ နက်ဖြန် မင်း နန်းတော်ထဲက ထွက်သွားပေတော့၊ ဒီမှာ မင်း နေခွင့်မရှိတော့ဘူး"

"ဟာ. . . အရှင်ဘုရား၊ ကျွန်တော်မျိုးအား နှစ်လပြည့်ရင် နန်းတော်ထဲက ထွက်သွားရမယ်လို့ အရှင်ဘုရား အမိန့်ချမှတ်ထားတယ် မဟုတ်ပါလားဘုရား"

"အေး. . . ဟုတ်တယ်လေ၊ အခု တန်ခူးတစ်လနဲ့ ကဆုန်တစ် လ၊ ပေါင်း နှစ်လပြည့်သွားပြီ မဟုတ်လား၊ နက်ဖြန် မင်း နန်းတော်ထဲက ထွက်သွားရမယ်"

"ကျွန်တော်မျိုး နန်းတော်ထဲက ထွက်မသွားနိုင်သေးဘူးဘုရား"

"အောင်မာ. . . ဘာကြောင့်လဲ ဟဲ့ . . နွားမသား၊ အရင် ကတော့ နှစ်လပြည့်ရင် ထွက်သွားပါမယ်လို့ မင်း ဘာကြောင့်ငါ့ကို ကတိ ပေးခဲ့သလဲ"

သည်တွင် ဒေါက်ခဲသည် လမင်းကို လက်ညှိုးညွှန်လျက်. . .

"အရှင်ဘုရား ဟောဟိုမှာ ရှုစားတော်မူပါဘုရား၊ လတစ်လ သာ ပြည့်ပါသေးတယ်၊ လ နှစ်လ မပြည့်သေးပါဘူး၊ နှစ်လပြည့်ရင် ကျွန်တော်မျိုး နန်းတော်မှ မုချထွက်သွားပါ့မယ်ဘုရား၊ စိတ်ချပါဘုရား"

သည်တွင် ဘုရင်သည် အရေးမယူနိုင်တော့ဘဲ လက်မှိုင်ချကာ နေတော်မူလိုက်ရသည်။

သို့နှင့် တစ်နှစ်ကြာညောင်းသွားတော့သည်။ ဒေါက်ခဲကား လ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လပြည့်သည်ကို ဘုရင်က မပြနိုင်သေးသဖြင့် နန်းတော်မှ မထွက်ခွာသေးဘဲ ဇွတ်အတင်း နေ နေတော့သည်။

နယုန်လပြည့်နေ့ တစ်နံနက်တွင် မြို့တွင်းမှ ကိုရင်ငယ်တစ်ပါးသည် ဘုရင့်ထံသို့ လာရောက်တီးတိုးလျှောက်တင်ပြီးနောက် ပြန်ကြွသွားတော့သည်။ ၎င်းနောက် ဘုရင်ကား အထူးရွှင်ပျတော်မူလျက် ရှိတော့သတည်း။

ထိုညတွင် ဘုရင်သည် ဒေါက်ခဲအား ခေါ်ပြီးလျှင်. . .

"ဟေ့. . . ဒေါက်ခဲ မင်းနန်းတော်က ဘယ်တော့ထွက်မလဲ"

"အရှင်အမိန့်အတိုင်း လ နှစ်လပြည့်တာမြင်ရရင် ကျွန်တော်မျိုး နန်းတော်က ထွက်သွားပါမယ်"

သည်တွင် ဘုရင်က. . .

"ကောင်းပြီ. . . ဒေါက်ခဲ အခု မိုးပေါ်မှာ လတစ်လပြည့်နေ တာ မင်းမြင်တယ်နော်"

"မှန်လှပါ မြင်ပါတယ်"

"ဒါဖြင့်. . . ဟောဒီမှာကြည့်စမ်း၊ ဟောဒီရေအင်တုံထဲမှာရော လတစ်လပြည့်နေတာ မြင်တယ်မဟုတ်လား"

ဒေါက်ခဲသည် ရေအင်တုံကိုကြည့်ပြီး မငြင်းသာတော့ဘဲ. . .

"မြင်ပါတယ် ဘုရား"

"အဲ. . . ဟုတ်ပြီ၊ မင်း အခု လ နှစ်လပြည့်တာ မြင်ပြီမဟုတ်လား၊ ဒါကြောင့် နက်ဖြန်ကျရင် မင်း နန်းတော်က ပြောင်းသွားပေတော့"

ဒေါက်ခဲမှာ လ နှစ်လပြည့်နေသည်ကို မြင်ရပြီးဖြစ်၍ မငြင်းသာတော့ဘဲ နောက်တစ်နေ့နံနက်တွင် နန်းတော်မှ ထွက်ခွာကာ မိမိ အိမ်သို့ ပြောင်းရွှေ့နေထိုင်ရရှာတော့သည်။

*



www.burmeseclassic.com

www.burmeseclassic.com

# ကြွက်ထီးရှိမှကြွက်စုနိုင်မည်

ဘုရင့်အမတ်ကြီး ၄-ယောက်တို့သည် ဒေါက်ခဲရာဇဒဏ် အကြီးအကျယ်မသင့်သေးသည့်အတွက် အခဲမကျေဘဲလျက် ရှိနေကြတော့ သည်။ သို့နှင့်အမျှ သူတို့သည် ဒေါက်ခဲအား ပျက်စီးရန် အမြဲကြံစည်အားထုတ်လျက် ရှိကြတော့သည်သာ။

တစ်နေ့သော် အမတ်ကြီး ၄-ယောက်တို့သည် ယခင် ဒေါက်ခဲပယောဂကြောင့် နန်းတော်တွင်းမှ နှင်ထုတ်ခံခဲ့ရသော မောင်းမငယ် ၅-ယောက်တို့အား တိတ်တဆိတ် ခေါ်ယူတွေ့ဆုံပြီးလျှင်. . .

"ဟေ့. . . မင်းတို့ အခုဘာလုပ်နေကြသလဲ"

"ကျွန်မတို့ ဘာမှ အလုပ်အကိုင်မရှိပါ၊ အင်မတန် ဆင်းရဲနေကြပါတယ်"

"နင်တို့ကို ငါတို့သနားတယ်၊ နင်တို့မှာ ဘာမှအပြစ်မရှိကြဘူး၊ ဒေါက်ခဲကုန်းတိုက်လို့ ဘုရင်က နင်တို့ကို နှင်ထုတ်လိုက်ခြင်း ဖြစ်တယ်၊ ဒါကြောင့် အခုချက်ချင်း ဘုရင်ဆီမှာ နင်တို့ဘာမှအပြစ်မရှိကြောင်း၊ ဒေါက်ခဲကုန်းတိုက်တဲ့အတွက် နင်တို့အထင်လွဲခံရကြောင်း၊ ဆင်းရဲနေကြရကြောင်း၊ ဝိုင်းပြီး လျှောက်ထားကြပေတော့. . .၊ ဘုရင်က ငါတို့ကို မေးရင် ငါတို့က နင်တို့အတွက် ကူညီလျှောက်ထားပေးမယ်၊ ဘာမှ မကြောက်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါ အင်မတန်ကျေးဇူးတင်လှပါတယ်၊ ကျွန်မတို့အခုပဲ ဘုရင်ဆီသွားရောက် လျှောက်ကြားကြပါမယ်"

ဇင်းနောက် မောင်းမငယ် ၅-ယောက်တို့သည် အမတ်ကြီးများ သွန်သင်အားပေးသည့်အတိုင်း ဘုရင့်ထံသို့ သွားရောက်ကြပြီးလျှင် ငိုယို လျှောက်တင်ကြရာ ဘုရင်လည်း အထူးသနားစိတ်ပေါ်လာကာ သူတို့အား နန်းတော်တွင်းသို့ ခေါ်ယူ၍ ရှေးကကဲ့သို့ ခိုင်းစေမြှောက်စားတော်မူပြန်သည်။

သူတို့ ... နန်းတော်တွင်းသို့ ပြန်ရောက်သည့်နေ့မှစ၍ အခွင့်ရတိုင်း ဘုရင်အား ဒေါက်ခဲယုတ်မာသည့် အကြောင်းများကို ဖန်တီး ကုန်းတိုက် လျှောက်ကြားကြလေတော့ရာ နောက်ဆုံး၌ဘုရင်သည် ဒေါက်ခဲအပေါ်၌ အထင်မှားခြင်းကြီးမက အထင်တော် လွဲမှားသွားရလေတော့သည်။

သို့နှင့် ဘုရင်သည် တစ်နေ့သော် ပရိသတ်ဗိုလ်ပုံအလယ်၌. . .

"ဟေ့ . . ဒေါက်ခဲ"

"မှန်လှပါဘုရား"

"ငါ အခုပဲ သံလွင်မြစ်ထဲမှာ ကြက်ဥတွေ ပစ်ချထားစေတယ်၊ အဲဒီကြက်ဥများအနက် တစ်လုံးရအောင် မင်း ရေငုပ်ပြီး ယူပေးရမယ်၊ မင်းတစ်ယောက်တည်းသာမဟုတ်၊ ဟောဒီ မောင်းမငယ် ၅-ယောက်တို့ လည်း မင်းလိုပဲ ရေထဲငုပ်ပြီး ကြက်ဥတစ်လုံးစီ ယူပေးရမယ်၊ မောင်းမငယ်တွေ ရေငုပ်လို့ ကြက်ဥကိုယ်စီရကြပြီး၊ မင်းငုပ်လို့ တစ်လုံးမှမရရင်တော့ မင်းကို ရာဇဒဏ်အကြီးအကျယ်ပေးမယ်. . . ကြားလား"

ဒေါက်ခဲသည် ခေတ္တမျှတွေးဆလိုက်၏။ မိမိအနီးတွင် အထူးသဖြင့် အမတ်ကြီး ၄-ယောက်နှင့် မောင်းမငယ် ၅-ယောက်တို့ကို တွေ့မိသဖြင့် သူတို့ဉာဏ်ပင်ဟု မျက်မှန်းဆမိတော့သည်။ ဇင်းနောက် ဒေါက်ခဲသည်အကြံရလာသဖြင့် . .



www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား. . . အရှင့်အမိန့်အတိုင်း ကျွန်တော်မျိုး လိုက်နာဆောင်ရွက်ပါမယ်ဘုရား"

မကြာမီ သံလွင်မြစ်ကမ်းပေါ်တွင် ဘုရင်၊ အမတ်ကြီးနှင့် မြို့သူမြို့သားများ စုရုံးကာ အထူးစည်ကားနေတော့သည်။ အမတ်ကြီး ၄-ယောက်တို့သည် ရေငုပ်ခါနီးတွင် မောင်းမငယ် ၅-ယောက်တို့အား ကြက်ဥတစ်လုံးစီ တိတ်တဆိတ် ပေးလိုက်ကြတော့သည်။

အချိန်ရောက်သည်နှင့် အချက်ပေးလိုက်ရာ ဒေါက်ခဲနှင့် မောင်းမငယ် ၅-ယောက်တို့သည် သံလွင်မြစ်အောက်သို့ ရေငုပ်ဆင်းသွားကြတော့သည်။

မကြာမီ သူတို့ တစ်ယောက်ပြီးတစ်ယောက် ရေမျက်နှာပြင်ထက်သို့ ပေါ်လာကြတော့သည်။ မောင်းမငယ်အသီးသီးကား ကြက်ဥတစ်လုံးစီကိုကိုင်လျက်၊ ဒေါက်ခဲလက်တွင်ကား ဘာမျှပါမလာချေ။

"ဟော့. . . ဒေါက်ခဲ၊ မင်း အင်မတန်ညံ့တဲ့အကောင်ပါလား၊ မောင်းမငယ် အသီးသီးဟာ ကြက်ဥတစ်လုံးစီ ငုပ်ယူလာနိုင်ကြတယ်၊ မင်းတော့ တစ်လုံးမှ မငုပ်ယူနိုင်ဘူး၊ ခွေးမသား. . . သေဖို့သာပြင်"

"မှန်လှပါ ကျွန်တော်မျိုး လျှောက်ထား ရှင်းပြပါရစေ အရှင်ဘုရား"

"ကောင်းပြီ. . . ရှင်းပြစမ်း"

"ကြက်ဖများဟာ ဥ ဥနိုင်ကြသလားဘုရား"

"ကြက်ဖများဟာ ဘယ်ဥ ဥနိုင်ကြမလဲ၊ ကြက်မများသာ ဥရိုးထုံးစံရှိတယ်"

"ကျွဲထီးများရော သားမွေးနိုင်ကြသလား ဘုရား"

"ကျွဲထီးများဟာ သားမမွေးနိုင်ကြဘူး၊ ကျွဲမများသာ သားမွေးနိုင်ကြရိုး ထုံးစံရှိတယ်"

"ကျွဲမများ ဘာကြောင့်သားမွေးကြသလဲဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွဲထီးကြောင့်ပေါ့"

"ကြက်မများကောဘုရား"

"ကြက်ထီးကြောင့်ပေါ့. . .၊ အထီးရှိမှသာ အမမှာ ဥ ဥနိုင် တယ်၊ သားမွေးနိုင်တယ်"

"ဒီလိုဆိုရင် အရှင်းကြီးပဲဘုရား"

"ဘယ်လိုရှင်းတာလဲ"

"ကျွန်တော်မျိုးနဲ့ မောင်းမငယ် ၅-ယောက် မြစ်ထဲကို တစ်ပြိုင်နက် ငုပ်ပြီး ကြက်ဥရှာကြတယ်၊ ကျွန်တော်မျိုးက ကြက်ဥတစ်လုံးမှ မရဘဲ၊ မောင်းမငယ်တွေသာ တစ်လုံးစီရခဲ့ကြတယ်၊ သူတို့ ရကြမှာပေါ့ဘုရား၊ သူတို့ဟာ အမတွေကိုး. . .၊ ကျွန်တော်မျိုးက အထီးပေကိုး. . .၊ ကျွန်တော်မျိုးက ဘာဥ ဥနိုင်မှာလဲ၊ ထုံးစံမှမဟုတ်ဘဲ၊ သူတို့ကိုယ်စီ ကြက်ဥတစ်လုံးစီရကြတာဟာ သူတို့အလိုအလျှောက် သူတို့အစွမ်းကြောင့် မဟုတ်ပါဘုရား၊ ကျွန်တော်မျိုးကြောင့်. . . ကျွန်တော်မျိုးက သူတို့ကို မြစ်ရေထဲမှာ ကူညီလိုက်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် သူတို့ဟာ ကြက်မတွေပါ. . .၊ ကျွန်တော်မျိုးက ကြက်ထီးပါဘုရား"

သည်တွင် ဘုရင်သည် အထူးသဘောပေါက် နှလုံးခွေ့ အကြည်ဆိုက်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးလျှင် ဒေါက်ခဲအား ရာဇဒဏ် မခတ်တော့ဘဲ၊ အလျှောက်ကောင်းသောကြောင့် အထောင်းမှလွတ်စေတော့သည်။ အမတ်ကြီး ၄-ယောက်တို့ကား အထူးပင် မကျေနပ်နိုင်ကြတော့ချေ။ မောင်းမငယ် ၅-ယောက်တို့ကား အကြီးအကျယ် ရှက်သွားကြတော့သည်။ သူတို့သည် မြစ်ရေထဲအောက်တွင် ဒေါက်ခဲ၏မယားအဖြစ်သို့ ရောက်သွားကြရပြီ မဟုတ်ပါလော။

*



www.burmeseclassic.com

www.burmeseclassic.com

# ဥတ္တညီဘွား

မွန်ဘုရင် သီရိဂန္ဓာမင်းနှင့် တရုတ်ပြည် ဥတည်ဘွားတို့သည် ရာဇမဟာမိတ် ဖြစ်ကြလေရာ၊ တစ်ဦးနှင့်တစ်ဦး လွန်စွာချစ်ကျွမ်းဝင်လျက် ရှိကြတော့သည်။

အမတ်ကြီး ၄-ယောက်နှင့် မောင်းမငယ် ၅-ယောက်တို့၏ အဆက်မပြတ် ကုန်းတိုက်ခြင်းကို သီရိဂန္ဓာမင်းသည် အထူးပင် ယုံကြည်မိသည်နှင့် မိမိထီးနန်းစည်းစိမ်ကို မုချလုယူလိမ့်မည်ဟု အထင်လွဲကာ နောက်ဆုံး၌ ဒေါက်ခဲအား သေအောင်အကြံထုတ်လေတော့သည်။

ထိုကြောင့် သီရိဂန္ဓာမင်းသည် တစ်နေ့သော် ဒေါက်ခဲအား ခေါ်ပြီးလျှင် . .

ဟေ့ . . ဒေါက်ခဲ၊ မင်းဟာ အားကြီးပညာရှိတယ်၊ ဒါကြောင့် မင်းကို ငါ၏ရာဇမဟာမိတ်ဖြစ်တဲ့ တရုတ်ပြည်ဘုရင် ဥတည်ဘွားထံကို



www.burmeseclassic.com

www.burmeseclassic.com



စေလွှတ်တော်မူလိုတယ်"

"မှန်လှပါ အရှင်ဘုရား၊ ကျွန်တော်မျိုးကို တရုတ်ပြည်က တရုတ်မင်းထံသို့ စေလွှတ်လျှင် သွားရန်အသင့်ရှိပါတယ်ဘုရား"

"ကောင်းပြီ. . . မနက်ဖြန်ကို သွားပေတော့၊ ဟောဒီသုဝဏ္ဏလိပ်စာကိုလည်း မင်းနဲ့တပါတည်း ယူဆောင်သွားရမယ်၊ အဲဒီစာကို တရုတ်ပြည်ရောက်တဲ့အခါ တရုတ်မင်းကို ဆက်သပေတော့"

"မှန်လှပါ. . . အမိန့်တော်မြတ်အတိုင်းပါဘုရား"

"ဒေါက်ခဲသည် ဂန္ဓောဝါသနေပြည်တော်မှ လှေ၊ လှည်း၊ ဆင်၊ မြင်း အတန်တန်စီးကာ ခရီးထွက်လေသော် တရုတ်ပြည်သို့ တစ်လခန့်အကြာတွင် ဘေးရန်မခဘဲ ရောက်သွားပြီးလျှင် တရုတ်မင်းနှင့် ဖူးတွေ့လေတော့သည်။

ဒေါက်ခဲ တရုတ်ပြည်မရောက်မီ ၁-ပတ်ခန့်တွင် တရုတ်မင်းသည် မိမိ၏မိတ်ဆွေဖြစ်သော တာဝတီံသာနတ်ပြည် အရှင်သိကြားမင်းထံသို့ အလည်အပတ်သွားရောက်ခဲ့သည်။

တာဝတိံသာနတ်ပြည်တွင် သိကြားမင်းသည် တရုတ်မင်းအား အထူးချစ်ကြည်စွာ ဧည့်ဝတ်ပြုလေသည်။ အထူးသဖြင့် မိမိ၏ဥယျာဉ်တွင်းမှ အလွန်အရသာရှိသော ဖရဲသီးတစ်လုံးကို ခွဲ၍ တရုတ်မင်းအား အားစေရာ တစ်ခါမျှ မစားဖူးသော တရုတ်မင်းမှာ အကြောပေါင်းတစ်ထောင် ငြိမ့်သွားစေသော အရသာထူးကို ပထမအကြိမ် ခံစားခွင့်ရပေ တော့သည်။

သို့ဖြစ်၍ တရုတ်မင်းသည် ၎င်းဖရဲသီးမျိုးကို တရုတ်ပြည် ပြန်ရောက်လျှင် စိုက်လိုသောကြောင့် သိကြားမင်းထံမှ ဖရဲစေ့တစ်စေ့ကို တောင်းရာ သိကြားမင်းက ဖရဲမျိုးပြန့်သွားမည်ဖြစ်သောကြောင့် မပေးနိုင်ကြောင်း ငြင်းပယ်လိုက်သည်။

တရုတ်မင်းကား အားမလျှော့ဘဲ ထိုညတွင် သိကြားမင်း၏ ဥယျာဉ်ထဲသို့ တိတ်တဆိတ် အရဲစွန့်ဝင်ပြီးလျှင် ဖရဲသီးတစ်လုံးကို တရုတ်



www.burmeseclassic.com

www.burmeseclassic.com



ပြည်သို့ ခိုးဆောင်သွားလေတော့ရာ သိကြားမင်းလည်း အထူးဒေါသထွက်ပြီး တရုတ်မင်းအား ကျိန်ဆဲလေတော့သဖြင့် တရုတ်မင်း၏မျက်နှာသည် တစ်မုဟုတ်ချင်း မျောက်မျက်နှာအသွင်သို့ ပြောင်းသွားကာမျောက်၏အမြီးတစ်ချောင်းလည်း ထူးဆန်းစွာ ပေါက်လာတော့သည်။

ဒေါက်ခဲသည် မျောက်မျက်နှာနှင့် မျောက်အမြီးပေါက်နေသောတရုတ်ဘုရင်ကို ဖူးတွေ့စတွင် လွန်စွာရယ်ချင်ငြားလည်း မျိုသိပ်ကာနေလိုက်၏။ ၎င်းနောက် သိရိဂန္ဓမင်း ပါးလိုက်သော သုဝဏ္ဏလိပ်စာကိုတရုတ်မင်းအား ဆက်သလိုက်ရာ မွန်ဘာသာတတ်သော တရုတ်အမတ်ကြီးတစ်ယောက်က အောက်ပါအတိုင်း အဓိပ္ပာယ်ပြန်လိုက်တော့သည်။

"အကြည်တော် ဥတည်မင်း. . . ဤစာယူလာသူသည် ဒေါက်ခဲအမည်ရှိသောသူ ဖြစ်သည်၊ သူသည် ကျွန်ုပ်နှင့်တကွ မွန်တစ်တိုင်းပြည်လုံးကို ဒုက္ခပေးလာခဲ့သူဖြစ်သည်။ ၎င်းပြင် သူသည် သူတစ်ပါးသားမယားများကို အကြိမ်ပေါင်း ၈၀၀၀-မျှ ဖျက်ဆီးခဲ့သည်။ သူတစ်ပါးပစ္စည်းဥစ္စာတို့ကို အကြိမ် ၉၀၀၀-လုယက်ခိုးယူခဲ့သည်၊ တစ်နေ့လျှင်အရက် ၃၅-အိုး သောက်လေ့ရှိသည်။ သူ့ကို အကြိမ်ကြိမ်ဆုံးမသော်လည်း မနိုင်တော့သဖြင့် အကြည်တော်ထံသို့ ဆုံးမပေးရန် ယခုပို့လွှတ်လိုက်ရခြင်းဖြစ်သည်။ သူ့ကို ချက်ချင်းသတ်လိုက်စေလိုပါသည် အကြည်တော်"

ဒေါက်ခဲသည် ကျောချမှ စားပြမှန်းသိရသည်နှင့် စိတ်မတည်မငြိမ်ဖြစ်ကာ အထူးထိတ်လန့်သွားတော့ရာ. . .

"အရှင်ဘုရား. . . ဒီစာဟာ ကျွန်တော်မျိုးအပေါ် သက်သက်မလိုမုန်းထားပြီး မဟုတ်မမှန်တာတွေကို လည်ဆယ်ပြီး ရေးလိုက်ခြင်းဖြစ်ပါတယ်ဘုရား"

"မွန်ဘုရင်ဟာ ငါ့အကြည်တော်ဖြစ်တယ်၊ ငါ့ကို လိမ်ပြီး စာရေးမယ် မထင်ဘူး"

"မှန်ပါ. . . ကျွန်တော်မျိုးဘုရင်က မသိရှာပါဘူး နန်းတော် ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မျိုးကို မလိုတဲ့ အမတ်ကြီး ၄-ယောက်နဲ့ မောင်းမငယ် ၅-ယောက်တို့က ဘုရင်ကို ကုန်းတိုက်ခဲ့ကြလို့ ကျွန်တော်မျိုးအပေါ်မှာ ဘုရင်က အထင်လွဲပြီး ယခုလို သေကြောင်းကြံခြင်းဖြစ်ပါတယ်၊ ကျွန်တော်မျိုးအပေါ်မှာ နည်းနည်းမျှ အပြစ်မရှိပါဘုရား"

"ဩော်. . . ကောင်းပြီ ဒီလိုဆိုရင်ဖြင့်ငါ အရမ်းမယုံနိုင်သေး ဘူး. . .၊ မင်းကို အပြစ်ရှိမရှိ ငါစမ်းကြည့်ရသေးတာပဲ၊ ဟောဟိုမှာ မြင်ရဲ့လား. . .၊ တိုက်အခန်းကြီးတစ်ခန်းရှိတယ်၊ အဲဒီအခန်းထဲမှာ မင်းကို ငါခဏထည့်ထားကြည့်မယ်၊ မင်း အေးလာရင် အပြစ်ရှိပြီး၊ ပူလာရင် အပြစ်မရှိနိုင်ဘူး"

ဒေါက်ခဲသည် ထိုတိုက်ခန်းကြီးထဲရောက်သော် ခိုက်ခိုက်တုန်အောင် အေးလာတော့သည်။ ထိုစဉ်ဝယ် တိုက်ခန်းအတွင်း မှောင်ထဲ၌ အစောင့်တရုတ်တစ်ယောက်နှင့် တိုက်မိသဖြင့် အကြီးအကျယ်ရန်ဖြစ်ပြီး ထိုးသတ်ပုတ်ကြလေတော့သည်။ ထိုးသတ်ပုတ်၍ အတော်ကြာသော် တရုတ်သည် ဒေါက်ခဲထိုးလိုက်သော လက်သီးဒဏ်ကြောင့် ပစ်လဲသွားသဖြင့် ဒေါက်ခဲလည်း တစ်ကိုယ်လုံးပူပြီး ချွေးသံများထွက်ကာ တိုက်ခန်းအပြင်ဘက်သို့ အမြန်ထွက်လာခဲ့လေသည်။ ( ဘားနတ်မူတွင် - သူခိုးမဟုတ်ဘဲ သူခိုးဟု ယိုးစွပ်အပြစ်ပေးခြင်းခံရသော တရုတ်တစ်ယောက်နှင့် အတူ ဒေါက်ခဲအား ထည့်သွင်းထားလိုက်သည်။ တိုက်ခန်းအတွင်း၌ ဒေါက်ခဲ၏ကိုယ်သည် အလွန်အေးလာပြီး၊ အပြစ်မရှိသော တရုတ်၏ ကိုယ်မှာကား မအေးဘဲ ပူလာတော့သည်။ ဒေါက်ခဲလည်း အပူဓာတ်ရလိုသောကြောင့် တရုတ်ကို ဝင်၍ဖက်သည်။ တရုတ်လည်း အလွန်စိတ်ဆိုးသွားပြီး ဒေါက်ခဲကို ထိုးရာ ဒေါက်ခဲကလည်း တရုတ်အား ပြန်၍ထိုးပုတ်သည်။ သို့နှင့် ချွေးတဒီးဒီးနှင့် နှပ်တရွှဲရွှဲ ထွက်လာပြီး မျက်လုံးများနီရဲလာကုန်ကြတော့သည်။

အချိန်စေ့ရောက်၍ တိုက်ခန်းကိုဖွင့်လိုက်ရာ တရုတ်နှင့် ဒေါက်ခဲ

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်လုံး အခန်းပြင်ဘက်သို့ ထွက်လာကြပြီး မင်းအား ခစားကြသည်။ မင်းလည်း ၎င်းတို့ နှစ်ဦး၏ ကိုယ်များကို လက်ဖြင့်ကိုင်တွယ်စမ်းသပ်ကြည့်ပြီး ဒေါက်ခဲသည် လုံးဝအပြစ်ကင်းစင်ကြောင်း ချီးမွမ်းသည်။ ၎င်းနောက် ဒေါက်ခဲကဲ့သို့ ရိုးသားအပြစ်ကင်းမဲ့သူကို သတ်စေရန် မိမိထံ ဉာဏ်ဆင်ကာ စေလွှတ်လိုက်သော ဂန္ဓောဝါသမင်းအား ပြစ်တင်ပြောဆိုလေသည်။) သည်တွင် တရုတ်ဘုရင်သည် ဒေါက်ခဲ၏ ကိုယ်ကို စမ်းကြည့်ရာ ပူနေသည်ကို တွေ့ရသဖြင့် အထူးကျေနပ်ပြီး. . .

"မင်းမှာ အပြစ်မရှိဘူး၊ မင်းကို ငါမသတ်ဘူး၊ မင်းကို ပြန်ခွင့်ပေးမယ်" ဟု မိန့်ကြားပေသည်။

ဒေါက်ခဲကား ဝမ်းသာ၍မဆုံးတော့ပြီ။

၎င်းနောက် တရုတ်ဘုရင်က ဒေါက်ခဲအား တာဝတိံသာနတ်ပြည် သိကြားမင်းဉယျာဉ်မှ မိမိခိုးယူလာသော ဖရဲသီးမျိုးကို ကျွေးရာ ဒေါက်ခဲမှာ လွန်စွာခံတွင်းတွေ့လေတော့သည်။

"အရှင်ဘုရားရဲ့ ဖရဲသီးဟာ အင်မတန် အရသာရှိပါပေတယ်၊ ကျွန်တော်မျိုး နေရပ်ပြန်ရောက်တဲ့အခါ စိုက်ပျိုးရောင်းချ စားသောက်ချင်တဲ့အတွက် ဖရဲစေ့တစ်စေ့ သနားတော်မူပါဘုရား"

"အေး. . . မင်းကို ငါသနားတော်မူတယ်၊ ဖရဲစေ့ယူသွားနိုင် တယ်ဒါပေမဲ့ လက်နဲ့ကိုင်ပြီး ထင်ထင်ပေါ်ပေါ် ယူမသွားလေနဲ့၊ ပါးစပ် ထဲမျိုချပြီး ယူသွား၊ မင်းလက်ထဲမှာ ဖရဲစေ့တစ်စေ့ကို ငါ့အစောင့်တွေ တွေ့သွားရင် မင်းကိုချက်ချင်း သတ်ပစ်လိမ့်မယ်"

(ဘားနတ်မှုတွင် - "မယူရ၊ ယူလျှင်တံခါးစောင့်တွေ့သွားပါက သတ်လိမ့်မည်" ဟု ပြောသောကြောင့် ဒေါက်ခဲသည် ဖရဲစေ့များကို ငုံထဲ မျိုချလိုက်သည်။ ၎င်းပြင် နတ်သြဇာပင်စိမ်းစေ့များကိုလည်း မျိုချလိုက်သည်။

လမ်းခုလတ်တွင် ဒေါက်ခဲသည် ချောင်းတစ်ခုအနီး၌ ဝမ်းနာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကျင်ကြီးစွန့်ပြီး ဖရဲစေ့များကို ဆေးကြော၍ ပြန်ယူထားလိုက်သည်။ ဟုပါရှိသည်။)

၎င်းနောက် တရုတ်မင်းသည် ဒေါက်ခဲလက်တွင် မွန်ဘုရင် သီရိဂန္ဓာမင်းအား ပေးရန် သုဝဏ္ဏလိပ်ပြန်စာတစ်စောင်ကို ပေးအပ်လိုက်ရ..

"အကြည်တော် သီရိဂန္ဓာမင်း၊ အကြည်တော်စေလွှတ်လိုက်သောသူကို ကျွန်ုပ်မသတ်နိုင်ပါ၊ အပြစ်မရှိသောသူကိုသတ်လျှင် ကျွန်ုပ် အားတစ်တိုင်းပြည်လုံးက ကဲ့ရဲ့ကြလိမ့်မည်၊ သူမှာ နည်းနည်းမျှ အပြစ်မရှိကြောင်း ကျွန်ုပ်သိရှိရပြီ၊ ထို့ကြောင့် သူ့ကို မသတ်ဘဲ အကြည်တော်ထံ ပြန်လွှတ်လိုက်ပါသည်။" ဟူသော အဓိပ္ပာယ်များပါရှိသည်။

နောက်တစ်လခန့်ကြာသော် ဒေါက်ခဲသည် ဂန္ဓာဝါသနေပြည်တော်သို့ ပြန်ရောက်သည်နှင့် တစ်ပြိုင်နက် သီရိဂန္ဓာမင်းအား ချက်ချင်းဖူးတွေ့၍ တရုတ်မင်း၏ သုဝဏ္ဏလိပ်ပြန်စာကို ပေးဆက်လေတော့သည်။ အမတ်ကြီး ၄-ယောက်နှင့် မောင်းမငယ် ၅-ယောက်တို့ကား အထူးမျက်နှာပျက်ကုန်ကြသည်။

မွန်မင်းလည်း ပရိသတ်ဗိုလ်ပုံအလယ်တွင် အသက်မသေဘဲ ပြန်ရောက်လာသော ဒေါက်ခဲအား အံ့ဩစွာ ရှုစားရင်း တရုတ်မင်း၏ သုဝဏ္ဏလိပ်ပြန်စာကို တရုတ်စာတတ် ပညာရှိတစ်ဦးအား ဖတ်စေရာမှ ဒေါက်ခဲတွင် အပြစ်မရှိကြောင်း တွေ့ရတော့သည်။ သို့နှင့်အမျှ ပြုံးရွှင် သောရာဇရုပ်သွင်ဖြင့် . .

"ဟော့. . . ဒေါက်ခဲ၊ မင်းမှာ အပြစ်မရှိကြောင်း သိရလို့ ငါ အများကြီး ဝမ်းသာတော်မူတယ်"

"မှန်လှပါ"

"မင်း တရုတ်ပြည်ကို သေသေချာချာ ရောက်ခဲ့ရဲ့လား"

"ရောက်ခဲ့ပါတယ်ဘုရား၊ တရုတ်မင်း၏ သုဝဏ္ဏလိပ်ပြန်စာကို



www.burmeseclassic.com

www.burmeseclassic.com



ဆတ်သပြီးပြီ မဟုတ်ပါလားဘုရား"

"အေး. . . ဒါဖြင့် မင်း တရုတ်ဘုရင်ကို ဖူးတွေ့ခဲ့ရတာပေ့ါ"

"ဖူးတွေ့ခဲ့ရပါတယ် ဘုရား"

"ဒီလိုဆိုရင် တရုတ်ဘုရင်ရဲ့မျက်နှာဟာ ဘယ်လိုနေပါသလဲ"

"မှန်လှပါ. . . လျှောက်ရမှာ အလွန်ကြောက်ပါတယ်ဘုရား"

"မကြောက်ပါနဲ့. . . ဟုတ်မှန်တဲ့အတိုင်း ရဲရဲကြီး လျှောက်ပါ၊ ပြုပါ"

သည်တွင် ဒေါက်ခဲသည် မတ်တတ်ထရပ်လိုက်ပြီးလျှင်. . .

"အရှင်ဘုရား တရုတ်မင်းရဲ့ မျက်နှာဟာ ဟောဒီလိုပါပဲဘုရား"

ဟု လျှောက်ထားရင်း မိမိလုံချည်ကိုလှန်ပြီး ဖင်ကုန်းပြလိုက်တော့သည်။

(ဘားနတ်မူတွင် - ဖင်ကုန်းပြသည်ဟု မပါရှိ။ ခြေကျဉ်းဝတ် တစ်ဖက်ကိုကိုင်ပြီး အပေါ်သို့ ကွေးတင်၍ အင်္ကျီဖုတ်ကို လှစ်ပြလိုက် တော့သည်ဟု ပါရှိသည်။)

သည်ကိုမြင်သော ပရိသတ်ကြီးသည် ဟက်ဟက်ပက်ပက် ရယ်ချင်ကြငြားလည်း ဘုရင်၏ အမျက်တော်ရှမည်စိုးသောကြောင့် အောင့်အည်းမျိုသိပ်၍ နေလိုက်ကြရတော့သည်။

သီရိဂန္ဓာမင်းကား လွန်စွာမှပင် အရှက်တော်ပွားလေတော့ သည်။ သို့ရာတွင် တရုတ်မင်းသော်မှ မသတ်ဘဲ ပြန်လွှတ်လိုက်သော ဒေါက်ခဲအား ဒေါသအလျောက် ချက်ချင်းသတ်လိုက်လျှင် ပြည်ထောင် မင်းအပေါင်းတို့သည် မိမိအား လွန်စွာကဲ့ရဲ့ကြလိမ့်မည်ဟု အထူးထိတ် လန့်တော်မူမိသည်နှင့်အမျှ. . .

"ဟေ့. . . ခွေးမသား. . . လူယုတ်မာ၊ မင်းဟာ ငါ့မျက်နှာ တော်ကိုမှ မထောက်ထား၊ ယခုထိ ပမာမခန့် မထီလေးစားနဲ့ ထင်ရာလုပ် ပြပြီး ငါ့ကိုအရှက်ခွဲတယ်၊ မင်းကို ငါ့ထံမှာ ခစားစေလို့ အကျိုးမရှိတော့ဘူး"

"အရှင်ဘုရားကို အစကတည်းက ကျွန်တော်မျိုး လျှောက်ထား ခဲ့ပါတယ်၊ တရုတ်ဘုရင်ရဲ့ မျက်နှာပုံပန်းကို ပြောရမှာ ကြောက်ပါတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ကြားခဲ့ပါတယ်၊ အရှင်ဘုရားက မကြောက်ပါနဲ့၊ ဟုတ်မှန်တဲ့ အတိုင်း ရဲရဲဝံ့ဝံ့ လျှောက်သာလျှောက်ပါ။ ပြပါလို့ အမိန့်ရှိတယ်မဟုတ်လား၊ ကျွန်တော်မျိုးက ဟုတ်မှန်တဲ့အတိုင်း ပုံသဏ္ဌာန်လုပ်ပြလိုက်ခြင်းဖြစ်ပါတယ်"

"ခွေးမသား. . . မင်းကို ငါက ယဉ်ကျေးတဲ့ အမူအရာတွေကို ပြမယ်ထင်ပြီး လျှောက်ခွင့်ပြုခွင့်ပေးခဲ့တာမှန်တယ်. . . အခုတော့ မင်း ငါ့ကို ဇင်ကုန်းပြလိုက်တယ်၊ ကောင်းနိုင်သေးရဲ့လား၊ မင်း အခုချက်ချင်း နန်းတော်ထဲက လွှက်သွားလိုက်ပေတော့၊ မင်းကို ငါမလိုချင်တော့ဘူး၊ မင်းမျက်နှာကို ငါ မကြည့်ချင်တော့ဘူး. . ."

*



www.burmeseclassic.com

www.burmeseclassic.com

# သေခြင်းရောဂါဆိုး

ဒေါက်ခဲသည် ဘိုးရင်နှင့်ထုတ်လိုက်သည့်အတွက် နန်းတော်တွင်းမှ ထွက်ခွာလာရပြီးနောက် မိမိ၏ မိခင်အိမ်သို့ ပြန်သွားပြီးလျှင် မိခင်နှင့်အတူနေကာ ခြံဥယျာဉ် စိုက်ပျိုးစားသောက်လျက် နေရရှာတော့သည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏မိခင်အား ယခင်က မိမိပို့ထားသော ရွှေငွေများမှာ ဓားပြတိုက်ခံရ၍ ကုန်ဆုံးပြီဖြစ်သောကြောင့်တည်း။

သစ်ပင်၊ ဟင်းရွက်ပင်နှင့် ပန်းပင်များအပြင် တရုတ်မင်းထံမှ ရရှိခဲ့သော ဖရဲစေ့ကို စိုက်ပျိုးလျက် နေထိုင်တော့သည်။ ဟင်းသီးဟင်းရွက်နှင့် အထူးသဖြင့် ဖရဲသီးများမှာ လွန်စွာအရသာထူးသောကြောင့် လွန်စွာနာမည်ထွက်လာပြီး ဝယ်ယူစားသောက်သူ များလာတော့သည်။

သို့ရာတွင် ဒေါက်ခဲ၏မိခင်သည် လင်သေပြီးကတည်းက လောကဓံတရား၏ နှိပ်စက်မှုကို အလူးအလဲခံစားလာရသည်နှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကိုယ်ခန္ဓာမအိမကျန်းနိုင်တော့ဘဲ ခေါင်းခဲဝေဒနာ စွဲကပ်လာပြီးလျှင် သေဆုံးသွားချေတော့သည်။ ဒေါက်ခဲမှာကား အားကိုးရာမဲ့ဘဝသို့ ရောက်ရရှာသဖြင့် ငိုကြွေး၍ မဆုံးနိုင်အောင်ပင် ပရိဒေဝမီးလောင်မြိုက်ခြင်း ခံရရှာတော့သည်။

မိခင်ဆုံး၍ ၇-ရက်ကြာသော် ဒေါက်ခဲသည် သံဃာများကို ပင့်ဖိတ်ကာ ရက်လည်ဆွမ်း ကျွေးလေသည်။ သို့သော်လည်း မိခင်အား လွမ်းဆွတ်ရသောစိတ်သည် တစ်နေ့ထက်တစ်နေ့ ပြေပျောက်သည်မရှိဘဲ နှိပ်စက်ညှဉ်းပန်းလေတော့ရာ ဒေါက်ခဲမှာ စိတ္တဇဝေဒနာ စွဲကပ်လာသည်နှင့်အမျှ စားမဝင်အိပ်မပျော်နိုင်တော့ဘဲ တစ်နေ့တခြား ပိန်ချုံးအားနည်းလာတော့သည်။

သို့နှင့်အမျှ ဒေါက်ခဲသည် မိမိမကြာမီ သေရမည်ကို တွေးဆသိရှိသောအခါ မိမိအား နှိပ်စက်ခဲ့သည့် ဘုရင်အပေါ်တွင် မသေမီ အရွဲ့တိုက်သွားလိုစိတ်သည် တားမနိုင်ဆီးမရ ပေါ်ပေါက်လာတော့သဖြင့် မိမိအား လာရောက်ကြည့်ရှုသူများအား. . .

"ငါမကြာခင် သေရတော့မယ်၊ ငါမသေခင် ကျေးဇူးရှင် ဘုရင်မင်းမြတ်ကို လွန်စွာအဖိုးတန်လှသော ဩဝါဒစကားထူးတစ်ရပ် သံတော်ဦးတင်ဆက်သွားချင်တယ်" ဟု ပြောဆိုနေတော့သည်။

ထိုသတင်းကို ကြားရသောဘုရင်သည် တစ်နေ့သော် ဒေါက်ခဲထံသို့ ကြွရောက်လာတော်မူသည်။

"ဟေ့. . . ဒေါက်ခဲ၊ မင်းမသေခင် ငါ့ကို လွန်စွာအဖိုးထိုက်တန်တဲ့ ဩဝါဒစကားထူးတစ်ရပ် တင်ဆက်ချင်ကြောင်း ငါကြားသိတော်မူတယ်. . . မှန်ပါသလား"

"မှန်ပါတယ်ဘုရား. . .၊ အင်မတန် အဖိုးတန်တဲ့ဩဝါဒဖြစ် ပါတယ်ဘုရား၊ ဒီလို အဖိုးတန်လွန်းတဲ့အတွက် တခြားသူတွေကို မကြား စေဘဲ အရှင်ဘုရား တစ်ပါးတည်းကိုသာ သံတော်ဦးတင်ဆက်ချင်လို့ ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တခြားသူများ မကြားရအောင် ကျွန်တော်မျိုးရဲ့ ပါးစပ် အဝမှာ အရှင်ဘုရားရဲ့ ညာဘက်နားကို လာပြီးတပ်ထားပါဘုရား၊ ကျွန် တော်မျိုး တိုးတိုး သံတော်ဦးတင်ဆက်ပါရစေဘုရား"

ဘုရင်လည်း အဟုတ်ထင်မှတ်ကာ မိမိ၏ ညာဘက်နားကို ဒေါက်ခဲ၏ပါးစပ်အဝတွင် လာရောက်ကပ်ထားရင်း ဒေါက်ခဲ၏အဖိုးတန် ဩဝါဒစကားကို နားစွင့်လျက် နေတော်မူတော့သည်။ သည်တွင် ဒေါက်ခဲက အသံတိုးတိုးဖြင့် . . .

"အရှင်ဘုရား . . . ငါးပြေမကို တံစို့ထိုးပြီး ကင်ပါ၊ ကျက်ရင် ညက်အောင်ဝါးပြီး ပွဲတော်တည်ပါ၊ အုန်းသီးထက် အရသာ ထူးပါလိမ့် မယ် ဘုရား" ဟု ရွှေနားတော် လျှောက်ကြားလိုက်တော့သည်။

(ဘားနတ်မူတွင် - ငါးပြေမခေါင်းကို ကင်ပြီး ညက်အောင်ဝါး စားလျှင် အုန်းသီးနှစ်ဆမျှ ဆိမ့်လိမ့်မည်ဟု ပါရှိသည်။)

ဘုရင်လည်း သည်တော့မှ ဒေါက်ခဲ မိမိအား တမင်ခေါ်ပြီး အရှက်ခွဲကြောင်း ရိပ်မိသိရှိကာ အမတ်များမေးသည်ကိုပင် ပြန်လည် မိန့်မြွက်ခြင်းမပြုဘဲ ရှက်ရှက်နှင့်ပင် နန်းတော်သို့ ပြန်ကြွသွားတော့သည်။

ဒေါက်ခဲသည် ခံစားနေရသော ဝေဒနာ တစ်နေ့တခြား တိုးတက် လာပြီးလျှင် နောက် ၅-ရက်ခန့်အကြာတွင် သေဆုံးသွားတော့သည်။ ရှေးက ဒေါက်ခဲပြုခဲ့ဖူးသော ကျေးဇူးများကို ပြန်လည်အောက်မေ့ သတိရ သဖြင့် ဘုရင်နှင့်တကွ ဂန္ဓောဝါသနေပြည်တော်ရှိ လူအပေါင်းတို့သည် ဒေါက်ခဲအား သင်္ချိုင်းသို့ ခမ်းနားစွာ ပို့ဆောင်သဂြိုဟ်လိုက်ကြတော့၏။

ဣသာ



www.burmeseclassic.com